The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 4
တနင်္လာနေ့တိုင်းထုတ်ဝေသည်
January 25 , 2016




# အခြေခံစားကုန်များ ဘယ်ဈေးဖြစ်ရင် အစိုးရက ဝင်ရောက်ထိန်းသိမ်းသင့်ပါသလဲ

မျိုးသူ (DTP)

၁၈

ဝက်လက်မြို့နယ်မှ ရွှေဘိုပေါ်ဆန်း (ဘေးကြား) စပါးစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရတာကြောင့် စပါးစိုက်တောင်သူများအဆင်ပြေ

၄

မြန်မာဖရဲများ တရုတ်နိုင်ငံတွင် ဈေးကောင်းရ

၁၆

နိုင်ငံတကာသို့ပါ သယ်ဆောင်အသုံးပြု၍ရသည့် Union Pay-MPU Co-Brand Debit Card အား အေဂျီဒီဘဏ်က စတင်မိတ်ဆက်

၂၂



(၆၄) နှစ်မြောက် ကယားပြည်နယ်နေ့နှင့် ဘူ့အကြောင်းကိုယ့်အကြောင်း

၁၂

# MYANMAR KAIDO CO., LTD.

YOUR MOST RELIABLE PARTNER




| | | |
|---|---|---|
| Head Office | : | No. 242/ 243, Di Pe Yinn Won Htauk U Mye Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Tsp, Yangon, Myanmar.<br>Tel : (+95-1) 613 868, 613 869, 613 657, 617 009, 617 010<br>E-mail : bddhq@myanmarkaido.com |
| Yangon Branch | : | No.1 (A), Bayintnaung Road, Aye Yeik Mon Housing, Ward-4, Hlaing Tsp, Yangon.<br>Tel : (+95-1) - 681 660~662, 683 513, 682 189, 682 345, Fax : (+95-1) – 680 722 |
| Mandalay Branch | : | No. Nga-7/8, Yangon-Mandalay Road, Between Kywe Sei Kan Street 1st & 2nd, Pyigyitagon Tsp, Mandalay, Myanmar.<br>Tel : (+92-2) – 703 30, 363 20, 235 43,599 59, Fax : (+95-2) – 703 30 |
| Nay Pyi Taw Branch | : | No-171, Thiri Yadanar Shopping Complex, Nay Pyi Taw, Myanmar.<br>Tel : (+95-67) – 421 759,421 729, Fax : (+95-67) -421 259 |
| Website | : | www.myanmarkaido.com |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မူဆယ်ဗဟိုစီးပွားရေးဇုန် (CBD) လမ်းမကြီးနှင့် နိုင်ငံတကာအဆင့်မီ မင်္ဂလာမူဆယ် လမ်းလျှောက်ဈေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၊ ဗဟိုစီးပွားရေးဇုန်မုခ်ဦး၌ ကျင်းပပြုလုပ်သော မူဆယ်ဗဟိုစီးပွားရေးဇုန် (CBD) လမ်းမကြီးနှင့် နိုင်ငံတကာအဆင့်မီ မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မူဆယ်ဗဟိုစီးပွားရေးဇုန် (CBD) လမ်းမကြီးနှင့် နိုင်ငံတကာအဆင့်မီ မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးမုခ်ဦးအား ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသလုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးစီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးအောင်ထွန်းနှင့် ဦးထွန်းဇော်တို့က မုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တက်ရောက်လာကြသော အထူးဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ အသီးသီးပက်ဖျန်းကြပြီး မင်္ဂလာမူဆယ် အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး နံနက် ၁၁ နာရီတွင် မူဆယ်စီးပွားရေးဇုန် (CBD) ခန်းမတွင် ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ချွင့်ချန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဂါရဝပြုလာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ကိုရီးယားနိုင်ငံ၊ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA) မှ Executive Vice President Mr. Yun Wonsok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဇန်နဝါရီ ၁၉ ရက်တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကိုရီးယားနိုင်ငံ၊ ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီမှ Executive Vice President ဖြစ်သူ Mr. Yun Wonsok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။



အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYAN-TRADE) ဖွဲ့စည်းတည်ထောင်ရေး အတွက် အကောင်အထည်ဖော်ရာတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းတို့အပါအဝင် e-commerce ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ သွားရောက်ပြသနိုင်ရေးတို့နှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.4 Monday January 25 2016

# ဆန်သစ်များ ဈေးအနည်းငယ်တက်သော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဇန်နဝါရီလ ၂၂ ရက် ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေးကတော့ ထိပ်စတစ်အိတ် ၃၀၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၉၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် အသစ်ဈေး ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၀၀၀၀ ကျပ်နဲ့ နယ်စုံပေါ်ဆန်းဆန်သစ်ဈေး ထိပ်စတစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ထိပ်စတစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန်ဟောင်းများဖြစ်တဲ့ ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်နဲ့နယ်စုံတို့ရဲ့ ပေါ်ဆန်းဆန်ချောဈေးနှုန်းများ ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန်ဟောင်းက အဝယ်မလိုက်ဘဲ ဈေးငြိမ်နေပြီး ဒိုင်သို့လည်းအဝင်နည်းကြောင်း၊ ပေါ်ဆန်း ဆန်သစ်ဒိုင်သို့ အဝင်ပုံမှန်ရှိပြီး၊ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်အသစ်ဈေးကတော့ ထိပ်စ တစ်အိတ် ၂၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၁၀၀၀ ကျပ်၊ မနောသုခသစ်ရှယ် ဈေးနှုန်းက ၂၂၀၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်ဈေးဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စနဲ့ လတ်စ တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးမြင့်လာပါတယ်။ ဆန်ကြမ်းအဝင်နည်းပြီး အရောင်းအဝယ်ပုံမှန်နဲ့ ခပ်အေးအေးသာသွားနေကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ ဇန်နဝါရီ ၂၂ ရက်ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီ၊ စူပါ၊ ဆန်ဈေးနှုန်းမှာ တစ်ယွမ်ခန့် တက်လာပြီး၊ ဧည့်မထ ၅ မှတ် မနောသုခ ဆန်ဈေးနှုန်းမှာ တစ်ယွမ်ခန့် ဈေးကျကြောင်း၊ ကျန်ဆန်များမှာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေကာ အရောင်းအဝယ် အနည်းငယ်အေးနေတယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂၂ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၆ ကျပ်ဖြစ်ကြောင်း၊ ဒီတစ်ပတ် ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်ပျမ်းမျှ ၁၀၀၀ ကျော် ၂၀၀၀ ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၉၀၇၇ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၄၂ ပိုမိုဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၁၅ ရက်ထိ တန်ချိန် ၉၀၆၅၂၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၂ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၇၁၆၀၈ ကျော်၊ လျော့နည်းတင်ပို့ခဲ့ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉ သန်းကျော်ဖိုးရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၀၇၂၅၁ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၅ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၁၅၁၆ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်ဖိုးရှိကြောင်း သိရပါတယ်။ **MIRT-YGN**

# ဝက်လက်မြို့နယ်မှ ရွှေဘိုပေါ်ဆန်း (ဘေးကြား) စပါးစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရတာကြောင့် စပါးစိုက်တောင်သူများအဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်ရှိစပါးစိုက်ခင်းများ ယခုအချိန်မှာ ရိတ်သိမ်းခြွေလှေ့နေပြီး အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရရှိနေလို့ စပါးစိုက်တောင်သူများ ဝမ်းမြောက်ပျော်ရွှင်နေကြောင်း သိရပါတယ်။

"ကျွန်တော်တို့ဒေသက စပါးစိုက်ခင်းတွေကို နတ်တော်လပြည့်ကျော်ထဲက စတင်ရိတ်သိမ်းကြတာပါ။ ကျွန်တော်က ဆည်ရေသောက်လယ်မြေ ၉ ဧကကျော် ၁၀ ဧကနီးပါးရှိပါတယ်။ တစ်ဧကကို တင်း ၉၀ လောက်ထွက်တယ်။ တချို့ဆို တင်း ၁၀၀ အထိထွက်ပါတယ်။ စပါးမျိုးက ရွှေဘိုပေါ်ဆန်း၊ ဒေသအခေါ် ရွှေဘိုဘေးကြား မျိုးတွေအစိုက်များပါတယ်။ စိုက်ပျိုးစရိတ်အနေနဲ့ မျိုးစေ့၊ မြေဆီ၊ ပိုးသတ်ဆေးအပါအဝင် အားလုံး ကျပ်သုံးသိန်းခန့် ကုန်ကျပါတယ်။

ရိတ်သိမ်းမှုအနေနဲ့ လူငှားရိတ်လည်း လယ်တစ်ဧကကို သုံးသောင်းကျော်လောက် ကုန်ကျတယ်။ စက်နဲ့ရိတ်လည်း အဲဒီလောက်ပဲကုန်ကျတဲ့အတွက် အချိန်ကုန်သက်သာပြီး၊ အလုပ်ရှုပ်သက်သာတဲ့စက်နဲ့ပဲ ငှားရိတ်ကြတာများပါတယ်။ ထွက်ရှိတဲ့စပါးတွေကို ရွှေဘိုဆန်စက်တွေက လာဝယ်ကြသလို တချို့လည်း ဆန် အဖြစ်ကြိတ်ခွဲရောင်းချခြင်းမပြုဘဲ ယခင်နှစ်ကလို တင်း ၁၀၀ ကို ၁၄၅၀၀၀၀ ကျပ်အထိရရှိခဲ့တာကို မျှော်ပြီး စပါးဝယ်ယူစုဆောင်းသိုလှောင်ကြတဲ့အတွက် စပါးလှိုင်လှိုင်ပေါ်နေပေမယ့် ဈေးတော့ မာနေပါတယ်။

ယခင်နှစ်ကပေါ်တဲ့ စပါးအဟောင်းကတော့ လက်ရှိပေါက်ဈေး ၁၂၅၀၀၀၀ ကျပ်ခန့်ရှိပါတယ်။ ယခုအသစ်ပေါက်ဈေး အနေနဲ့ကတော့ စက်ကျတင်း ၁၀၀ ကို ၉၅၀၀၀၀ ကျပ်ကနေ နေလှန်းသန့်စင်ပြီး ၁၀၀၀၀၀၀ ကျပ်အထိဈေးရှိပါတယ်။ ယခင်နှစ်က လယ်တွေပိုးကျပြီး စပါးမရကြဘူး။ တချို့ဆို လယ်တစ်ကွင်းလုံးမရိတ်လိုက်ရဘူး။ ဒီနှစ်မှာတော့ မနှစ်က အတွေ့အကြုံအရ တောင်သူတွေက ပိုးသတ်ဆေးတွေကြိုဖျန်းတယ်။ ကြိုတင်ကာကွယ်တယ်။ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေလည်းသုံးစွဲတဲ့အတွက် ပိုးမွှားကင်းစင်ပြီး စပါးအထွက်နှုန်းကောင်းတယ်။ ဈေးနှုန်းကလည်း မနှစ်ကထက် ၁၅၀၀၀၀ ကျပ်၊ ၂၀၀၀၀၀ ကျပ်လောက်ပိုရတော့ စပါးစိုက်တောင်သူတွေအတွက် အတော်လေး အဆင်ပြေနေပါတယ်"လို့ ဝက်လက်မြို့နယ် ပွင့်လှိုင်းကျေးရွာမှ စပါးစိုက်တောင်သူ ဦးမြင့်ရွှေက ပြောကြားပါတယ်။

စစ်ကိုင်းတိုင်း ဒေသကြီးက အထက်မြန်မာပြည်ရဲ့ စပါးကျီဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာအောင် ဆောင်ရွက်ရာမှာ အဓိကကျတဲ့ စပါးစိုက်ဒေသကတော့ ရွှေဘိုခရိုင်ဖြစ်ပါတယ်။ ရွှေဘိုခရိုင်ဟာ မိုးကောင်းသောက် (မိုးရွာရေ) လယ်မြေနဲ့ သဖန်းဆိပ်ဆည်ရေသောက်လယ်မြေ စုစုပေါင်းဧကငါးသိန်းကျော်ကို မိုးစပါးအဖြစ် စိုက်ပျိုးခဲ့ပြီး၊ ရွှေဘိုဘေးကြားစပါးဟာ စိုက်ဧကရဲ့ ထက်ဝက်ကျော်ရှိပါတယ်။ လာမယ့်နှစ်နွေစပါးကိုလည်း ဧကနှစ်သိန်းကျော်စိုက်ပျိုးရန် လျာထားလျက်ရှိပါတယ်။ ရွှေဘိုခရိုင်ရှိမြို့နယ်များရဲ့ စပါးထွက်ရှိမှုမှာလည်း ဝက်လက်မြို့နယ်ဟာ ထိပ်ဆုံးစာရင်းမှာ ပါဝင်လျက်ရှိကြောင်းသိရှိရပါတယ်။

**မျိုးထွန်း-ရွှေဘို**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၁ | ၃၇၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၆ | ၃၆၅ | ▽ | ၃၅၅ | ၃၅၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၇ | ၃၅၇ | □ | ၃၃၅ | ၃၄၀ | △ | ၃၂၅ | ၃၂၅ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၅၅ | ၃၆၀ | △ | - | - | - | ၃၅၅ | ၃၄၅ | ▽ | ၄၀၅ | ၄၀၅ | □ |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၁-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၅ | □ | ၄၈၀ | ၄၇၅ | ▽ | ၄၇၅ | ၄၇၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၅ | ၄၄၅ | ▽ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၁-၁-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | △ | ၂၁၀၀၀ | □ | ၇၁၇၆ | ▽ | ၂၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၄ | □ | ၂၁၅၀၀ | □ | ၆၈၃၄ | △ | ၂၉၀၀၀ | △ |
| ပဲခူး | ၅၁၀၀ | □ | ၁၉၅၀၀ | □ | ၆၂၀၀ | △ | ၂၇၀၀၀ | □ |
| ရွှေဘို | ၅၉၀၀ | △ | ၂၃၅၀၀ | □ | ၉၅၀၀ | △ | ၃၁၅၀၀ | □ |
| စစ်တွေ | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၇၀၀၀ | □ | ၂၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | △ | ၂၃၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | △ | ၂၁၀၀၀ | △ | - | - | ၂၇၅၀၀ | □ |
| မန္တလေး | ၆၄၀၀ | □ | ၂၄၅၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၂၅၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၁၉၀၀၀ | □ | ၆၁၀၀ | □ | ၂၃၀၀၀ | □ |
| လွိုင်ကော် | ၆၁၈၀ | □ | ၂၅၀၀၀ | △ | - | - | ၃၆၀၀၀ | ▽ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၃၀၀၀ | △ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | ▽ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပြည်ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးတာကြောင့် တွက်ခြေမကိုက်

ပြည်ဆန်စပါးရောင်းဝယ်ရေးတွင် ဇန်နဝါရီလ စတုတ္ထပတ်တွင် အရောင်းအဝယ်အေးပြီး တွက်ခြေမကိုက်တာကြောင့် ဆန်ကုန်သည်ပွဲစားများအလုပ်မဖြစ်ဘူးလို့ ဆိုပါတယ်။ ယခုသီတင်းပတ် နတ်တလင်း တောင်ပျံမွှေးစပါး (အချော) ကတော့ အရောင်းအဝယ်အေးပြီး စပါးဈေးတွေလည်း အနည်းငယ် ပြန်ကျလာပါတယ်။ စပါးဈေးတင်း ၁၀၀ (၄၆ ပေါင်ကိုက်) မှာ ၇၁၇၆၀၀ ကျပ်ထိ ပြန်ကျလာပြီး ဆန်တစ်အိတ်ကို ၂၈၀၀၀ ကျပ်နဲ့ ၂၉၀၀၀ ကျပ်တို့ဖြစ်နေပါတယ်။

ပြည်ဧည့်မထစပါးဈေးတွေကတော့ ဈေးမြောက်နေပြီး ဆန်ဈေးငြိမ်နေတာကြောင့် တွက်ခြေမကိုက်ဘဲ အရောင်းအဝယ်လည်းမဖြစ်ဘူးလို့ သိရပါတယ်။ ဧည့်မထစပါးတင်း ၁၀၀ (၄၆ ပေါင်ကိုက်) ၅၅၀၀၀၀ ကျပ်ဖြစ်ပြီး၊ ဆန်တစ်အိတ်ကို ဆင်းသွယ်လတ် ၂၄၀၀၀ ကျပ်၊ ရတနာတိုး ၂၁၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ နယ်သို့တင်ပို့မှုတွေမရှိဘဲ ဒေသတွင်း အရောင်းအဝယ်သာရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု | ၁၅/၁ | ၂၂/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | - | - | - | - | ၂၇၀၃ | - | ၃၀၂၅ | ၂၇၅၀ | ▼ | ၃၃၅၀ | ၃၀၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၅၇၀ | ၂၄၁၇ | ▼ | ၂၅၀၀ | - | - | ၂၅၁၀ | - | - | ၂၅၅၀ | ၂၄၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၉၃၀ | ၁၈၀၀ | ▼ | ၁၉၅၆ | ၂၀၀၉ | ▲ | ၁၈၂၆ | ၁၇၁၁ | ▼ | ၁၇၉၀ | ၁၇၆၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၇၅ | ၂၆၅၀ | ▼ | - | - | - | - | - | - | ၂၁၆၀ | ၂၀၀၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၄၅၀ | ၁၃၃၀ | ▼ | - | ၁၄၁၇ | - | ၁၄၆၅ | ၁၄၅၀ | ▼ | ၁၀၃၀ | ၁၀၃၀ | ■ |
| ၆ | ထောပတ်ပဲ | ၇၀၀ | ၆၉၅ | ▼ | ၁၂၄၄ | - | - | - | ၈၉၅ | - | ၇၀၀ | ၆၁၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၁-၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၄/၁ | ၂၁/၁ | ပြောင်းလဲမှု | ၁၄/၁ | ၂၁/၁ | ပြောင်းလဲမှု | ၁၄/၁ | ၂၁/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၇၀ | ၁၄၂၀ | ▼ | ၁၅၆၅ | ၁၅၄၃ | ▼ | ၁၄၄၆ | ၁၃၉၆ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၂၀ | ၁၂၀၀ | ▼ | ၁၃၄၁ | ၁၂၃၄ | ▼ | ၁၃၇၁ | ၁၂၃၄ | ▼ |
| ၃ | ပဲတီရွှေဝါ | ၉၃၀ | ၈၅၀ | ▼ | ၁၀၅၁ | ၉၉၉ | ▼ | ၁၀၇၃ | ၁၀၂၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၇၈ | ၆၄၃ | ▼ | ၇၁၅ | ၆၆၁ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁၊၁၊၁၆) မှ |
| | (၉၊၁၊၁၆)ထိ | (၁၆၊၁၊၁၆)ထိ | (၁၆၊၁၊၁၆) ထိ |
| မတ်ပဲ | ၁၀၇၀ | ၂၃၀၃ | ၄၃၉၆ |
| ပဲတီစိမ်း | ၃၈၀၅ | ၄၂၈၅ | ၁၃၀၃၀ |
| ပဲစင်းငုံ | ၂၉၇၄ | ၈၃၃၆ | ၁၆၈၇၃ |
| ကုလားပဲ | ၂၅ | ၁၄ | ၃၉ |
| ပဲလွန်းဖြူ | ၈၀ | ၈၄ | ၂၄၀ |
| မြေထောက်ပဲ | ၂၆ | ၁၁ | ၄၆ |



## ပခုက္ကူ ပဲစင်းငုံနီသစ်များ ဈေးကောင်းရလျက်ရှိ

ပခုက္ကူကုန်စည်ဒိုင်သို့ ပဲစင်းငုံနီသစ်များ ဒီဇင်ဘာနောက်ဆုံးပတ်နှင့် ဇန်နဝါရီ ပထမပတ်များတွင် စတင်ဝင်ရောက်ခဲ့ပြီဖြစ်ရာ အဖွင့်ဈေး တစ်တင်း ၄၅၀၀၀ ကျပ်ဖြင့် ဈေးစတင်ဖွင့်လှစ်ခဲ့ပြီး ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ၅၀၀၀၀ ကျပ်၊ ၁၃ ရက်တွင် ၅၀၉၀၀ ကျပ်၊ ၁၄ ရက်နေ့တွင် ၅၀၂၀၀ ကျပ်ဖြင့် တစ်နေ့ကို အိတ် ၂၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်ခဲ့ရာ ပြည်ပနိုင်ငံများရဲ့ ဝယ်လိုအားနဲ့အတူ တစ်တင်း ၅၁၀၀၀ ကျပ်ဈေးထိ မြင့်တက်ခဲ့ပြီး တစ်နေ့ကို အိတ်ရေ ၁၀၀၀ ထိအရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပဲစင်းငုံနီအဖွင့်ဈေးမှာ ၁၇၂၀၀ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပြီး ၂၄၆၀၀ ကျပ်ဖြင့် ပိတ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၃၀၀၀ ကျပ်ဖြင့် အဖွင့်ကိုစခဲ့ပြီး အပိတ်မှာတော့ ၄၁၄၀၀ ကျပ်ဈေးဖြင့် ပိတ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်တော့ ၄၅၀၀၀ ကျပ်ဖြင့် အဖွင့်လှခဲ့ပြီး ယခုအချိန်တွင် ၅၀၂၀၀ ကျပ်ဈေးဖြင့် ရှိနေတဲ့အတွက် ယခုနှစ် ပဲစင်းငုံနီစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရ၍ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရပါတယ်။


**ချယ်ရီမြင့်-ပခုက္ကူ**

## ပြည်ပဲပုပ်သစ်များ ဈေးတက်လာသော်လည်း အခြားပဲများထက် ဈေးလျော့နည်းခဲ့

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲပုပ်သစ်များ အဝင်ဆက်တိုက်ရှိလာလို့ တစ်ရက်ကို အိတ် ၅၀ မှ၁၀၀ ကျော်ထိ ဝင်ရောက်လာပြီဖြစ်ပါတယ်။ သို့သော်လည်း ဝယ်လိုအားအနေဖြင့် ဒေသတွင်းဝယ်လက်များမှ ဝယ်ယူနေတယ်လို့ သိရပါတယ်။ ပဲတစ်တင်းကို ၁၈၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်လည်း ဈေးအနည်းငယ်ပိုလာသလို ယခင်နှစ်က ဈေးထက်လည်း ဈေးပိုလာခဲ့ပါတယ်။ အခြားပဲများအားလုံးလိုလို ဈေးနှုန်းများ ၂၀၁၅ ခုနှစ်၊ နှစ်လယ်မှစ၍ ဈေးမြင့်တက်ခဲ့သော်လည်း ပဲပုပ်သီးနှံကတော့ ယခင်နှစ်ကရော ယခုနှစ်အတွင်းမှာပါ အခြားပဲများနှင့် ယှဉ်ရင်ဈေးအေးနေခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါ တယ်။

**ခင်ဆွေဝင်း-ပြည်**

## ဇန်နဝါရီလ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံသီးနှံသစ်များ အရောင်းအဝယ်အသွက်ဆုံးဖြစ်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေများကို လေ့လာကြည့်ပါက ပြည်ပ ဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံသစ်များ အဝင်ရှိနေလို့ အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့သော်လည်း မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်မှ စတင်ဝင်ရောက်ခြင်းဖြစ်ပြီး အိတ်အနည်းငယ်သာ ဝင်ရောက်သေးတဲ့အတွက် ရန်ကုန် ဝယ်လက်မှ စတင်ဝယ်ယူမှုရှိခဲ့ပေမယ့် တစ်ရက် အိတ် ၅၀ အောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲစင်းငုံနဲ့ ပဲတီစိမ်းသီးနှံမှာ ပဲအထွက် လှိုင်လာပြီဖြစ်လို့ အိတ် ရာကျော်ထိ ဝင်ရောက်ခဲ့ရာမှ ပဲစင်းငုံသီးနှံမှာ တစ်ရက် အိတ် ၂၀၀၀ ကျော် ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ပြည်ပဲ ဈေးကွက်မှာ အရောင်းအဝယ်အသွက်ဆုံး ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံက မန္တလေးဝယ်လက် အဝင်ရှိသလောက်ဝယ်ယူပြီး ပဲစင်းငုံနဲ့ မတ်ပဲကိုတော့ ရန်ကုန်ဝယ်လက်က ဝယ်ယူနေကြပါတယ်။ ပြည်ပဝယ်လက်ရဲ့ ပဲဈေးနှုန်းမှာတော့ မတ်ပဲသီးနှံက ဈေးအမြင့်ဆုံးရလျက်ရှိကာ တစ်တင်း ၅၉၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ တစ်တင်း ၄၉၅၀၀ ကျပ်ဖြင့် မတ်ပဲသီးနှံထက် တစ်တင်း ကျပ်တစ်သောင်းခန့် လျော့နည်းရရှိသလို ပဲတီစိမ်းသီးနှံတွေမှာ တစ်တင်း ၃၈၀၀၀ ကျပ်ခန့်သာရရှိလို့ ပြည်ပ ဝယ်လက်ပဲထဲမှာ ဈေးအနိမ့်ဆုံးရနေတာကို တွေ့ရပါတယ်။

မတ်ပဲနဲ့ ပဲစင်းငုံသီးနှံများမှာ ယခုနှစ်ပဲသစ်ပေါ်ချိန်က ဈေးကောင်းရခဲ့တာကို တွေ့ရသော်လည်း နှစ်စဉ်ဈေးနှုန်းကို ကြည့်ရင် ယခင်နှစ်များက ဈေးမကောင်းခဲ့ဘဲ ဈေးအေး ခဲ့တဲ့ သီးနှံများဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာ ယခုနှစ်တွင်သာ ၎င်းပဲများနဲ့ယှဉ်ရင် ဈေးလျော့နည်းရခဲ့သော်လည်း နှစ်စဉ် နှစ်တိုင်း ကျပ်သုံးသောင်းအထက်နဲ့ သုံးသောင်းဝန်းကျင် ရရှိခဲ့ပြီး ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့ပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲနဲ့ ပဲကြီး သီးနှံထဲမှာတော့ ပဲနှစ်မျိုးစလုံး ယခုနှစ်မှာ ဈေးကောင်းရတဲ့ နှစ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ တစ်တင်း ၄၃၀၀၀ ကျပ် ရရှိခဲ့သလို ပဲကြီးသီးနှံ (ရွှေကျွန်း) တစ်တင်း ၃၃၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် ရရှိခဲ့ပြီး ဒေသတွင်း ပဲကြော်ဖိုသမားများက ပုံမှန်ဝယ်ယူလျက် ရှိခဲ့ပါတယ်။ ကုလားပဲသီးနှံရဲ့ ယခင်နှစ်က နှစ်ဆန်းပိုင်းဈေးမှာ တစ်တင်း ၁၅၂၀၀ ကျပ်သာရရှိလို့ ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ကျပ် သုံးသောင်းနီးပါးဈေးပိုရခဲ့သလို ပဲကြီးသီးနှံ ယခင်နှစ်ဈေး မှာ တစ်တင်း ၂၃၀၀၀ ကျပ်သာ ရရှိပြီး၊ ယခုနှစ်မှာ တစ်တင်း ကျပ်သုံးသောင်းနဲ့ သုံးသောင်းအထက်ရရှိလာလို့ ဈေးကောင်း ရခဲ့သော်လည်း ယခုချိန်ထိတော့ ပဲဟောင်းလက်ကျန်များ နဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါ တယ်။

ပဲလွန်းဖြူသစ်များလည်း အဝင်ဆက်ရှိနေပြီး တစ်တင်း ၂၈၅၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်ထိ ရရှိနေလို့ ဈေးကောင်းနေ သလို ယခင်နှစ်က ဈေးထက်လည်း ကျပ်တစ်သောင်းကျော်ပိုရ ရှိခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ လက်လီသာအဝယ်ရှိလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကာ လက်ကား သမား အဝယ်ပါးနေတယ်လို့ သိရပါတယ်။ ယခု ဇန်နဝါရီလ အတွင်း ပဲသစ်ရော၊ ပဲဟောင်းများပါ အရောင်းအဝယ်ဖြစ် လျက်ရှိရာတွင် ပဲသစ်များအနက် ပဲစင်းငုံသီးနှံအရောင်း အဝယ်အသွက်ဆုံးဖြစ်ခဲ့ပြီး၊ ပဲဟောင်းထဲမှာတော့ ပဲကြီးသီးနှံ အရောင်းအဝယ်သွက်လျက်ရှိကာ အခြားပဲများကတော့ ပုံမှန် ရောင်းဝယ်မှုရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်လက်လီသာအဝယ်ရှိပေမယ့် ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ ဝင်ရောက်လျက်ရှိရာ ဘိုကိတ်ပဲသီးနှံကလည်း ဆက်လက်အဝင်ရှိခဲ့ပြီး အိတ် ၂၀ နီးပါး နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ ရွှေတောင်၊ ပန်းတောင်းဖက်မှ ဝင်ရောက်ပြီး အဝယ်အနေဖြင့် လက်လီသာ အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကတော့ ယခုတစ်ပတ်မှာ တစ်တင်း ၅၀၀ ကျပ်ခန့်ဈေးပိုရလာလို့ တစ်တင်း ၃၅၅၀၀ ကျပ်ရလျက်ရှိ ကာ ပဲသစ်ပေါ်စအချိန် ဈေးထက်လည်း ဈေးမြင့်တက်နေတာကို တွေ့ရပါတယ်။ ယခုနှစ် ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ၃၂၀၀၀ ကျပ်ခန့်ရရှိခဲ့ပြီး ယခင်နှစ်က ပဲသစ်ဈေးကတော့ တစ်တင်း ၁၅၀၀၀ ကျပ်ခန့်သာ ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်-ပြည်**

# ဇန်နဝါရီလ တတိယပတ်အတွင်း မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ နှမ်းနဲ့ မြေပဲတို့ရဲ့ ဈေးနှုန်းဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ်လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများအနက် ယခုတစ်ပတ် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ တတိယအပတ်)မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲမျိုးစုံနဲ့ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းများမှာ -

တစ်ပိဿာဈေး-ကျပ်

| သီးနှံအမည် | ၂၁. ၁. ၂၀၁၆ | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၉၅၆ | ၂၀၂၇ |
| ပဲလွန်းဖြူ | ၁၄၁၇ | ၁၄၆၇ |
| ပဲကြီး | - | ၁၆၂၉ |
| ပဲကြား | ၆၈၈ | ၇၇၈ |
| ပဲပုပ် (ရှမ်း) | ၉၃၉ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | ၉၂၀ | ၉၅၈ |
| ပဲယင်း | ၈၆၇ | ၈၈၃ |
| ထောပတ်ပဲ(သေး) | ၆၉၃ | ၇၁၁ |
| မတ်ပဲ | - | ၂၈၃၃ |
| နှမ်းဖြူ | ၂၀၄၄ | ၂၁၅၆ |
| နှမ်းညို | ၁၆၆၇ | ၁၇၇၈ |
| နှမ်းနက် | ၃၀၀၀ | ၃၄၄၄ |
| နှမ်းနက် (စမုံ) | ၄၀၀၀ | ၄၂၂၂ |
| ပန်းနှမ်း | - | ၂၀၀၀ |
| မြေပဲဆန်(S 1 လုံးဆန်) | ၂၆၅၀ | ၂၇၀၀ |

ပြည်ပ (တရုတ်)ဝယ်လက်ပုံမှန်ရှိနေတဲ့ ပဲတီစိမ်းကြီး ယခုအပတ်မှာ တစ်ပိဿာ ၂၀၂၇ ကျပ် (တစ်တန် ၁၂၄၁၃၁၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ကျော်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၄၆၇ ကျပ် (တစ်တန် ၈၉၈၃၇၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၅၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၆၂၉ ကျပ် (တစ်တန် ၉၉၇၅၈၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲကြား တစ်ပိဿာ ၇၇၈ ကျပ် (တစ်တန် ၄၇၆၄၃၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၅၈ ကျပ် (တစ်တန် ၅၈၆၆၇၀ ကျပ်)နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၅၀ ခန့်၊ ထောပတ်ပဲ(သေး) တစ်ပိဿာ ၇၁၁ ကျပ်(တစ်တန် ၄၃၅၄၀၉ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ မတ်ပဲ တစ်ပိဿာ ၂၈၃၃ ကျပ် (တစ်တန် ၁၇၃၄၉၀၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲဆန်များရဲ့ ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၁၅၆ ကျပ် (တစ်တန် ၁၃၂၀၃၁၃ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၄၄၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၂၂၂ ကျပ် (တစ်တန် ၂၅၈၅၁၁ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ အဆိုပါနှမ်း ၅ မျိုး နေ့စဉ်သုံးတင်းအိတ် ၂၅၀၀ ကျော်၊ မြေပဲဆန် ( ၁ လုံးဆန်)တစ်ပိဿာ ၂၇၀၀ ကျပ် (တစ်တန် ၁၆၅၃၄၅၃ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံအများစုမှာ ၆၅ ရာခိုင်နှုန်းကျော်က တရုတ်ဈေးကွက်ကို အားပြုနေကြောင်း၊ ကျန်တဲ့ ၃၅ ရာခိုင်နှုန်းကတော့ ပြည်တွင်း ဈေးကွက်နဲ့ ရန်ကုန် (အိန္ဒိယသို့ တင်ပို့မည့်ကုန်စည်) ဝယ်လက်များက ဝယ်ယူလျက်ရှိကြောင်း၊ တရုတ်ဝယ်လက်မှ ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်ကို အဓိကထားဝယ်ယူမှုရှိကြောင်း၊ ဝယ်လိုအားရှိနေတဲ့အတွက် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းမှာလည်း တစ်ပတ်နဲ့ တစ်ပတ် ဈေးနှုန်းကွာဟမှုကျဉ်းမြောင်းကြောင်း၊ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ မတ်ပဲမှာ အိန္ဒိယအဆွဲအေးတဲ့အတွက် ဈေးလည်းအေးသွားကြောင်း ယခုတစ်ပတ်အတွင်း ပဲမျိုးစုံနဲ့ နှမ်းရောင်စုံတို့ရဲ့ ဈေးအနည်းငယ်အေးပေမယ့် ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလတတိယပတ် ပဲဈေးကွက်အရောင်းအဝယ်သွက်ပေမယ့် ဈေးကျလာ

မုံရွာကုန်စည်ဒိုင်ရဲ့ ဇန်နဝါရီလ တတိယပတ်ပဲဈေးကွက်မှာ Export ပဲတွေဖြစ်ကြတဲ့ ငုံနီ၊ ပဲတီစိမ်းနဲ့ မတ်ပဲတို့ အရောင်းအဝယ်သွက်ပေမယ့် ဈေးအနည်းငယ်ကျခဲ့တာတွေ့ရပါတယ်။

အထူးသဖြင့် ပဲတီစိမ်းဈေးကွက်မှာ စိမ်းကြီးဟာ တစ်တင်း ၃၅၅၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ရာမှ ယခုတစ်ပတ်အတွင်း ၃၂၀၀၀ ကျပ်အထိလည်းကောင်း၊ စိမ်းသေး တစ်တင်း ၃၇၅၀၀ ကျပ်အမြင့်ဆုံးပေါက်ခဲ့ရာမှ ယခုတစ်ပတ်အတွင်း ၃၃၅၀၀ ကျပ်အထိလည်းကောင်း၊ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက်ရောင်းဝယ်မှု အနေဖြင့် စိမ်းကြီး အိတ် ၅၀၀ မှ ၇၀၀၊ စိမ်းသေးအိတ် ၇၀၀ အသီးသီးဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာလည်း အမြင့်ဆုံးတစ်တင်း ၅၀၉၀၀ ကျပ်ပေါက်ခဲ့ရာမှ လောလောဆယ် တစ်တင်း ၄၇၈၀၀ ကျပ်အထိ ဈေးအနိမ့်ဆုံးကျလာခဲ့ပြီး၊ တစ်ရက်အိတ် ၇၀၀၀ မှ အိတ် ၁၀၀၀၀ ကြား အရောင်း အဝယ်ဖြစ်နိုင်တယ်လို့ ပွဲရုံနဲ့ကုန်သည်ရပ်ကွက်က ဆိုပါတယ်။ Export အတွက် မန္တလေးနဲ့ရန်ကုန်ဝယ်လက်ရှိတဲ့ မတ်ပဲဈေးကွက်အနေနဲ့လည်း ယခုတစ်ပတ်ထဲမှာ တစ်တင်း ၆၀၅၀၀ ကျပ်အထိ အမြင့်ဆုံးဖြစ်ပေါ်ခဲ့တဲ့ပေါက်ဈေးမှာ ယခုရက်အတွင်း တစ်တင်း ၅၅၅၀၀ ကျပ်ထိ ကျဆင်းသွားပြီး တစ်ရက် အိတ် ၇၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဈေးကွက်က သိရပါတယ်။

ဒေသသုံးဝယ်လိုအားရှိပေမယ့် စားသုံးသူက အဟောင်းထက် ပဲသစ်ကိုသာ ဝယ်လိုအား မြင့်တက်နေတာကြောင့် စွန်တာနီအသစ် တစ်တင်း ၂၀၅၀၀ ကျပ်နဲ့ ပဲနီလုံးကြား အသစ်တစ်တင်း ၂၂၀၀၀ ကျပ်အထိ ဈေးကောင်း ရနေပြီး အရောင်းအဝယ်သွက်နေပါတယ်။ ပဲဟောင်းတွေဝယ်လိုအားလျော့လာလို့ စွန်တာနီတစ်တင်း ၁၈၀၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၈၅၀၀ ကျပ်နဲ့ အရောင်းအဝယ်အားနည်းခဲ့တယ်လို့ ပွဲရုံတွေကဆိုပါတယ်။

ပဲလွန်းဈေးကွက်မှာတော့ ယခင်နှစ်ဈေးကွက်နဲ့မတူဘဲ ပဲလွန်းပြာက တစ်တင်း ၃၁၀၀၀ ကျပ်နဲ့ ဈေးပိုရကာလွန်းဖြူကတော့ တစ်တင်း ၂၉၀၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်းမှာ ကုလားပဲအသစ်ပေါ်စပြုပြီး ဒိုင်ကိုပဲအဝင်အနည်းငယ်ရှိခဲ့ရာ 929 အသစ်တစ်တင်း ၃၄၀၀၀ ကျပ်နဲ့ ကုလားပဲဖြူ လုံးကြီးတစ်တင်း ၃၃၀၀၀ ကျပ် အသီးသီးဈေးဖွင့်ခဲ့ရာ ဝင်သမျှအရောင်းအဝယ်ဖြစ်တယ်လို့ မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# ပြည်စားတော်ပဲ ယခင်နှစ်က နှစ်ဆန်းပိုင်းဈေးထက် နှစ်ဆနီးပါးမြင့်တက်ခဲ့

ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ အရောင်းအဝယ်သွက်သလို ဈေးကောင်းရနေပါတယ်။ ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံ များမှာ ဈေးကောင်းခဲ့သလို အရောင်းအဝယ် သွက်နေပေမယ့် လက်လီသာ အဝယ်ရှိလို့ ဒေသတွင်းသာ အိတ်အနည်းငယ် နေ့စဉ်ပုံမှန် အရောင်းအဝယ် ဖြစ်နေတဲ့ ပဲထဲမှာတော့ စားတော်ပဲသီးနှံ ဟာ ဈေးကောင်းရနေတာကို တွေ့ရပါတယ်။

တစ်တင်းကို ၄၀၀၀၀ ကျပ်ဖြင့် ယခုနှစ်ဆန်းမှာ ဈေးကောင်းဆက်ရနေပြီး ယခင်နှစ်က နှစ်ဆန်းဈေးထက်လည်း နှစ်ဆနီးပါး ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ် နှစ်ဆန်းက စားတော်ပဲသီးနှံရဲ့ ဈေးနှုန်းမှာ တစ်တင်း ၂၅၀၀၀ ကျပ်သာရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ရွှေဘိုကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံနီ/ဖြူ ဆက်လက်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ရွှေဘိုကုန်စည်ဒိုင်ဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ ပဲစင်းငုံသီးနှံများ ဆက်တိုက်ဝင်ရောက်နေခြင်းဖြစ်သလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူလျက်ရှိတာကြောင့် ငုံနီတစ်တင်း အနိမ့်ဈေး ၄၈၀၀၀ ကျပ်၊ အမြင့်ဈေး ၄၉၇၀၀ကျပ်၊ ငုံဖြူ တစ်တင်း အနိမ့်ဈေး ၄၈၇၀၀ ကျပ်၊ အမြင့်ဈေး ၅၀၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးကွက်ထက် ငုံနီ တစ်တင်း အနိမ့်ဈေး ၅၀၀ ကျပ်၊ အမြင့်ဈေး ၁၀၀၀ ကျပ်ခန့်ဈေးနိမ့်ပြီး ငုံနီက တစ်ရက်ကို အိတ် ၄၀၀၀၊ ၅၀၀၀ ခန့်နဲ့ ငုံဖြူက တစ်ရက်ကို အိတ် ၅၀၀၊ ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

**ညိုညို-ရွှေဘို**

# ပြည်ပဲနီပြား ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲမျိုးစုံနီးပါး ပဲသစ်များဝင်ရောက်နေသော်လည်း ပဲနီပြားသီးနှံကတော့ ပဲသစ်ဝင်ရောက်မှုမရှိသေးဘဲ ပဲလက်ကျန်အနည်းငယ်ရှိလို့ လက်လီအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ၎င်းလက်လီပဲများမှာ ယခင်နှစ်က ဈေးအေးခဲ့ကြလို့ တစ်တင်း ကျပ်နှစ်သောင်းဝန်းကျင်သာရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ တစ်တင်း ကျပ်သုံးသောင်း ကျော်ရရှိနေတဲ့အတွက် ပဲသစ်ပေါ်ချိန်မှာလည်း ဈေးကောင်းရနိုင်မယ် လို့ မျှော်လင့်နေကြပါတယ်။ ယခုလအတွင်း ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်း ၁၀၀၀ ကျပ်ဈေးပိုရလာခဲ့ကာ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ကုလားပဲသစ်များ ပြည်ပဲဈေးကွက်သို့ စတင်ဝင်ရောက်လာ

ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်မှာ ကုလားပဲသီးနှံသစ်များ စတင်ဝင်ရောက်လာပါတယ်။ ပန်းတောင်း၊ ကံမ၊ မင်းတုန်းဖက်မှ ဝင်ရောက်ခဲ့ပြီး အိတ် ၅၀ မှ ၁၀၀ ကြားဝင်ရောက်ခဲ့ပါတယ်။ ပဲသစ်ဈေးမှာ တစ်တင်း ၄၂၀၀၀ ကျပ်ဈေးရပြီး ပဲဟောင်းဈေးကတော့ တစ်တင်း ၄၃၀၀၀ ကျပ်ရလျက်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပဲသစ်ထက် ပဲဟောင်းက ပိုအရောင်းအဝယ်ဖြစ်ခဲ့ကာ ခွဲစက်သမားများ အဓိကထား ဝယ်ယူမှုရှိလို့ အိတ် ၁၅၀၊ ၂၀၀ ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## နနွင်း

### နနွင်းတက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ဒုတိယပတ်တွင် ကန်ဒေါ်လာ ၁၁၄၁၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ)၁၆ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၂၅ တန်ခွဲတင်ပို့ခဲ့လို့ ပုံမှန်တင်ပို့နေတယ်လို့ဆိုရပါမယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၆၂၁၆ တန်ဖိုးရှိ ကျောက်ဆည်နနွင်းတက် ကိုးတန်တင်ပို့ခဲ့တာတွေ့ရပါတယ်။

နနွင်းအစစ်ကို ဟင်းခတ်ရာတွင်လည်းကောင်း၊ ဆေးဖော်စပ်ရာတွင် လည်းကောင်း ဝယ်ယူသုံးစွဲမှု များပြားလာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် နနွင်းစိုက်တောင်သူတွေ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြည်ပသို့ နနွင်းတန်ချိန် ၃၈၀ ကျော်တင်ပို့

ပြည်ပနိုင်ငံများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း နနွင်း ၃၈၉ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေရှ့်ကို ၂၂၄ တန်၊ အိန္ဒိယသို့ ၇၅ တန်၊ မလေးရှားသို့ ၆၂ တန်နဲ့ စင်ကာပူသို့ ၂၈ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းအဝင်မှာ တန်ချိန် ၂၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၆၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ တစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ၇၀၃ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပို့ကုန်ဝင်ငွေစုစုပေါင်း ကန်ဒေါ်လာ နှစ်သိန်းခုနစ်သောင်းကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းနနွင်းသစ်များ အစိုဓာတ်ရှိလို့ နေလှမ်းပြီးမှ ပြုတ်ခြောက်လုပ်

ရှမ်းနနွင်းက အသစ်လည်းပေါ်နေပါပြီ၊ ဒါပေမဲ့ ဈေးကွက်ကိုတော့ မဝင်လာသေးပါဘူး။ တောင်သူတွေကတူးပြီးနေလှန်းကာ ပြုတ်ခြောက်လုပ်နေတုံးပဲလို့ သိရပါတယ်။ ဒီနှစ်ကအအေးပိုပြီး အပူချိန်နည်းတာကြောင့် နေလှန်းရတာကလည်းကြာပါတယ်။ အစိုဓာတ်များနေသေးတာကြောင့် အခုချိန်မှာ ပြုတ်ရင်လည်း ငါးပိဿာ၊ ခြောက်ပိဿာပြုတ်မှ တစ်ပိဿာခန့်သာရလို့ တောင်သူတွေအနေနဲ့ တွက်ခြေမကိုက်တာကြောင့် အခြောက်လှန်းပြီးမှ ပြုတ်ကြတယ်လို့သိရပါတယ်။ ဒီနှစ်က အောင်ပန်းဈေးကွက်ကိုဝင်တဲ့ နနွင်းက အရောင်းအဝယ်သိပ်မဖြစ်ပေမယ့် ဟိုပုံးနနွင်းကတော့ အရောင်းအဝယ်ဖြစ်ပါတယ်။ အခုရက်ပိုင်းတွေမှာ ရန်ကုန်ဝယ်လက်တွေက ဈေးကွက်အထိ ဆင်းပြီးဝယ်ယူနေလို့ ဟိုပုံးနနွင်းက လက်ကျန်နည်းနေပြီလို့လည်း သိရပါတယ်။

ဟိုပုံးနနွင်းလောက် အရည်အသွေးကောင်းတဲ့ အောင်ပန်းဈေးကွက်က တောင်ပို့လစတွေကိုလည်း ဟိုပုံးဈေးကွက်ကို ပြန်ပြီးပို့ကြ တယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာ ၁၇၅၀ ကျပ်-၁၈၀၀ ကျပ်ဈေးရှိပြီး၊ တစ်ပတ်အတွင်း ပိဿာချိန် ပေါင်း နှစ်သောင်းခွဲ၊ သုံးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းနနွင်းကတော့ အရင်တစ်ပတ်ကထက် ဈေးတက်လာပြီး တစ်ပိဿာကို ၁၇၀၀ ကျပ်မှ ၁၉၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၂၀၀၀ ကျပ် ဈေးရှိပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန် နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း အောင်ပန်းဈေးကွက်က သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### ယခင်တစ်ပတ်ထက် တန်ချိန် ၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၉၇ တန် ကို ပင်လယ်ရေကြောင်းလမ်းမှ ပြည်ပနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၁၂၂၀ တန်ဖိုးရှိ မန်ကျည်း ၄၄ တန်ကို စင်ကာပူနိုင်ငံသို့ လည်းကောင်း၊ ကန်ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိမန်ကျည်းတန်ချိန် ၁၅၀ ကို ဘင်္ဂလားဒေရှ့်သို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် မန်ကျည်းတန်ချိန် ၁၀၀ သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၇၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ချင်း

### ကုန်သွယ်ရေးစခန်းများမှ ချင်းစို၊ ချင်းခြောက်များ တင်ပို့

ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်အတွင်းမြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၁၂၅ တန်ဖိုးရှိ ချင်းခြောက်သုံးတန်ကိုလည်းကောင်း၊မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေ ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၈၀၀ တန်ဖိုးရှိ ချင်းစို ငါးတန်ကိုလည်းကောင်း တင်ပို့မှုရှိခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးက ၂၂၇၅၀၀၀ ကျပ်ခန့်ရှိပြီး စစ်တွေမှာ ချင်းစိုတစ်တန်ကို ၉၈၆၄၈၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ချင်း ခုနစ်တန်တင်ပို့

ဇန်နဝါရီ ၃ ရက်မှ ၆ ရက်အတွင်း ချင်းခုနစ်တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာ ဒုတိယ ပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ ချင်းကဒီတစ်ပတ်မှသာပြန်လည် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၁၅၀ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်

ပြည်ချင်းဈေးကွက် (ပွဲရုံ)များတွင် ချင်းအိတ်တွေပုံမှန်အဝင်ရှိနေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ယခုတစ်ပတ်တွင် ချင်းပိဿာ ၃၀ ဝင်အိတ်ရေ ၈၀ ခန့် နေ့စဉ်ပုံမှန်အဝင်ရှိခြင်းဖြစ်ပါတယ်။ ဇန်နဝါရီ တတိယပတ် ချင်းဈေးကတော့ ချင်းပွဲရုံဈေး တစ်ပိဿာကို (ရှယ်) ၇၅၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့ဖြစ်ပြီး၊ ဒေသတွင်း လက်လီ တစ်ပိဿာကို(ရှယ်) ၁၁၀၀ ကျပ်၊(ဂွန်)၉၀၀ ကျပ်ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ယခင်ကာလများထက် အရောင်းအဝယ်ပါးကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်မှာ ချင်းခြောက်ပြုလုပ်ဖို့ အညှံ့စ အဝယ်သွက်

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်က ပုံမှန်ထက်တော့ အနည်းငယ် ပိုဝင်လာတယ်လို့ သိရပါတယ်။ အရင်ရက်တွေကတော့ ရာသီဥတုဆိုးနေတာရယ် အရောင်းအဝယ်ပါးနေတာရယ်ကြောင့် အဝင်ကနည်းသွားပေမယ့် ဒီရက်တွေမှာတော့ အဝင်ပြန်ရှိလာတယ်လို့ ဆိုပါတယ်။ အခုရက်ပိုင်းမှာတော့ ၅ ရက် တစ်ဈေးကို ပိဿာချိန် တစ်သောင်းပတ်ချာလည်ခန့် အဝင်ရှိလာပြီး အရောင်းကလည်း ပုံမှန်ဖြစ်လာတယ်လို့ သိရပါတယ်။

တပ်ကုန်းကတော့ နေလှန်းခြောက်လုပ်ဖို့အတွက် ပယ်ချင်းတွေကို အတော်များများ ဝယ်ယူနေတယ်လို့လည်းသိရပါတယ်။ ဈေးပတ်သမားတွေကတော့ လတ်စတွေကို ဝယ်ယူပြီး တချို့ကတော့ ထိပ်စတွေဖြစ်တဲ့ အခက်ကြီးလုံတွေကို တစ်အိတ်စ၊ နှစ်အိတ်စဝယ်ယူကြပါတယ်။ ပြည်ပဝယ်လက်မရှိတော့ လှော်လက်သမားတွေကလည်း အခြောက်ပြုလုပ်ဖို့အတွက် ချင်းညှံ့စတွေကို ရွေးပြီးဝယ်ယူတာကြောင့် ညှံ့စက ဈေးကွက်မှာ အရောင်းအဝယ်ပိုဖြစ်နေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်းဈေးတွေက ပယ်ချင်း (ညှံ့စ) ဆိုရင် ၃၅၀ ကျပ်၊ (လတ်စ) က ၄၅၀ကျပ်၊ ၄၇၀ ကျပ်နဲ့ (ထိပ်စ)အခက်ကြီး၊ လုံတွေကတော့ တစ်ပိဿာ ၅၀၀ ကျပ်ဈေးပေါက်နေပါတယ်။ ပယ်ချင်းတွေကို တပ်ကုန်းကဝယ်နေသလို ချင်း (လတ်စ) တွေ ကိုတော့ ရန်ကုန်၊ စစ်တွေဝယ်လက်တွေက အများဆုံးဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန် ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ချင်းခြောက်ကတော့ ပစ္စည်းလက်ကျန်တွေလည်း မရှိသလောက်ဖြစ်နေပြီး ဈေးကတော့ တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီမှ သီဟိုဠ်စေ့ တန် ၅၀ ကျော်တင်ပို့

မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှ ၁၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၅၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် နှိုင်းယှဉ်ပါက ၅၂ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၈ တန်ကျော်တင်ပို့နိုင်ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄ တန်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်



### အဝင်လှိုင်နေတဲ့ ပြည်ကြက်သွန်နီ ဈေးဆက်ကျဆဲ

ပြည်ကြက်သွန်နီ ပွဲရုံများသို့ ကြက်သွန်နီကားတွေ အဝင်လှိုင်နေတာတွေ့ရပါတယ်။ ဇန်နဝါရီလ စတုတ္ထပတ်ထဲမှာ တစ်ရက်ကို ကြက်သွန်နီကား တစ်စီးကို အိတ် ၅၀၀ ပါပြီး ၄၊ ၅ စီး ဝင်ရောက်လျက်ရှိပါတယ်။ အရောင်းအဝယ်ကတော့ အနည်းငယ်အေးတယ်လို့လည်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးများမှာ ပွဲရုံဈေး တစ်ပိဿာ (ကြီး) ၈၅၀ ကျပ်၊ (လတ်) ၇၅၀ ကျပ်နဲ့ (သေး) ၆၅၀ ကျပ်ထိ ဈေးထပ်မံကျဆင်းလာပါတယ်။ ဒေသတွင်း လက်လီသမားတွေကတော့ တစ်ပိဿာကို (ကြီး) ၁၂၀၀ ကျပ်၊ (လတ်) ၉၅၀ ကျပ်နဲ့ (သေး) ၈၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ရေနံချောင်းနဲ့ ပခုက္ကူ အစများ ဝင်ရောက်နေခြင်းဖြစ်ပါတယ်။ အဝင်များပြီး ရောင်းဝယ်မှုအပိုင်းမှာတော့ အနည်းငယ် အေးတယ်လို့ပြောပါတယ်။ တစ်ရက်ကို အိတ် ၃၀၀ ကျော်လောက် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**နီနီဝင်း-ပြည်**

### ထိုင်းနယ်စပ်မှ ကြက်သွန်နီ ပုံမှန်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၇၀၃၆၀ သန်းတန်ဖိုးရှိတဲ့ ကြက်သွန်နီ ၁၄၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၅၂ တန်တင်ပို့ခဲ့လို့ ထိုင်းနယ်စပ်မှ ကြက်သွန်နီ ပုံမှန်တင်ပို့တယ်လို့ ဆိုရပါမယ်။ မြဝတီကုန်စည်ဒိုင်မှာ ကြက်သွန်နီ (ရှယ်လတ်) တစ်တန်ကို ကျပ် ၅၆၇၆၁၂-၇၆၄၀၆၄ ဈေးရှိတယ်လို့ သိရပါတယ်။

"ကြက်သွန်နီ ပေါ်ခါစမှာ အဝင်နည်းပြီး ဈေးကောင်းရခဲ့ပေမယ့် ယခုရက်အတွင်း ကြက်သွန်အဝင်များလာတယ်။ တစ်ရက်ကို ပိဿာချိန် ၂၀၀၀-၃၀၀၀ ခန့်အဝင်ရှိလာပြီး ရန်ကုန်ဈေးနဲ့ညှိဝယ်ရလို့ အတက်အကျမြန်နေတာပေါ့" ဟု ကြက်သွန်ပွဲစားတစ်ဦးက ပြောခဲ့ပါတယ်။

**မော်မော်အောင်**

# စင်ကာပူ GST နှင့်ပတ်သက်၍ သိကောင်းစရာများ

စင်ကာပူ အကောက်ခွန်ဌာနသည် Cumstoms@SG ဟုခေါ်သော စင်ကာပူနိုင်ငံသို့မရောက်မီနိုင်ငံရပ်ခြားဝယ်ယူခြင်းများအတွက် အကောက်ခွန်ပေးဆောင်ရန်ကြိုတင်ကြေငြာခြင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန်ဆောင်ခြင်းများပြုလုပ်ရာတွင် ခရီးသွားများအားခွင့်ပြုပေးနိုင်သည့် Application အသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

နိုင်ငံရပ်ခြားမှ ပြန်လာသော စင်ကာပူနိုင်ငံသားများ အပါအဝင် ခရီးသွားများသည် ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax-GST) သက်သာခွင့်ထက် ကျော်လွန်သောကုန်ပစ္စည်းများ၏တန်ဖိုးအပေါ် စည်းကြပ်သည့်ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် GST ပေးဆောင်ရမည်ဖြစ်သည်။

စင်ကာပူနိုင်ငံပြင်ပသို့ ၄၈ နာရီထက်ကျော်လွန်ခရီးသွားခဲ့သူများ သည် ဒေါ်လာ ၁၅၀ အောက် တန်ကြေးရှိသည့် ကုန်ပစ္စည်းများအတွက်လည်းကောင်း၊ ၄၈ နာရီထက် ကျော်လွန်၍ စင်ကာပူနိုင်ငံ ပြင်ပခရီးသွားခဲ့သူများအတွက်ဒေါ်လာ ၆၀၀ အထိတန်ကြေးရှိသော ကုန်ပစ္စည်းများအတွက် လည်းကောင်း GST ကင်းလွတ်ခွင့်ရရှိပါသည်။

မည်သည့်အချိန်တွင် GST ပေးဆောင်ရန်လိုပါသနည်း၊ မည်မျှပေးဆောင်ရမည်နည်းဆိုသည့် ကိစ္စကို မသေမချာဖြစ်နေကြဆဲ ဖြစ်ပါသည်။ သို့ဖြစ်၍ ယေဘုယျအမေးအများဆုံးမေးခွန်းအချို့အတွက် အဖြေများကို ပေးထားပါသည်။

**စင်ကာပူနိုင်ငံသားများသည် နိုင်ငံရပ်ခြားမှဝယ်ယူလာသည့် ပစ္စည်းများအတွက် မည်သည့်အတွက်ကြောင့် GST ပေးဆောင်ရန် လိုပါသနည်း။**

GST သည် နိုင်ငံတွင်းစားသုံးမှုအတွက် ပေးဆောင်ရသော အခွန်တစ်မျိုးဖြစ်ပါသည်။ စင်ကာပူနိုင်ငံအတွင်းသို့ တင်သွင်းလာသော ကုန်စည်များအားလုံးကို ကူးသန်းရောင်းဝယ်ရေးအတွက်တင်ပို့မှု (Commercial Shipments) ဖြစ်စေ၊ ခရီးသွားများ၏ ကိုယ်ပိုင်သုံးစွဲရန်လက်ဆွဲတန်ဆာ (Hand-Carried) ဖြင့်ဖြစ်စေ တန်ဖိုး၏ ၇ ရာခိုင်နှုန်းကို GST ပေးဆောင်ရပါမည်။

အသုံးအဆောင်သစ်များ၊ ခရီးသွားအမှတ်တရ ပစ္စည်းများ၊ လက်ဆောင်များနှင့် အစားအစာပြင်ဆင်ခြင်းများကဲ့သို့သော ကုန်ပစ္စည်းများအပါအဝင်နိုင်ငံရပ်ခြားမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ခရီးသည်၏ကိုယ်ပိုင်သုံးရန်ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့သောကုန်ပစ္စည်းများကို ဆိုလိုပါသည်။

စင်ကာပူနိုင်ငံအတွင်းသို့ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် စည်းကြပ်သည့် GST မူဝါဒသည် စင်ကာပူနိုင်ငံတွင် GST ကို စတင်အကောင်အထည်ဖော်ခဲ့ချိန် ၁၉၉၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အသက်ဝင်အတည်ဖြစ်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ သွင်းကုန်များအပေါ်စည်းကြပ်သည့် အခွန်ကို Goods and Services Tax- GST ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီး နိုင်ငံအချို့တွင် အခြေခံထုတ်လုပ်မှုမှနောက်ဆုံး စားသုံးကုန်ထုတ်လုပ်မှုအထိ ပြောင်းလဲပါဝင်သော Exchange Point တစ်ခုချင်းတွင် ကောက်ခံသည့်တန်ဖိုးမြှင့်အခွန် Value-Added Tax (VAT) ဟုသုံးနှုန်းလျက်ရှိကြပါသည်။ ယခုအခါနိုင်ငံအားလုံးတွင် GST သို့မဟုတ် VAT စနစ်များဟု လိုက်လျောညီထွေသုံးစွဲလျက်ရှိကြပါသည်။

အရက်၊ ဆေးရွက်ကြီးထွက်ကုန်များ၊ ဓာတ်ဆီနှင့် ကုန်သွယ်ရန်အလို့ငှာ တင်သွင်းလာသည့် ကုန်ပစ္စည်းများသည် GST သက်သာခွင့်မရရှိပေ။

**လက်ခံဖြတ်ပိုင်းမရရှိသည့် လက်ဆောင်ပစ္စည်းအပေါ်တွင် အခွန်မည်မျှ တွက်ချက်ပါသနည်း။**

လက်ခံဖြတ်ပိုင်းများမရနိုင်သည့်အခါ ကုန်ပစ္စည်းများ၏ တန်ဖိုးကိုတွက်ချက်ရာတွင် GST ပေးရမည်ဖြစ်သော အလားတူသို့မဟုတ် ဆင်တူသည့် ကုန်ပစ္စည်းများနှင့် ချိန်ထိုးအခြေပြု၍ ခန့်မှန်းတွက်ချက်ပါသည်။

**ပြီးခဲ့သည့်နှစ်များအတွင်း အခွန်ပေးဆောင်သင့်သည့် ကုန်ပစ္စည်းများကို ကြေငြာခြင်းမပြုသည့်အတွက် ဘယ်နှစ်ဦးဖမ်းဆီးပြီးပြီနည်း။**

သတိပေးချက်များနှင့် လျှော့ချပမာဏများ ထုတ်ပေးခဲ့ရသည့် အမှုများမှာ ၂၀၁၂ ခုနှစ်တွင် ၁၇၉ ခုနှင့် ၂၀၁၃ ခုနှစ်တွင် ၃၉၈ ခုရှိခဲ့ပါသည်။

**နိုင်ငံခြားမှ ဝယ်ယူခဲ့ပြီးကုန်ပစ္စည်းများအားကြေငြာခြင်းမပြုလျှင် ခရီးသည်တစ်ယောက်အနေဖြင့်မည်သို့ဖြစ်နိုင်ပါသနည်း။**

GST သက်သာခွင့်ရကုန်ချိန်ပမာဏထက်ကျော်လွန်သည့်တန်ဖိုးများဖြင့် နိုင်ငံခြားမှ ဝယ်ယူခဲ့ပြီးကုန်ပစ္စည်းများအားကြေညာခြင်းမပြုပါက စစ်ဆေးရေးနေရာများတွင် ရပ်တန့်ခံရသည့် ခရီးသည်အား စင်ကာပူ အကောက်ခွန်ဌာနသို့ လွှဲအပ်ခြင်းခံရနိုင်ပါသည်။

GST သက်သာခွင့်ထက် ကျော်လွန်သောပစ္စည်းများအတွက် အကြံပြုဆွေးနွေးပြီး အဆိုပါ ခရီးသည်များထံမှ GST အခွန်အခကြေးကို ကောက်ခံပါသည်။

ထို့ပြင် ဝယ်ယူခဲ့သည့်ပစ္စည်းများ၏ တန်ဖိုးကို ကြေငြာရန်ပျက်ကွက်ခြင်းသည် အကောက်ခွန်အက်ဥပဒေနှင့် GST အက်ဥပဒေများအရပြစ်မှုမြောက်သည်။ ပြစ်မှုကျူးလွန်သူများအနေဖြင့် တရားရုံးတွင် တရားစွဲခံရနိုင်ပြီး ဒဏ်ငွေဒေါ်လာ ၁၀၀၀၀ အထိနှင့် ထောင်ဒဏ် ၃ နှစ်အထိချမှတ်ခံရနိုင်ပါသည်။

**စင်ကာပူနိုင်ငံမှ ထွက်ခွာချိန် ချန်ဂီလေဆိပ်ရှိ အကောက်ခွန်လွတ်ဆိုင်မှ အိတ်တစ်လုံးဝယ်ယူသွားခဲ့ပြီး နိုင်ငံသို့ပြန်လည်ဆိုက်ရောက်လာလျှင် ထိုအိတ်အပေါ် အခွန်စည်းကြပ်ပါမည်လား။**

ခရီးသည်၏ GST သက်သာခွင့်ပမာဏထက်ကျော်လွန်လျှင် အသစ်ဝယ်ယူသည့်အိတ်အတွက် GST အက်ဥပဒေတွင် အကျုံးဝင်သည်။

**ခရီးသည်က ဈေးနှုန်း အမှတ်အသား၊ ထုပ်ပိုးခြင်းများကိုဖယ်ရှားပြီး ချက်ချင်းအသုံးပြုလျှင် ထိုပစ္စည်းသည် GST အက်ဥပဒေတွင် အကျုံးဝင်ပါသလား။**

စင်ကာပူနိုင်ငံအတွင်းသို့ ပစ္စည်းအသစ်များယူဆောင်လာသည့်အခါ ခရီးသည်၏ GST သက်သာခွင့်ပမာဏထက်ကျော်လွန်လျှင် ဤပစ္စည်းများကို အသစ်ဟု မှတ်ယူစဉ်းစားလျက် GST အက်ဥပဒေအရ အကျုံးဝင်သည်။

**အခွန်ပြန်အမ်းငွေမတောင်းဆိုဘဲ နိုင်ငံရပ်ခြားမှပစ္စည်းတစ်ခုအတွက်အရောင်းခွန်ပေးဆောင်ပြီးသည့်တိုင် ခရီးသည်များသည် GSTဆောင်ရပါမည်လား။**

စင်ကာပူနိုင်ငံတွင် အသုံးပြုမည်ဖြစ်သည့်အတွက် နိုင်ငံရပ်ခြားမှ ပစ္စည်းများအပေါ်တွင် အဆိုပါ နိုင်ငံခြားတိုင်းပြည်၏ အရောင်းခွန်ပေးဆောင်ပြီးသည့်တိုင် စင်ကာပူသို့တင်သွင်းလာသည့်ပစ္စည်းများအတွက် GST နှင့် အကျုံးဝင်ပါသည်။

**ခရီးစဉ်တစ်ခုအတွင်းမှာပင် ကုန်ပစ္စည်းများကို သီးခြားစီခွဲ၍ ပြန်လည်သယ်ဆောင်ခဲ့ပါလျှင်လည်း GST အက်ဥပဒေတွင် အကျုံးဝင်ပါသလား။**

ချောပို့မှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအတွက် တစ်ကြိမ်လျှင် ဒေါ်လာ ၄၀၀ အထိ GST သက်သာခွင့်ပမာဏတစ်ခုကို ခွင့်ပြုထားပါသည်။ ပို့ဆောင်တန်ဖိုးသည် ဒေါ်လာ ၄၀၀ ထက်ကျော်လွန်လျှင် စုစုပေါင်းပို့ဆောင်တန်ဖိုးအပေါ်တွင် GST ပေးသွင်းသင့်ပါသည်ဟုဖော်ပြထားပါသည်။

**တင်စိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# တရုတ်(တိုင်ပေ)မှ ထုတ်လုပ်သည့် စပါးအခြောက်ခံစက်များအား နည်းပညာမိတ်ဆက်

မြန်မာထိုင်ဝမ်ပူးပေါင်းဆောင်ရွက်ရေးဌာန (Myanmar Taiwan Cooperation center) နှင့် ပြည်တွင်းမှ လယ်ယာသုံး စက်ကိရိယာများနှင့် နည်းပညာဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်သည့် Golden Thurain Linn ကုမ္ပဏီတို့ပူးပေါင်း၍ တရုတ်(တိုင်ပေ)မှထုတ်လုပ်သည့် စပါးအခြောက်ခံ စက်ကိရိယာများနှင့် စပါးသိုလှောင်နည်းစနစ်များ၊ စပါးအခြောက်ခံနည်းစနစ်များအကြောင်း ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ UMFCCI မြေညီထပ်ရှိခန်းမတွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်မောင်အောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ Golden Thurain Linn ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြတ်သီဂီနှင့် ကုမ္ပဏီဝန်ထမ်းများ၊ တရုတ်(တိုင်ပေ) Megasum Co.,Ltd မှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သက်ဆိုင်ရာ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင်ဒေါက်တာမောင်မောင်အောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ကုမ္ပဏီမှ အထွေထွေမန်နေဂျာတို့က အဖွင့်အမှာစကားများအသီးသီး ပြောကြားခဲ့ကြပါသည်။ ထို့နောက် ထိုင်ဝမ် Megasum Co.,Ltd မှ လယ်ယာစိုက်ပျိုးရေး အခြေခံစက်ကိရိယာများဆိုင်ရာ ပညာရှင်၊ ပါမောက္ခ ဒေါက်တာ Poching Wu က စပါးအခြောက်ခံဆိုင်ရာ နည်းပညာသီအိုရီများ၊စပါးသိုလှောင်ရေး အခြေခံနည်းစနစ်များနှင့်Megasum Co.,Ltd မှ ထုတ်လုပ်သည့် တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်လုပ်ငန်းများအတွက် အသုံးပြုနိုင်သည့် စပါးအခြောက်ခံစက်အမျိုးမျိုး၊ စပါးသာမကမြေပဲ၊ နှံစားပြောင်း၊ ပြောင်းဆန်၊ကြက်သွန်ဖြူ စသည့် လယ်ယာနှင့် စိုက်ပျိုးရေးသီးနှံများကို အခြောက်ခံနိုင်သည့် စက်များကိုပါ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။

အဆိုပါကုမ္ပဏီမှ ထုတ်လုပ်သော လယ်ယာသုံးအခြောက်ခံစက်များသည် အရည်အသွေးအာမခံသည့်စနစ်ပါရှိ၍ နိုင်ငံတကာအဆင့်မီထုတ်လုပ် ရောင်းချလျက်ရှိပြီး ပြည်တွင်းမှ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များ၊ တောင်သူများအနေနှင့် Golden Thurain Linn ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြတ်သီဂီ (ဖုန်း-၀၉-၇၃၂၀၇၈၈)(သို့) goldensum103@gmail.com သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိပါသည်။

**ရန်မျိုးအောင်**

# ခာတ်ဆီ/ဒီဇယ်

## ခာတ်ဆီ၊ ဒီဇယ် အဝင်မရှိဘဲ တခြားစက်သုံးဆီများသာဝင်

ဇန်နဝါရီ ၁၀ ရက် မှ ၁၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ ခာတ်ဆီ အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အင်ဂျင်ဝိုင်၊ စက်ဆီ၊ချောဆီနဲ့ တခြားစက်သုံးဆီများသာဝင်လာခဲ့ပါတယ်။ ပြည်ပရေနံဈေးများ ကျလာသလို ပြည်တွင်းစက်သုံးဆီဆိုင်မှ ဈေးများလည်းကျနေတယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ခာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခာတ်ဆီ၊ ဒီဇယ်ဈေးတွေ ကျလာခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊ အောက်တိန်း(95) ၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၄၀ ကျပ်၊ အောက်တိန်း (92) ၅၄၀ ကျပ်၊ အောက်တိန်း (95) ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရောခာတ်ဆီပါဈေးအနည်းငယ် ကျလာခဲ့တယ်လို့သိရပါတယ်။ ပီပါဈေးများသာ ကျလာသော်လည်း တစ်ဂါလန်ဈေးများက သိပ်မကျလာဘူးလို့ သိရပါတယ်။ ဇန်နဝါရီ ၁၈ ရက် ဒီဇယ်ဝယ်ဈေးမှာ ၉၅၀၀၀ ကျပ်၊ ရောင်းဈေး ၉၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀ ရက်မှာ ဝယ်ဈေး ၁၀၀၀ ကျပ် ဈေးထပ်ကျလာခဲ့ပါတယ်။ ခာတ်ဆီဈေးမှာ ၁၈ ရက်မှာ ဝယ်ဈေး ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်ရှိခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီက တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ လက်လီဈေးများမှာ ခာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီဈေး အနည်းငယ်မြင့်ပြီး၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ကျပ်၊ ဒီဇယ် ၅၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၃၀ကျပ်၊ အောက်တိန်း (95) ၇၃၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇန်နဝါရီ ၁၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ၂၀ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေး ကျလာခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ ဇန်နဝါရီ ၂၀ ရက်မှာ ဝယ်ဈေး ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးကျလာပေမယ့် ခာတ်ဆီဈေး နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၉၀၀ ကျပ်၊ ခာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ခာတ်ဆီရော ဒီဇယ်ပါဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခာတ်ဆီ တစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၂၉၀၀ ကျပ်၊ဒီဇယ် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်နဲ့အောက်တိန်းမှာဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း ၂၇၉၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပ လက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

MIRT-DOT

## Energy NYMEX 22-1-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 30.68 | 1.15 | 3.89 |
| Brent Crude Futr (USD/bbl) | 30.64 | 1.39 | 4.75 |
| Gasoline Rbob Fut (Cent/gal) | 106.84 | 3.72 | 3.03 |
| Natural Gas Futr (USD/MMBtu) | 2.16 | 0.12 | 1.03 |
| Heating Oil Futr (Cent/gal) | 93.12 | 3.37 | 3.75 |



## ပြည်တွင်းငွေလဲနှုန်းများ တည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အတက်အကျများဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ် တည်ငြိမ်လျက်ရှိကာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာမှာလည်း ငွေလဲနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိသည့်နည်းတူ ပြည်တွင်းတွင်လည်း ကျဆင်းမည့်အရိပ်အယောင်များ ဖြစ်ပေါ်လျက်ရှိနေသည်ဟု ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ထို့ပြင် နိုင်ငံတကာစက်သုံးဆီဈေးနှုန်းများ ကျဆင်းနေသဖြင့် စက်သုံးဆီတင်သွင်းသူများအနေဖြင့် စက်သုံးဆီများအားတင်သွင်းခြင်းကို ခေတ္တဆိုင်းငံ့ထားသဖြင့် အမေရိကန်ဒေါ်လာ ရောင်းအားများ ကျဆင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်းငွေလဲဈေးကွက်တွင် ဈေးနှုန်းများ ငြိမ်သက်ကာ အရောင်းအဝယ်ဖြစ်နေရခြင်းဖြစ်ကြောင်း သိရသည်။

“ဈေးကွက်ထဲမှာ ဈေးကငြိမ်တယ်။ ငြိမ်တယ်ဆိုပေမယ့် နည်းနည်းပါးပါး တစ်ကျပ်၊ ငါးမူးလောက်တော့ အတက်အကျရှိတယ်။ အဲဒါကြောင့် အတက်အကျမရှိဘူးလို့ ပြောရတာပါ။ စက်သုံးဆီသွင်းတဲ့သူတွေ နှစ်ပတ်လောက်ရှိပြီ ငြိမ်နေကြတယ်။ သူတို့ငြိမ်နေတဲ့အတွက် ငွေလဲနှုန်းလည်း ငြိမ်နေတယ်”ဟု ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇန်နဝါရီ ၁၈ရက်က ရောင်းဈေး ၁၂၉၉ ကျပ်၊ ဝယ်ဈေး ၁၂၉၇ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဇန်နဝါရီ ၂၂ ရက်တွင် ရောင်းဈေး ၁၂၉၇ကျပ်၊ ဝယ်ဈေး ၁၂၉၅ကျပ်ဖြင့် ရောင်းဝယ်လျက် ရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း ယခုတစ်ပတ်အတွင်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ၁၂၉၉ ကျပ်ဖြင့် သတ်မှတ်ခဲ့သည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကဈေးအနည်းငယ် မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးများ ဆက်လက်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း လိုက်ပါမြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

တရုတ်နိုင်ငံတွင် စတော့ရှယ်ယာဈေးများ ကျဆင်းလာမှုကြောင့် ရင်းနှီးမြှုပ်နှံသူများသည် ရွှေဈေးကွက်ဘက်သို့ လှည့်လာခဲ့သဖြင့် ကမ္ဘာ့ရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

“ကမ္ဘာ့ရွှေဈေးမြင့်တက်လာလို့ ပြည်တွင်းရွှေဈေးလည်း လိုက်ပြီးမြင့်တက်လာခဲ့တယ်။ တရုတ်နိုင်ငံရဲ့ စတော့ရှယ်ယာဈေးတွေ ကျဆင်းလာတော့ သူတို့တွေက ရင်းနှီးမြှုပ်နှံမှုမှာ ခိုင်မာတဲ့ရွှေဘက်ကို လှည့်လာကြတယ်။ နယ်စပ်မှာလည်း ရွှေအရောင်းအဝယ်တွေ ပိုကောင်းလာတယ်။ အဲဒါကြောင့်လည်း ပြည်တွင်းရွှေဈေးက မြင့်တက်လာခဲ့တာပါ။ ပြည်တွင်းရွှေဈေးတွေ မြင့်တက်လာတဲ့အတွက် အရောင်းမှာ ပိုပြီးမြင့်တက်လာတယ်။ ဈေးအနိမ့်နဲ့ ဝယ်ထားတဲ့သူတွေက ပြန်ရောင်းကြတာကြောင့် ရွှေဈေးကွက် ပြန်ပြီးလှုပ်ရှားလာတယ်”ဟုရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီ ၁၈ ရက်က ကျပ် ၇၅၇၅၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၂၀ ရက်တွင် ကျပ် ၇၆၁၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၂ ရက်တွင် ကျပ် ၇၆၅၀၀၀ သို့ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၁၈ ရက်တွင် ၁၀၉၀ဒေါ်လာရှိခဲ့ရာမှ ဇန်နဝါရီ ၂၀ရက်တွင် ၁၀၉၂ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် ၁၁၀၀ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

January 22, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.42 |
| BDT | Bangladesh Taka | 78.48 |
| CAD | Canada Dollars | 1.42 |
| CNY | China Yuan Renminbi | 6.58 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.80 |
| I NR | India Rupees | 67.72 |
| I DR | Indonesia Rupiahs | 13861.36 |
| JPY | Japan Yen | 118.10 |
| MYR | Malaysia | 4.31 |
| PKR | Pakistan Rupees | 104.90 |
| PHP | Philippines Pesos | 47.84 |
| RUB | Russia Rubles | 80.57 |
| SGD | Singapore Dollars | 1.43 |
| KRW | South Korea Won | 1200.32 |
| LKR | Sri Lanka Rupe | 143.90 |
| THB | Thailand Baht | 36.09 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22358.00 |

Source : xe.com

## World Gold Price

January, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1087 | 1088 | 1088 |
| 19 | 1091 | 1091 | 1091 |
| 20 | 1097 | 1097 | 1097 |
| 21 | 1097 | 1096 | 1098 |
| 22 | 1096 | 1096 | 1096 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18-1- 2016 | 758.00 | 757.60 |
| 19-1- 2016 | 758.00 | 758.00 |
| 20-1- 2016 | 760.00 | 759.90 |
| 21-1- 2016 | 765.00 | 766.30 |
| 22-1- 2016 | 765.00 | 765.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6 .58 | 36.34 | 78.50 | 67.61 |
| 19 | 6. 57 | 36.30 | 78.51 | 67.57 |
| 20 | 6 58 | 36.30 | 78.56 | 68.13 |
| 21 | 6 .58 | 36.26 | 78.69 | 67.99 |
| 22 | 6.58 | 36.09 | 78.48 | 67.72 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18 - January | 13.93 | 1499.46 | 1494.75 | 4436.99 | 824.00 |
| 19 - January | 14.15 | 1500.58 | 1506.40 | 4440.13 | 832.00 |
| 20 - January | 14.15 | 1514.69 | 1501.70 | 4493.66 | 821.00 |
| 21 - January | 14.11 | 1494.75 | 1491.62 | 4445.06 | 812.00 |
| 22 - January | 14.11 | 1538.43 | 1506.85 | 4493.22 | 822.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ အဝင်ပို

ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၂၆၃၄၁၄ တန်ဖိုးရှိ ဘိလပ်မြေ ၆၂၀၄၂ ဒသမ ၁၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ် နိုင်ငံမှ ၁၃၈၅၅ ဒသမ ၃၀ တန်၊ စပိန်နိုင်ငံမှ ၁ဒသမ၈၆၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၈၁၈၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းတစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်သောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၂၀၄၂ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၄၁၃၂၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၂၀၇၀၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၂၃၀၈၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၁၁၈၇ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၉၀၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းပါတယ်။ ဈေးကွက်ထဲလည်း ပစ္စည်းအဝင်မျှနေတယ်လို့ သိရပါတယ်။ အေသုံးလုံးနဲ့ မြန်မာဆင်က ၁၀၀ ကျပ်ဈေးကျခဲ့ပြီး ဆင်က ၂၀၀ ကျပ်နဲ့ စိန်က၁၀၀ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၂၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန် ၇၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများ၊ပြုပြင်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်ကောင်းတယ်။ ပွင့်လင်းရာသီကြောင့် လုပ်ငန်းတွေလည်း ကောင်းတယ်။ ဒါကြောင့် ဘိလပ်မြေလည်း အရောင်းအဝယ်ကောင်းတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာ ဆင်နဲ့စိန်က ဈေးနည်းနည်းကျပြီး ကြံ့နှစ်ကောင်က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၉၇၅ ကျပ်၊ စိန် (ထိုင်း) ၅၉၀၀ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိပါတယ်။ ဈေးကွက်ထဲ မြင်းခေါင်းကပစ္စည်းပြတ်နေပါတယ်။ ဒီတစ်ပတ်စိန်က ၁၅၀ကျပ်ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ် တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်၊ စိန်(ထိုင်း) ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာ ယခင်တစ်ပတ်ထက် အဝင်လျော့

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၁၅၃၁၁၁၀ တန်ဖိုးရှိ မြေသြဇာ ၅၈၇၉ဒသမ ၆၄၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၉၅၃ ဒသမ၆၄တန်၊ အိန္ဒိယနိုင်ငံမှ ၉ဒသမ၉၀ တန်၊ကိုရီးယားနိုင်ငံမှ ၅၀၇ ဒသမ၇၀ တန်၊ မလေးရှားနိုင်ငံမှ ၅၀ တန်၊ စင်ကာပူနိုင်ငံမှ ၁၃၄၄ တန်၊ ထိုင်းနိုင်ငံမှ ၁၄၆၉ ဒသမ ၅၀ တန်၊ USA မှ သုညဒသမ ၉၀၇ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၅၄၄ တန် တင်သွင်းခဲ့ တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ရွှေနဂါးတော့ပ်ဝမ်း၊ ယူရီးယား၊ဖော့စဖိတ်၊သြဂဲနစ် စတာတွေဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် မြေဆီအဝင်မှာ တန်ချိန် ၉၄၀၀ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၅၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေးနေ

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၅၈၇၉ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင် တစ်ပတ် အဝင်မှာ တန်ချိန် ၉၄၃၅ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှမြေသြဇာ အဝင်မှာ ၂၀၅၆၅တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၅၄၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၂၀၁၇ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးနေဆဲဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာကွန်ပေါင်းကဈေး အနည်းငယ်မြင့်လာပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၈၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးပေမယ့် အချို့မြေသြဇာတွေက ဝယ်ရင်းဈေး တွေမြင့်လာလို့ မြေသြဇာဈေးတွေနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ယူရီးယားက ၁၀၀၀ ကျပ်၊ မြားကမ္ဘာ၊ တီစူပါနဲ့ ဓာတ်ဆား က၅၀၀ ကျပ်၊ ပိုတက်က၁၃၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၅ ပတ်လည်က ၁၅၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၆၅၀၀ကျပ် ၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၈၀၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၅၀၀ ကျပ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းပုံမှန်ရှိပေမယ့် မြေသြဇာဈေးတွေနည်းနည်းကျလာတယ်လို့သိရပါတယ်။ ဈေးကျတာကအများကြီးမဟုတ်ဘဲ ၁၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်းသာ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) (အစိမ်း) ၁၅၃၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၀၃၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ အောင်ကမ္ဘာ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ်၊ တောင်သူမ ၁၅၁၀၀ ကျပ်၊သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယားက ဈေးငြိမ်နေပြီး ပိုတက်က ၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည်က ၃၀၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၅း၅ က ၂၀၀ ကျပ် ဈေးမြင့်လာပြီး တီစူပါက ၄၀၀ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊တီစူပါ (သံကွင်း-တရုတ်)၂၀၂၀၀ကျပ်၊ပိုတက် (အိန္ဒိယ) ၂၄၅၀၀ ကျပ်၊ကွန်ပေါင်း ၁၅ပတ်လည် (နေရွက်လှေ-တရုတ်) ၃၇၅၀၀ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒွန်းနို့ဆီနဲ့ နို့မှုန့်ဝင်

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှကန်ဒေါ်လာ၆၃၅၉၇၆ တန်ဖိုးရှိ နို့ဆီ၄၉၅ဒသမ ၈၀တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၆၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၃၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၅၂ဒသမ ၄၄၇တန်နဲ့ စင်ကာပူမှ ၇၆ဒသမ ၈၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့ဆီ အဝင်မှာ တန်ချိန် ၂၅၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁ မှ ၁၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁ မှ ၈/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၈၂.၂၀ | ၁၄၅၂.၅၀ | (+) ၂၉.၇၀ |
| ၂။ | လွယ်ဂျယ် | ၁၁၂၇.၀၀ | ၆၈၁.၀၀ | (+) ၄၄၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀.၀၀ | - | (+) ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၈၅၇.၀၀ | ၂၄၂၆.၀၀ | (+) ၄၃၁.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၇၇၅၀.၀၀ | (-) ၄၇၅၀.၀၀ |
| ၆။ | မြဝတီ | ၁၉၆၄.၆၄ | ၆၈၆.၄၀ | (+) ၁၂၇၈.၂၄ |
| ၇။ | ကော့သောင်း | ၁၂၂၈၃.၀၀ | ၈၁၉၂.၀၀ | (+) ၄၀၉၁.၀၀ |
| ၈။ | မြိတ် | ၂၇၅.၀၀ | - | (+) ၂၇၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၃၀၈၈.၈၄ | ၂၁၁၈၇.၉၀ | (+) ၁၉၀၀.၉၄ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၁ မှ ၁၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁ မှ ၈/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၁၂၅.၇၅၀ | ၁၇၃၇၆.၈၅၀ | (+) ၇၄၈.၉၀၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | ၈၇.၅၀၀ | (-) ၈၇.၅၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၂၂၃၇.၀၀၀ | ၅၂၈.၈၀၀ | (+) ၁၇၀၈.၂၀၀ |
| ၆။ | ကော့သောင်း | ၁၀၃.၀၀၀ | ၅၅.၀၀၀ | (+) ၄၈.၀၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၁၀၀.၀၀၀ | ၅၀၀.၀၀၀ | (-) ၄၀၀.၀၀၀ |
| | စုစုပေါင်း | ၂၀၅၆၅.၇၅၀ | ၁၈၅၄၈.၁၅၀ | (+) ၂၀၁၇.၆၀၀ |

တင်တင်ထွန်း MIRT

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# နှမ်း/မြေပဲ

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးမှ ဇန်နဝါရီလ ဒုတိယပတ်မှာ နှမ်းနက် ၂၄၄၇ တန်၊နှမ်းဖြူ ၇၆၈ တန်နဲ့ နှမ်းညို ၄၇၆ တန်ကို ကန်ဒေါ်လာ ၄ ဒသမ ၄၉၉ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၇၉၃ တန်သာတင်ပို့ခဲ့တဲ့အတွက် ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့လာတာတွေ့ရပါတယ်။မူဆယ်မှ ယခုတစ်ပတ် နှမ်းတင်ပို့မှုမရှိဘဲ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၅၀၄၅ တန်ဖိုးရှိ နှမ်းနက် ၃၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ နှမ်းဖြူတစ်တန်ကို ၁၅၃၈၀၀၈ ကျပ်နဲ့ နှမ်းနက်တစ်တန် ၁၉၂၄၈၅၅ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ တရုတ်နဲ့ရန်ကုန်ဘက်ကအဝယ်လိုက်လို့ဈေးတက်လာရတာလို့ သိရပါတယ်။

**မော်မော်အောင်**

## ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်တဲ့ ပြည်နှမ်းဈေးတက်လာ

နှမ်းဈေးကွက်ပွဲရုံများတွင် ယခုတစ်ပတ်၌ မြန်အောင်မှ ပြည်မြို့နယ်ကြားဒေသများမှ နေ့စဉ် နှမ်းအိတ် ၅၀၀ နီးပါး ပုံမှန်ဝင်ရောက်နေတာ သိရပါတယ်။ ဝင်ရောက်လာသမျှ နှမ်းအိတ်တွေလည်း အကုန်နီးပါး အရောင်းအဝယ်ဖြစ်ကြပါတယ်။ ဝယ်လက်တွေ နေ့စဉ်အဝယ်ရှိတာကြောင့် နှမ်းဈေးလည်း အနည်းငယ်မြောက်လာပါတယ်။

ဇန်နဝါရီလ စတုတ္ထပတ်ရဲ့ နှမ်းဈေးနှုန်းပေါက်ဈေးတွေကတော့ နှမ်းနီ တစ်တင်းကို ၂၈၃၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၃၆၆၀၀ ကျပ်နဲ့ စမုံနက်တစ်တင်းကို ၅၃၃၀၀ ကျပ်တို့ ဖြစ်ပါတယ်။ နှမ်းနီတွေကို ပြည်ဆီစက်သမားတွေက အကုန်ဆွဲပြီး၊ နှမ်းနက်ကို မန္တလေးသို့ နေ့စဉ် အိတ် ၃၀၀ ခန့်တင်ပို့ကြောင်းလည်းသိရပါတယ်။ ဒီတစ်ပတ် နှမ်းဈေးအနည်းငယ်တက်လာပေမယ့် နှမ်းဆီဈေးနှုန်းကတော့ ပုံမှန်သာရှိပြီး ဈေးငြိမ်နေပါတယ်။

**ဝေဝေမင်း-ပြည်**

## ပြည်မြေပဲဆန် အဝင်ပါးပေမယ့် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံရောင်းဝယ်ရေးနှင့် မြေပဲဆန်ပွဲရုံများတွင် ပြည်၊ အောင်လံတစ်လျှောက် ဒေသများမှ ဝင်ရောက်နေပြီး တစ်နေ့ကို အိတ် ၅၀၀ ခန့် အဝင်ရှိနေပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်နဲ့စာရင် အဝင်ပါးလာတာ တွေ့ရပါတယ်။ မြေပဲဆီဆန်များကို မြို့တွင်းဆီစက်သမားများက အဝယ်ရှိပြီး၊ မြေပဲလုံးဆန် များကိုတော့ ရန်ကုန်၊ မန္တလေးသို့ တစ်ရက်အိတ် ၃၀၀၊ ၄၀၀ တင်ပို့မှုရှိကြောင်းလည်း သိရပါတယ်။

အဝင်ပါးပေမယ့်လည်း မြေပဲဆီဆန်၊ လုံးဆန်ဈေးတွေ ဈေးနှုန်းငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဆီဈေးနှုန်းတွေကလည်း မတက်ဘဲ ပုံမှန်ဈေးသာဖြစ်ကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဈေးနှုန်းများကတော့ မြေပဲဆီဆန် တစ်ပိဿာ ၁၉၅၀ ကျပ်၊ လုံးဆန် တစ်ပိဿာ ၂၄၅၀ ကျပ်၊ ပဲဆီ (ရှယ်) တစ်ပိဿာ ၄၅၀၀ ကျပ်၊ ပဲဆီသန့် ၄၂၀၀ ကျပ်နဲ့ ပဲဆီရိုးရိုး ၄၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။

**ဝေဝေမင်း-ပြည်**

# စားအုန်းဆီ

## ပို့ကုန်ကျဆင်းမှုကြောင့် စားအုန်းဆီဈေးနှုန်း တစ်ရာခိုင်နှုန်းနီးပါး ကျဆင်း

စားအုန်းဆီဈေးနှုန်းတွေက ယခုသီတင်းပတ်အစမှာ ရက်သတ္တပတ်သုံးပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ယခုလအတွင်း ပို့ကုန်တွေကျဆင်းခဲ့တာကို ကိန်းဂဏန်းများအရ တွေ့ရှိရပြီးတဲ့နောက်ပိုင်း မလေးရှား စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက ဇန်နဝါရီ ၂၀ ရက်မှာ တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဘီရိုကော်ဒါသတင်းမှာ ဖော်ပြ ပါတယ်။

ဖေဖော်ဝါရီမှာကျင်းပမယ့် တရုတ်နှစ်သစ်ကူးပွဲတော် မတိုင်မီ စားအုန်းဆီကို အဓိကစားသုံးတဲ့နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့တင်သွင်းမှုမြင့်တက်မယ်လို့ ခန့်မှန်းခဲ့ပေမယ့် မျှော်မှန်းထားတဲ့အတိုင်း မြင့်တက်လာတာ မတွေ့ရတဲ့အတွက် စားအုန်းဆီဈေးတွေ မြင့်တက်ဖို့ အခက်အခဲရှိနေပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ နံပါတ်နှစ်နေရာမှာရှိနေတဲ့ တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်းနဲ့ ပြိုင်ဘက်သီးနှံတစ်ခုဖြစ်တဲ့ ပဲပုပ်ရဲ့ရောင်းလိုအား အဆမတန်မြင့်တက် နေမှုတို့ကြောင့် စားအုန်းဆီရဲ့ဝယ်လိုအားကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဧပြီလအတွက် စာချုပ် ရောင်းချတဲ့ စားအုန်းဆီကြိုရောင်းဈေးက သုညဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၄၅၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၁၀ ဒေါ်လာ) နှုန်းအထိရောက်ရှိကာ ဇန်နဝါရီ ၁၈ ရက်က သီတင်းသုံးပတ် အတွင်း အမြင့်ဆုံးအဖြစ်ရောက်ရှိခဲ့တဲ့ ဈေးနှုန်းဖြစ်တဲ့ တစ်တန် ၂၄၉၅ ရင်းဂစ်နှုန်းအောက်ကို ကျဆင်းခဲ့ပါတယ်။

“ဈေးကွက်ကျဆင်းရတာကတော့ ပို့ကုန်တွေကျဆင်းတာက အဓိကဖြစ်ပါတယ်” လို့ ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။

ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း မလေးရှားစားအုန်းဆီတင်ပို့မှုက လအလိုက်နှိုင်းယှဉ်ရင် ၈ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကြောင်း၊ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Intertek Testing Services (ITS) ရဲ့ စာရင်းများအရ သိရပါတယ်။ Societe Generale de Surveillance အစီရင်ခံစာအရဆိုပါက ပို့ကုန်ကျဆင်းမှုက ၁၀ ဒသမ ၅ ရာခိုင် နှုန်းရှိတယ်လို့ ပြသထားပါတယ်။

“ပို့ကုန်ကိန်းဂဏန်းတွေက မျှော်လင့်မထားလောက်အောင် အများကြီးကျဆင်းခဲ့ပါတယ်။ စားအုန်းဆီကြမ်းတွေအတွက် ပို့ကုန်ခွန်ကို သုညရာခိုင်နှုန်းအထိ လျှော့ချထားပြီးဖြစ်တဲ့အတွက် ပို့ကုန်တင်ပို့မှုကို ထိန်းထားနိုင်မယ်လို့တော့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်”လို့လည်း ကုန်သည်တစ်ဦးက ပြောပါတယ်။

အင်ဒိုနီးရှားပြီးရင် စားအုန်းဆီထုတ်လုပ်ရာမှာ ဒုတိယအများဆုံးဖြစ်တဲ့ မလေးရှားနိုင်ငံက လွန်ခဲ့တဲ့ကိုးလအတွင်းမှာ စားအုန်းဆီကြမ်းတင်ပို့ခွန်ကို သုညရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းသိမ်းထားခဲ့ပါတယ်။

Fibonacci ခန့်မှန်းခြေဆန်းစစ်ချက်အရဆိုပါက စားအုန်းဆီဈေးနှုန်းက တစ်တန်ကိုအနိမ့်ဆုံး ၂၄၃၀ ရင်းဂစ်နှုန်းအထိ ကျဆင်းမှာဖြစ်ကြောင်း၊ ရိုက်တာသတင်းဌာနရဲ့ကုန်စည်နဲ့ စွမ်းအင်ကိန်းဂဏန်းများဆိုင်ရာ လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။ စားအုန်းဆီဈေးကွက်နဲ့ဆက်စပ်မှုရှိနေတဲ့ အမေရိကန် ရေနံစိမ်းဈေးနှုန်းတွေရဲ့ ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဖြူးမှုပမာဏ မြင့်တက်နေတဲ့အတွက် တစ်စည်ကို အမေရိကန်ဒေါ်လာ ၂၈ ဒေါ်လာအထိ ကျဆင်းပြီး ၂၀၀၃ ခုနှစ် စက်တင်ဘာလနောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

အမေရိကန်ပဲပုပ်ဆီရဲ့ မတ်လအတွက်စာချုပ်ပြီး ကြိုရောင်းဈေးက သုညဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး တရုတ် ဒါလီယံ ကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ မေလအတွက်စာချုပ်ဈေးက သုညဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၅၀ | ၁၅၀၀ | ▽ |
| ရန်ကုန် | ၄၃၀၀ | ၄၃၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၃၄၅ | ၁၃၄၅ | □ |
| မန္တလေး | ၄၀၀၀ | ၄၄၀၀ | △ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၄၀ | ၁၄၄၀ | □ |
| ပဲခူး | ၃၀၀၀ | ၃၂၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၂၀ | ၁၄၃၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၅၀၀ | △ | ၄၅၀၀ | ၃၉၀၀ | ▽ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၅၀၀ | ၄၆၀၀ | △ | ၁၄၆၀ | ၁၄၇၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၁-၂၀၁၆ US$/Ton

| အမျိုးအစား | ဇန်နဝါရီဒုတိယပတ် | ဇန်နဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၉.၀၀ | ၅၀၄.၀၀ | ▽ |
| RBD P.Olein | ၅၃၁.၅၀ | ၅၂၉.၀၀ | ▽ |
| RBD P.Strarin | ၄၉၄.၀၀ | ၅၀၈.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂- ၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၅၂.၃၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၂၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၉၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၃.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၉၁.၁၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၁-၂၀၁၆ နေ့ (CIF ဈေးCloud Point 8 ˚C Max ၅၉၀ ဒေါ်လာ၊ FOB ၅၆၅ ဒေါ်လာနှင့် USD ဈေး ၁၂၉၉ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၂-၁-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၉၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.4 Monday January 25 2016

# (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့နှင့် သူ့အကြောင်းကိုယ့်အကြောင်း

|မောင်မောင်အေး -လွိုင်ကော်|

မူလအမည်ကရင်နီပြည်နယ်ကို အများဆန္ဒနဲ့အညီ ကယားပြည်နယ်ဟု တရားဝင်ပြောင်းလဲခေါ်ခဲ့တာ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်ကဆိုတော့ ယခုနှစ်ဆိုရင် ၆၄ နှစ်ရှိခဲ့ပြီ။ အဲဒီလိုပြောင်းလဲ ခေါ်ဝေါ်ခဲ့တဲ့ကာလရောက်တိုင်း ကယားပြည်နယ်နေ့အဖြစ်သတ်မှတ်ပြီး မြို့တော်လွိုင်ကော်မှာ ပြပွဲတွေ၊ ပြိုင်ပွဲတွေ ဈေးရောင်းပွဲတွေ ပျော်ပွဲ၊ ရွှင်ပွဲတွေ ကျင်းပလေ့ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့ကလည်း (၆၄) နှစ်မြောက်ကယားပြည်နယ်နေ့ ပွဲတော်နေ့၊ ပြခန်းများဖွင့်ပွဲကို နံနက် ၉း၀၀ နာရီမှာ ပွဲတော်ကွင်းမှာ ပြုလုပ်ခဲ့ပါတယ်။ ဌာနဆိုင်ရာ ၁၈ ခုက ပြခန်းများဖွင့်လှစ်ပြသပြီး ပွဲတော်ကို လာရောက်တဲ့ လူထုပရိသတ်ကို ပြည်နယ်အတွင်းရှိ စီမံကိန်းများ၊ ဝန်ကြီးဌာနအလိုက် တိုးတက်ပြောင်းလဲဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အသိပညာပေးပြခန်း၊ သတိပြုဖွယ် လိုက်နာဆောင်ရွက်ရန်များကို အပြိုင်အဆိုင်ခင်းကျင်းပြသကြပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကယားပြည်နယ် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကလည်း ပညာပေးပြခန်း တစ်ခန်းဖွင့်လှစ် ပြသခဲ့ပါတယ်။ ပြခန်းကို ကဏ္ဍအလိုက် ခင်းကျင်းပြသရာမှာ ကယားပြည်နယ်ရဲ့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက် ပစ္စည်းများ၊ စက်မှုလက်မှုထုတ်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာန၏ သိမှတ်ဖွယ်ရာများ၊ NES နှင့် ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံချက်၊ ITC အကြောင်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိစရာမှတ်စရာများကို ဗီွနိုင်းကားချပ်၊ ဇယားများ၊ ရုပ်ပုံများ၊ ကုန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပါတယ်။

ပြခန်းများကို ပြည်နယ်အစိုးရဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးတာနဲ့ ပြခန်းတိုင်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်းကို ရောက်တဲ့အခါ ခင်းကျင်းပြသထားတဲ့ ထွက်ကုန်ပစ္စည်းတွေကို အသေးစိတ် စိတ်ဝင်တစား ကြည့်ရှုပြီး မေးမြန်းဆွေးနွေးမှုများ ပြုလုပ်သွားခဲ့ပါတယ်။

ယမန်နှစ် (၆၃) နှစ်မြောက် ပြပွဲမှာတော့ ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အသားပေးပြသခဲ့ပြီး ဒီနှစ်မှာတော့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများကို ဦးစားပေးပြသထားကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးကိစ္စမှာ လူတိုင်းနဲ့သက်ဆိုင်တဲ့လုပ်ငန်း၊ လူတိုင်းသတိပြုရမယ့်လုပ်ငန်းများဖြစ်တဲ့အတွက် လူတိုင်း စားသုံးသူတိုင်း နားလည်သဘောပေါက်ထားကြရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းနေအရွယ် ကလေးငယ်များရဲ့ ကျောင်းမုန့်ဆိုင်ဈေးကွက်တွေမှာ ရောင်းချနေတဲ့ ပြည်တွင်းပြည်ပထုတ် မုန့်မျိုးစုံတွေဟာ အန္တရာယ်နဲ့ မလွတ်ကင်းတာကို တွေ့နေရပါကြောင်း၊ ပြီးစလွယ်ထုပ်ပိုးထားခြင်း၊ ခွင့်မပြုဆိုးဆေး ရောင်စုံ ဆေးများဆိုးထားခြင်း၊ အချိုလွန်ကဲတဲ့ အစားအသောက်များ၊ ရက်လွန်အစားအစာများ၊ တာရှည်ခံ ဆေးများသုံးစွဲထားခြင်း၊ အရောင်ချွတ်ဆေးများသုံးစွဲခြင်း၊ ထုပ်ပိုးပစ္စည်းကို ဆွဲဆောင်မှုရှိအောင် ပြုပြင်ထားပြီး အတွင်းမှာ ဘာအာဟာရမှမဖြစ်တဲ့ မုန့်များကို ရောင်းချခြင်း စတာတွေဟာ ကလေးများ၊ ကျောင်းသူ ကျောင်းသားငယ်များရဲ့ အနာဂတ်ကို မှေးမှိန်စေရန် ပြုသကဲ့သို့ဖြစ်နေကြကြောင်း၊ ယခုလည်း မိမိတို့ဌာနမှ စည်ပင်သာယာဈေးနဲ့ လက်ကားမုန့်ဆိုင်များ၊ ဆေးဆိုင်များ၊ ရေသန့်စက်ရုံများ၊ အထက်တန်း ကျောင်းများသို့ သွားရောက်ပြီး ကွင်းဆင်းဟောပြောပညာပေးလျက်ရှိကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ထံ ရှင်းလင်းတင်ပြခဲ့ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်ကလည်း ကျောင်းမုန့်ဈေးတန်းများကို ကြပ်မတ်ပေးဖို့လိုကြောင်း၊ ပုံမှန်ရှောင်တခင် ဝင်ရောက်စစ်ဆေးပေးရန်လိုကြောင်း၊ ဒီလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဌာနများဖြစ်ကြတဲ့ ကျန်းမာရေး၊ စည်ပင်သာယာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနဲ့ ပူးပေါင်းပြီး စီမံချက်ချမှတ်ဆောင်ရွက်ရန်လိုကြောင်း ညွှန်ကြားသွားပြီး၊ အန္တရာယ်ရှိမုန့်များ နမူနာဝယ်ယူခင်းကျင်းပြသထားတာကို ကိုင်တွယ်ကြည့်ရှုလေ့လာပြီး စိတ်ဝင်တစားမေးမြန်းကာလမ်းညွှန်မှုများပြုလုပ်သွားခဲ့ပါတယ်။

ဒီစားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရကလည်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကို Focal Ministry အဖြစ်ထားရှိပြီး၊ အဲဒီဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကိုလည်း Focal Department အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးရှိ တိုင်းနဲ့ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေမှာပါ အသိပညာပေးခြင်း၊ အငြင်းပွားမှုများ ဖြေရှင်းခြင်းနဲ့ တိုင်ကြားစာ တိုင်ကြားသံများ လက်ခံနားထောင်





ဖြေရှင်းပေးခြင်းများ ဒိုင်ခံဆောင်ရွက်နေကြရပါတယ်။

ဒါနဲ့ . . . စကားမစပ်ပြောရဦးမယ်။ တစ်နေ့ကတော့ ခရိုင်ကြီးတစ်ခုမှာ ခရိုင်ဦးစီးမှူးအနေနဲ့ တာဝန် ထမ်းဆောင်နေတဲ့ ညီတော်မောင်တစ်ယောက်က ဖုန်းဆက်ပါတယ်။ သူ့အဆင့်ကတော့ ဦးစီးအရာရှိအဆင့်ပါ။ အစ်ကိုရာ "မမိုက်ပါဘူး" ကစပါတယ်။ သူတို့ခေတ်စကားနဲ့ပေါ့။

ကဲ. . ဆိုပါဦးလို့ပြောတော့

ခရိုင်မှာစားသုံးသူ ကိစ္စလုပ်ကြရမှာဆိုတော့ ထုံးစံအတိုင်း ကျွန်တော်တို့ဌာနကပဲ ဦးဆောင်ပြီး အစည်းအဝေးတွေဖိတ်၊ ဦးဆောင်ရှင်းလင်း၊ ဦးဆောင်ဆွေးနွေးကြရတာပေါ့။ ပထမအကြိမ်အစည်းအဝေး ဖိတ်တုန်းကတော့ အခြားဌာနက ခရိုင်အကြီးအကဲတွေ လာကြပါတယ်။ တချို့က ဒုတိယ ညွှန်ကြားရေးမှူး၊ ဒုတိယရဲမှူးကြီး၊ လက်ထောက်ညွှန်ကြားရေးမှူးတွေပေါ့။ အစည်းအဝေးစလို့ မိတ်ဆက်တဲ့နေရာမှာ ကျွန်တော်က ဦးစီးအရာရှိပါဆိုတော့ တက်ရောက်လာသူတွေရဲ့ မျက်နှာမှာစိတ်ဝင်စားမှုတွေ လျော့ကျသွားပြီး အချင်းချင်းစကားပြောလိုပြော၊ လက်ကိုင်ဖုန်းပွတ်လိုပွတ်နဲ့ အင်တာနက်လိုနက်နဲ့ အချိန်ကုန်တော့ ထပြန်သွားကြတယ်။

နောက်တစ်ကြိမ် ကျွန်တော်က လက်တွေ့ကွင်းဆင်းဖို့ အကောင်အထည်ဖော်ဖို့ အစည်းအဝေးခေါ်တော့ ဆရာများက ကိုယ်တိုင်မတက်ကြတော့ဘူး။ လက်အောက်က အရာရှိငယ်တွေလွှတ်၊ ဌာနခွဲစာရေးကြီးတွေလွှတ်နဲ့ အိမ်ပြည့်သဘောမျိုးပဲလာကြတယ်။ အစည်းအဝေးဆုံးဖြတ်ချက်က ကျွန်တော်တို့ ဆရာ/အကြီးအကဲကို ပြန်တင်ပြလိုက်ပါ့မယ်နဲ့ ၂၀၁၅ ခုနှစ်ကုန်ခဲ့တာပဲ။

တစ်ရက်ကလည်း နိုင်ငံတော်အကြီးအကဲလာမယ်၊ တက်ရောက်ရမည့် သူများနေရာချထားတဲ့အချိန်မှာ အသံကြားရတယ်။




ခရိုင်အဆင့် လ/ထညွှန်ကြားရေးမှူး အစစ်တွေ ရှေ့မှာထားဟေ့။ အခြားအဆင့်တွေကို နောက်ကတန်းစီတဲ့၊ တော်ပါသေးရဲ့၊ လ/ထ ညွှန်ကြားရေးမှူး အတုတွေလို့မပြောလို့၊ နယ်ကလူတွေ ခံနေရပုံများပြောပါတယ်။

အသက်ကြီးလာလို့လားမသိပါဘူး။ စာကလေးများရေးလိုက်ပြီဆိုရင် ဟိုရောက်ဒီရောက်နဲ့၊ ရုပ်ခန္ဓာကြီးဟာ အစိုးမရဆိုသလိုပဲ။ စိတ်ကပါလှတယ် မဟုတ်တောင်မှ လက်ကသူရေးချင်ရာရေးမိသွားတာကလား။ တော်တော်ဖောက်ပြန်တဲ့ရုပ်ပါလား. . . ကဲ အစပိုင်းမှာပြပွဲအကြောင်းပြောနေတာပဲ။ လမ်းကြောင်းပေါ် ပြန်ဆွဲတင်လိုက်ဦးမှ။

ပွဲတော်ကွင်းက ဌာနဆိုင်ရာ အသီးသီးပြပွဲ မျက်နှာစာမှာမီးလုံး၊ မီးသီး၊ မီးချောင်း၊ မီးဆလိုက်၊ မီးကုံး၊ မီးတန်းများနဲ့ အကြီးအသေးဌာန အင်အားအလိုက် အပြိုင်အဆိုင် မီးဆင်နေကြပြီခင်ဗျာ။ ကျွန်တော်တို့ ကယားပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြခန်းကတော့ အရပ်ထဲမှာပြီးခဲ့တဲ့ ခရစ္စမတ်ပွဲအကျန်က မီးကုံးတွေ၊ မီးလုံးတွေလိုက်ငှား၊ ငါးဝပ်မီးလုံးတန်း ကလေးများနဲ့ မှုန်မှုန်မွှားမွှား ဆင်နိုင်တာပါခင်ဗျာ။ တစ်နှစ်သားတောင်မရှိသေးတဲ့ဌာနအသစ်ကလေး ဆိုတော့ ဟိုစမ်းစမ်း. . ဒီစမ်းစမ်းနဲ့. . . ။

ဟိုဘက်နားကဌာနကြီးတစ်ခုကတော့ အထက်ပိုင်းမှာ မာကျူရီ၊ ဟေလိုဂျင်၊ ဆလိုက်မီးတွေက အပေါ်ဆုံးက တစ်လုံး၊ ဒုတိယအကြီး သုံးလုံး၊ နောက်တစ်ဆင့် ကိုးလုံးခင်ဗျ။ အလယ်မှာလည်း အဲဒီကိုး လုံးနဲ့အတူတူ မာကျူရီမီးလုံးတွေခင်ဗျ၊ အပေါ်ဘက်ကိုမော့ပြီး မီးထွန်းညှိ ထားသမျှ အဲ. . ဘေးဘက်နဲ့ အောက်ခြေမှာတော့ ငါးဝပ်အား LED မီးကွေးကလေးတွေကို ခပ်မှိန်မှိန်တွေ့ရပါတယ်။ သူတို့အနားပတ်ဝန်းကျင်မှာတော့ ခပ်မှောင်မှောင် ပေါ့ခင်ဗျ။

အဲ. . မီးဆင်နေတဲ့ ဆရာကြီးက အပေါ်မီးလုံးတွေ လင်းသလောက်အောက်ဆုံးနဲ့ မကျတကျက LED မီးလုံးမီးကွေးတွေက ဘာဖြစ်လို့သိပ်မလင်းရတာလဲလို့လှမ်းလှမ်းပြီး အပြစ်တင်နေတာလည်း ကြားရတယ်ခင်ဗျ။ အားပိုကောင်းတဲ့မီးလုံးတွေ အထိုက်အလျောက် အခုလဲပေးလိုက်ရင် အခုလင်းမှာပေါ့။ မဟုတ်ဘူးလားခင်ဗျ။ အများနည်းတူဝင်ဆံ့သွားမှာပေါ့။

ဟိုဘက်နားက မြင်ရတဲ့ အခြားဌာနရဲ့ ပြခန်းကို မီးဆင်နေတာကို ပြောတာပါ။ ကျွန်တော့်စာမှာ ရယ်စရာမပါဘဲနဲ့ စာဖတ်သူဆရာက ဘာဖြစ်လို့ ပြုံးနေရပါသလဲ။ အောင်မယ်. . . ရယ်နေပြန်ပြီ။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန်တန်ဖိုး တိုးတက်လာမည်ဟု ခန့်မှန်း

တောင်ကိုရီးယားနိုင်ငံအစိုးရနှင့် အရေးပါသော စီးပွားရေးဆိုင်ရာအထူးအဖွဲ့များအနေဖြင့် ယခုနှစ်အတွက် ပို့ကုန်တန်ဖိုးတွင် နှစ်ရာခိုင်နှုန်းနှင့်လေးရာခိုင်နှုန်းကြားတိုးလာနိုင်သည်ဟု ခန့်မှန်းကြသည်။ ယခင်နှစ်များက ပို့ကုန်ကျဆင်းမှုရလဒ်အဖြစ် ဆက်လက်ကျဆင်းနေဆဲဖြစ်သည့် လောင်စာဆီဈေးနှုန်းသည်လည်း အချိန်မရွေးပြောင်းလဲနိုင်သည်ဟု ခန့်မှန်းကြသည်။ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် ပို့ကုန်တန်ဖိုးသည်အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၂ ဘီလီယံသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ယမန်နှစ်တန်ဖိုးထက် ၂ ဒသမ ၁ရာခိုင်နှုန်း တိုးတက်လာကာ သွင်းကုန်တန်ဖိုးသည် ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ကာ ၄၄ ဒသမ ၈၂ ဘီလီယံဒေါ်လာအထိရောက်ရှိနိုင်ကြောင်းပြော ၁ ကြားခဲ့ပြီး ကုန်သွယ်မှုပိုငွေအဖြစ် အမေရိကန်ဒေါ်လာဘီလီယံ၉၀ ရှိနိုင်သည်ဟုပြောကြားခဲ့သည်။

ကိုရီးယားစက်မှုစီးပွားရေးနှင့် ကုန်သွယ်ရေးအဖွဲ့ကလည်း အလားတူခန့်မှန်းချက်များ ထုတ်ပြန်ခဲ့သည်။ ပြည်နယ်စီးပွားရေးဆိုင်ရာ အထူးအဖွဲ့ကလည်း ယခုနှစ်တွင် ပို့ကုန်တန်ဖိုး ၂ ဒသမ ၁ရာခိုင်နှုန်း၊ သွင်းကုန်တန်ဖိုး သုံးရာခိုင်နှုန်း တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့သည်။ ကုန်သွယ်မှုပိုငွေအဖြစ် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၁ ဘီလီယံရှိနိုင်သည်ဟုလည်း ပြောကြားခဲ့သည်။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းအနေဖြင့် ပို့ကုန်တန်ဖိုးသည် ယခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာနိုင်ပြီး၊ သွင်းကုန်တန်ဖိုးသည် ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးလာနိုင်၍ ကုန်သွယ်မှုပိုငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံအထိရောက်ရှိနိုင်သည်ဟုခန့်မှန်းကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အကြွေစေ့ကင်းစင်သောလူ့ အသိုက်အဝန်းဖြစ်ရန် တောင်ကိုရီးယားဗဟိုဘဏ်က တွန်းအားပေး

ကိုရီးယား ဗဟိုဘဏ်သည် အကြွေစေ့ကင်းစင်သောလူ့အသိုက်အဝန်းတစ်ခုသို့ အသွင်ပြောင်းနိုင်ရေးအတွက် ယခုနှစ်တွင်အကြွေစေ့များ အသုံးပြုမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဗဟိုဘဏ်၏ အစီအစဉ်များအရ ငွေသားဖြင့်ပေးချေသူများသည် ပြန်အမ်းငွေများကို အကြွေစေ့များအဖြစ် လက်ခံရရှိမည်မဟုတ်ဘဲ ကတ်စနစ်ဖြင့်လက်ခံရရှိမည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဥပမာအားဖြင့် ဝမ် ၉,၅၀၀ ကျသင့်ငွေအတွက် ဝမ် ၁၀,၀၀၀ ပေးလိုက်ပါက ဈေးရောင်းသူက ပြန်အမ်းငွေ ဝမ် ၅၀၀ ကို ဝယ်သူ၏ကတ်သို့ ချိတ်ဆက်ပေးပို့ပေးမည်ဖြစ်သည်။

အကြွေစေ့များထုတ်လုပ်ရာတွင် တစ် နှစ်လျှင် ဝမ်ဘီလီယံ ၅၀ထက်မနည်း အသုံးပြုနေရကြောင်း၊ ပြည်သူများအနေဖြင့် ၎င်းငွေများလည်းပတ်ရေးအတွက်ပေးနေရသည့် ကုန်ကျစရိတ်သည် ပမာဏ အတိုင်းအတာတစ်ခုအထိရှိကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့သည်။ အကယ်၍ ယခုကဲ့သို့ ကတ်စနစ်အားပြောင်းလဲမည် ဆိုပါက ဘဏ္ဍာရေးကဏ္ဍ၌သာမက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့် မလိုလားအပ်သော ကုန်ကျစရိတ်များကို လျှော့ချခွဲတာနိုင်မည်ဖြစ်သည်။ ဗဟိုဘဏ်အနေဖြင့် နောက်ဆုံးရည်မှန်းချက်ဖြစ်သည့် အကြွေစေ့ကင်းစင်သောလူ့အသိုက် အဝန်းအဖြစ် ပြောင်းလဲနိုင်ရန် ကြိုးစားမှုမှာ အပြောင်းအလဲ တစ်ခုဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲနိုင်ရန်အတွက်လည်း ဥပဒေအရ အခက်အခဲများစွာရှိနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဗဟိုဘဏ်အနေဖြင့် အကြွေစေ့ကင်းစင်သောလူ့အသိုက်အဝန်းဖြစ်ပေါ်လာရေးကို ၂၀၂၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းကြောင်းလည်း ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

## ထွန်းသစ်စစက်မှုလုပ်ငန်းသစ်များကို တောင်ကိုရီးယားအစိုးရက ငွေကြေး ထောက်ပံ့မည်

ခေတ်ပေါ်ကားများ၊ ခွဲစိတ်ခန်းသုံးစက်ရုပ်များနှင့် ၎င်းတို့တွင်ပါဝင်သည့်ဆော့ဖ်ဝဲများ အစရှိသည့် စက်ပစ္စည်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအသစ်များကို ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်၍ ဝမ်ထရီလီယံ ၈၀ကို အစိုးရရန်ပုံငွေအဖြစ်ထားရှိကာ ဖန်တီးတီထွင်မှုရှိသည့် စီးပွားရေးကို တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။ တောင်ကိုရီးယားသမ္မတထံသို့ တင်ပြသည့် ပူးပေါင်းဆောင်ရွက်မှုမူဝါဒတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ကယ်လီဖိုးနီးယားရှိ အဆင့်မြင့်နည်းပညာဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာဒေသဖြစ်သည့် ဆီလီကွန်တောင်ကြားကို အတုယူကာ အာရှအသွင်ဖြင့် ဆိုးလ်မြို့တွင် တည် ဆောက်သွားမည်ဖြစ်ကြောင်း၊ ၎င်းသည် ကိုရီးယားနိုင်ငံတွင်းမှသာမက ပြည်ပမှ ပိုမိုဆန်းသစ်တီထွင်နိုင်သည့် စွန့်ဦးတီထွင်သူများကိုလည်း အားပေး ရန်ရည်ရွယ်ကြောင်း ဖော်ပြထားသည်။ အစိုးရအနေဖြင့် ဖန်တီးမှုစွမ်းရည်ရှိသည့် စီးပွားရေးတီထွင်ဆန်းသစ်မှု ဗဟိုဌာန ၁၇ ခုကို ဒေသတွင်း စီးပွားရေး စင်တာများအနေဖြင့် တည်ထောင် ရန်စီစဉ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေးကိုပြန်လည်အားကောင်းစေရန်နှင့် ကနဦးစတင်လုပ်ကိုင်သည့် စီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းကြီးများအကြား အကျိုးတူပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် ရည်ရွယ်သည်။

အစိုးရ၏ ဦးစားပေးထောက်ပံ့မှုများသည် အကြီးစားစက်မှု လုပ်ငန်းများကို နိုင်ငံ၏ အဓိက တိုးတက်ရေးမောင်းနှင်အားဖြစ်စေရန် ဆောင်ရွက်ခဲ့သည့် အတိတ်ကသာဓကများလည်း ရှိခဲ့သည်။ ယင်းကဲ့သို့ မူဝါဒများသည် နိုင်ငံ၏စီးပွားရေးကို ထုတ်လုပ်မှုမှသည် သတင်းအချက်အလက် နည်းပညာနှင့် ဆော့ဖ်ဝဲစက်ရုံများကို အခြေခံသည့် စနစ်သို့ စနစ်တကျ ပြောင်းလဲစေနိုင်ရန်အတွက် ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ သမ္မတပတ်ဂွမ်ဟီးက ကမ္ဘာပေါ်တွင် အကောင်းဆုံးသောနည်းပညာများကို ကနဦးသုတေသနပြုလုပ်ခြင်းဖြင့် လုံခြုံစိတ်ချရမှုရှိစေရန် ဆောင်ရွက် ရန်လိုကြောင်း၊ နောင်လာမည့် ၁၀နှစ်၊ အနှစ် ၂၀ အထိ ရေရှည်ကိုကြည့်၍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ဇီဝကျန်းမာရေး၊ ခရီးသွားလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာလုပ်ငန်းတို့ကို မူဝါဒပိုင်းဆိုင်ရာ ငွေကြေးပံ့ပိုးမှုများနှင့်အတူ ထွန်းသစ်စ ကဏ္ဍများကို ထောက်ပံ့ပေးရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ **ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## စီးပွားရေးမြှင့်နိုင်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်အတွက် အနိမ့်ဆုံးလုပ်အားခကို တောင်ကိုရီးယားနိုင်ငံ မြှင့်တင်သတ်မှတ်မည်

တောင်ကိုရီးယားနိုင်ငံအစိုးရအနေဖြင့် ယိုင်နဲ့နေသော စီးပွားရေးအခြေအနေကို ပြန်လည်တည့်မတ်ရန်အတွက် ၂၀၀၈ ခုနှစ်မှစတင်ကာ အနိမ့်ဆုံးလုပ်အားခကို အမြင့်ဆုံးနှုန်းထားများသို့ တိုးမြှင့်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ၏ ၂၀၁၆ ခုနှစ်အတွက် အနိမ့်ဆုံးလုပ် အားခကိုတစ် နာရီလျှင် ဝမ် ၆,၀၃၀ သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ရာ ၂၀၁၅ ခုနှစ်ကအနိမ့်ဆုံးလုပ်အားခသည် တစ်နာရီလျှင် ၅,၅၈၀ ဝမ် ရှိခဲ့ရာမှ ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အသစ်သတ်မှတ်လိုက်သော အနိမ့်ဆုံးလုပ်အားခသည် အကြမ်းအားဖြင့် တစ်ရက်လျှင် အလုပ်ချိန် ရှစ်နာရီလုပ်ပါ က ဝမ် ၄၈,၂၄၀ ရရှိမည်ဖြစ်ပြီး၊ တစ်လလျှင် ၂၀၉ နာရီ အလုပ်လုပ်ပါက ဝမ် ၁ ဒသမ ၂ သန်း ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ အလုပ်သမားပေါင်းခုနစ်သန်းခန့်က လုပ်ခလစာတိုးမြှင့်ရေးအတွက် တောင်းဆိုနေချိန်တွင် အစိုးရအနေဖြင့် လုပ်ခလစာများ တိုးမြှင့်လိုက်ခြင်းသည် အလုပ်သမားပေါင်း ၃ ဒသမ ၄၂ သန်းခန့် အပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

လက်ရှိတွင် အလုပ်သမားနှင့် စီမံအုပ်ချုပ်သူများအကြား စေ့စပ်ညှိနှိုင်းလျက်ရှိသော်လည်း သဘောတူညီမှုမရရှိသေးပေ။ စီမံအုပ်ချုပ်သူများက လုပ်အားခ တိုးမြှင့်ရန်ရပ်ဆိုင်းထားသော်လည်း ၂၀၁၆ ခုနှစ်တွင် အနိမ့်ဆုံးလုပ်အားခ တစ်နာရီလျှင် ဝမ် ၁၀,၀၀၀ နှုန်းရရှိရန် အလုပ်သမားများက တောင်းဆိုခဲ့သည်။ အလုပ်သမားများဘက်မှလည်း တစ်နာရီလျှင် ရရှိသောလုပ်အားခ ဝမ် ၆,၀၃၀ မှာ နိုင်ငံအတွင်းလုပ်အားခကွာဟမှုကို နည်းပါးစေရန်နှင့် ဝင်ငွေနိမ့်ကျသော အလုပ်သမားများ၏ ဘဝတည်ငြိမ်မှုရရှိရန်အတွက် လောက်ငှမှုမရှိသေးကြောင်း စောဒကတက်မှုများရှိခဲ့သည်။

အနိမ့်ဆုံးလုပ်ခလစာကို တိုးမြှင့်ပေးခြင်း ဖြင့် ပြည်တွင်းဈေးကွက် ပြန်လည် ဦးမော့လာစေနိုင်ကြောင်း၊ သို့သော်လည်း တိုးမြှင့်သည့်နှုန်းထားမှာ နှေး ကွေးနေသေးကြောင်း ကိုရီးယားကုန်သည်ကြီးများအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အနိမ့်ဆုံးလုပ်အားခ ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးမြှင့်လိုက်ခြင်းမှာ ကုမ္ပဏီအသေးလေးများအတွက် အလွန်တရာကြီးမားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း စီမံအုပ်ချုပ်သူများမှ ပြောကြားခဲ့သည်။ အနိမ့်ဆုံး လုပ်အားခ တိုးမြှင့်ခြင်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အလုပ်သမားအသစ်ခေါ်ယူမှုများ လျော့နည်းလာနိုင်သဖြင့် အဆိုပါလုပ်ငန်းများအနေဖြင့် ယင်းသို့တိုးမြှင့်ပေးနိုင်စွမ်းရှိ/မရှိကို နှိုင်းယှဉ်သုံးသပ်ရန်လိုကြောင်း အသေးစားနှင့်အလတ်စားကုမ္ပဏီများဆိုင်ရာအသင်းချုပ်မှ ပြောကြားခဲ့ သည်။ အလုပ်အကိုင်နှင့်အလုပ်သမား ဝန်ကြီးဌာနက နောက်နှစ်အတွက် အနိမ့်ဆုံးလုပ်အားခကို အလုပ်သမားနှင့် စီမံအုပ်ချုပ်သူများက ကန့်ကွက်နိုင် သည့်ကာလကို ရက် ၂၀ သတ်မှတ်ပြီးနောက် နှစ်စဉ် ဩဂုတ်လ ၅ ရက်နေ့တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၅–၁–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်)ကို အိန္ဒိယက ဝယ်လိုအားပုံမှန်ရှိ


ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်)တွေ အဝင်များလာသလို အိန္ဒိယဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၅၁၈၀၀၀ ကျပ်ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) အနေဖြင့် ဒီနှစ်မှာ ရာသီဥတုအနေအထား ကောင်းမွန်မှုကြောင့် ပဲအထွက် သုံးသိန်းခန့်ထွက်ရှိနိုင်တယ်လို့ ဘုရင့်နောင်အခြေစိုက် ပဲကုန်သည်တစ်ဦးက ပြောပါတယ်။ ယခင်နှစ်က တစ်သိန်းဝန်းကျင်ခန့်သာထွက်ရှိပြီး ဒီနှစ်လောက် ဈေးကောင်းမရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) တွေ ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၇၅ ကျပ်(တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို ဈေးကလည်းအကျဘက်မှာ ရှိနေကြောင်း သိရပါတယ်။

×××××××××××××××××



## ရေစကြိုဈေးကွက်မှာ မတ်ပဲ(သစ်) တွေ ပုံမှန်ဝင်ရောက်လာ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၈၅၀ ကျပ်(တစ်တန်ကို ၁၇၄၅၃၁၀ ကျပ်) ဈေးဖြင့် ဈေးဖွင့် အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ အသစ်ဝင်ရောက်လာတဲ့ မတ်ပဲကိုပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနှင့် သိပ္ပံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ်(တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၆၀၀ မှ ၈၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)ကတော့ ဈေးကွက်သို့အဝင်များလာသလို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၅၀ ကျပ်(တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်းသိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းနက်ကို မန္တလေး-ရန်ကုန် ဝယ်လက်က တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားနေ့စဉ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) နှင့် ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) တွေ ဆက်လက်ဝင်ရောက်နေသလို အိန္ဒိယအတွက် အဓိကဝယ်ယူ နေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးကွက်သို့ ပစ္စည်းအဝင်လျှိုင်တာကြောင့် ဈေးအနည်းငယ် ကျလာပြီး တစ်ပိဿာကို ၂၄၅၀ ကျပ်(တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ မန္တလေးဝယ်လက်ဝယ်လိုအား ပုံမှန်ရှိ ပေမယ့် အရည်အသွေးကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၇၅၀ ကျပ်(တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟင်္သာတဈေးကွက်မှာမတ်ပဲ(သစ်) စတင်ဝင်လာ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တချို့ စတင်ဝင်ရောက်လာပေမယ့် အဝင်မလျှိုင်သေးကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)ကဝင်တော့စဝင်နေတယ်။ အဖွင့်ဈေးက တစ်ပိဿာ ၃၀၅၀ ကျပ်(တစ်တန်ကို ၁၈၆၇၇၈၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်ခဲ့ပေမယ့် ရန်ကုန်အဝယ်ပါးနေသေးကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်တွင် ပဲတီစိမ်းကို မန္တလေးဝယ်အားများသလို ပဲစင်းငုံနီကိုလည်း ရန်ကုန်အဝယ်များနေ

ပြည်ဈေးကွက်တွင် ဒီတစ်ပတ် ပဲစိမ်းကြီးကို မန္တလေးဝယ်လက်ဝယ်လိုအားများခဲ့ပြီး တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) ကဈေးကွက်သို့ ဝင်ရောက်မှု ပုံမှန်ရှိသလို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၄၀ ကျပ်(တစ်တန်ကို ၁၄၉၄၂၃၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ (သစ်)ကို ရန်ကုန်ဝယ်လက် ဈေးချအဝယ်ရှိနေ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) အဝင်ပိုလာပေမယ့် Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူ ကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် အရောင်း အဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ) ကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၈၉၅ ကျပ်(တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် ပုံမှန် အဝယ် ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)ကို မြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၂၇၈၀ ကျပ် (တစ်တန်ကို ၁၇၀၂၄၄၄ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျလာကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)၊ မတ်ပဲ(သစ်) နှင့် ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ ပုံမှန်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) တွေ ဈေးကွက်ထဲစတင်ဝင်ရောက်နေ သလို ရန်ကုန်ဝယ် လက်ကလည်း တစ်ပိဿာကို ၂၈၃၀ ကျပ် (တစ်တန်ကို ၁၇၃၃၀၆၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးကွက်သို့ ပစ္စည်းအဝင်များတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၂၇ ကျပ် (တစ်တန်ကို ၁၂၄၁၃၁၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို အစာစပ်လုပ်ငန်းရှင်များ အဝယ်သွက်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်များလာသလို ရန်ကုန်-မန္တလေးဝယ်လိုအားထက် အစာစပ်လုပ်ငန်းရှင်များရဲ့ ဝယ်လိုအားက ပိုများလာကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၈၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ခြောက်သိန်းခန့် ဖြစ်ခဲ့ကြောင်း ရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာတရုတ်က ပြောင်း ဝယ်လိုအားသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအဝင်လျှိုင်သလို တရုတ်ဝယ်လက်ကလည်း ပြောင်းကို ဝယ်လိုအား သွက်နေကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ယာဉ်ကြောပိတ်ဆို့မှုကြောင့် မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်နည်း

မူဆယ်ဈေးကွက်မှာ ယခင်တစ်ပတ်က ကွတ်ခိုင်- မူဆယ် လမ်းကြောင်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် တစ်ပတ်အတွင်း ပြောင်းတန်ချိန် ၂၅၀၀၀ ခန့်သာ ဝင်ရောက်ခဲ့ကြောင်း ဝင်သလောက်တော့ တရုတ်ဘက်မှ အဆွဲပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၇၈ ယွမ်မှ ၈၂ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းသွားပြီး ပြောင်းကားတွေလည်း ပုံမှန်ဝင်ရောက်နေတယ်လို့ သိရပါတယ်။



# စားသောက်ကုန်ထုတ် လုပ်ငန်းများအတွက် HACCP

■ ယခင်တစ်ပတ်မှအဆက်




ဖော်ပြပါ ထိန်းချုပ်ဆောင်ရွက်ချက်များအပြင် စားသောက်ဆိုင်ဝန်ထမ်း အားလုံးသည် (Good Hygiene Practice-GHP) ကို အစဉ်အမြဲလိုက်နာကြရမှာဖြစ်ပြီး အခြေခံအားဖြင့်မိမိတို့၏ လက်များကိုမိနစ် ၃၀ တိုင်း တစ်ကြိမ်နှင့် အိမ်သာမှပြန်လာတိုင်းဆပ်ပြာဖြင့် နည်းလမ်းမှန်စွာဆေးကြောရန် လိုအပ်ပါတယ်။ ဒါတွေဟာ စားသောက်ဆိုင်ရဲ့ စားဖိုဆောင်နှင့် တည်ခင်းမှုအပိုင်းတွေမှာ လိုက်နာရမယ့် HACCP ရဲ့ အစိတ်အပိုင်းလေးတစ်ခုကို တင်ပြထားခြင်းဖြစ်ပါတယ်။

နောက်ထပ်ဥပမာတစ်ခုအနေဖြင့် သံလွင်ဆီထုတ်လုပ်သည့် စက်ရုံတစ်ရုံ၏ ထုတ်လုပ်မှုအဆင့်များ ကြိုတင်ခန့်မှန်းထားသည့် ဘေးအန္တရာယ် အမျိုးအစားနှင့် ထိန်းချုပ်ဆောင်ရွက်မှုများ အကြောင်းကို အထက်ပါဇယားအတိုင်း လေ့လာနိုင်ပါတယ်-

| ထုတ်လုပ်မှုအဆင့်များ | ကြိုတင်ခန့်မှန်းထားသည့် ဘေးအန္တရာယ် | ထိန်းချုပ်ဆောင်ရွက်မှုများ |
|---|---|---|
| ၁။ ကုန်ကြမ်းရယူခြင်း(သံလွင်သီး) | ပိုးသတ်ဆေးကြွင်းသတ်မှတ်ချက်ထက်များနေခြင်း မှိုကျရောက်နေခြင်း | ကုန်ကြမ်းသွင်းသူများထံမှမှိုနှင့်ပိုးသတ်ဆေး ကြွင်းဆိုင်ရာသက်သေခံလက်မှတ် (Certificate) တောင်းခံခြင်း။<br>ကုန်ကြမ်းလက်ခံရာတွင် သံလွင်သီးနှင့် ပတ်သက်သော စစ်ဆေးချက်လုပ်ငန်းစဉ်ကို တည်ဆောက်ထားခြင်း |
| ၂။ ကုန်ကြမ်းသိုလှောင်ခြင်း (သံလွင်သီး) | မှိုဆိပ် | သိုလှောင်ရုံသန့်ရှင်းခြင်း၊ သိုလှောင်ရုံဧရိယာလေဝင်လေထွက် ကောင်းစေခြင်း၊ သန့်စင်၍ သင့်လျော် သောပုံးခွံကိုအသုံးပြုခြင်း၊ သိုလှောင်ပြီးသံလွင်သီးများကို ၄၈ နာရီ အတွင်း ကြိတ်ခွဲစေခြင်း။ |
| ၃။ ကြိတ်ခွဲခြင်း | ရေနှင့်အသုံးပြုသော ကိရိယာများမှ ဓါတုဗေဒဆိုင်ရာ အညစ်အကြေးများနှင့် သတ္တုစ | ကြိတ်ခွဲစဉ်တလျှောက်လုံး အစားအစာထုတ်လုပ်ရာတွင် သင့်တော်သော ပစ္စည်းကိရိယာများကိုသာတပ်ဆင် အသုံးပြုခြင်း ၎င်းတို့ကို ပြုပြင်ထိန်းသိမ်းမှုပုံမှန်လုပ်ခြင်း၊ စက်ရုံနှင့် စက်ကိရိယာများသန့်ရှင်းရေးပုံမှန် ပြုလုပ်ခြင်း၊ အစာအစာထုတ်လုပ်ရာတွင် အသုံးပြုသော ရေကို ဓါတ်ခွဲစမ်းသပ်ခြင်း၊ ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးခြင်း။ |
| ၄။ ဆီသိုလှောင်ခြင်း | သိုလှောင်ကန်မှ အညစ်အကြေး | Stainless steel ဖြင့် ပြုလုပ်ထားသောကန်ကို အသုံးပြုခြင်းနှင့် ၎င်းကန်၏ မူလသိုလှောင်ပစ္စည်းအညစ်အကြေး၊ အကြွင်းအကျန်များကို သေချာစွာဆေးကြော သန့်စင်ထားပြီး အခြောက်ခံထားခြင်း |
| ၅။ ဆီသယ်ယူပို့ဆောင်ခြင်း | - ထည့်သောပုံးမှအညစ်အကြေး<br>- ပုလင်းခွံမှ အညစ်အကြေး | - သန့်ရှင်းခြောက်သွေ့သော ထည့်စရာပုံးခွံနှင့် အဖုံးများအသုံးပြုခြင်း၊ လုံခြုံစွာသယ်ယူခြင်း၊ ပုလင်းထဲသို့ ဆီမဖြည့်မီပုလင်းခွံနှင့် အဖုံးကို သေချာစွာစစ်ဆေးခြင်း၊ ပုလင်းထဲသို့ဆီဖြည့်ပြီးပါကလည်း သေချာစစ်ဆေးပြီးအပေါ်မှ Packing တစ်ထပ်ပြန်လည် ထုပ်ပိုးစေခြင်း၊ စက်ပစ္စည်းကိရိယာ လုံလောက်စွာဖြင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း။ |

ထိုကဲ့သို့ ထုတ်လုပ်မှုအဆင့်တိုင်းတွင် ဖြစ်ပေါ်လာနိုင်သော အကြောင်းအရာများကိုသာမက စက်ရုံနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များ၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် ဧရိယာနှင့်သက်ဆိုင်သော အထွေထွေလိုအပ်ချက်များ၊ စက်ရုံသုံးကိရိယာတန်ဆာပလာများ၏ သန့်ရှင်းရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ဝန်ထမ်းပိုင်းဆိုင်ရာစီမံခန့်ခွဲခြင်းအစီအစဉ်များကိုပါ ကြိုတင်ခန့်မှန်းပြီး အပိုင်းလိုက်လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအမံများကို ရေးဆွဲထားရမည်ဖြစ်ပါသည်။

HACCP စနစ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိ၏ထုတ်ကုန်နှင့် ဖောက်သည်များ သဟဇာတဖြစ်လာစေခြင်း၊ မိမိထုတ်ကုန်၏ အရည်အသွေး စံနှုန်းကိုတိုးတက်လာစေခြင်း၊ မိမိဝန်ထမ်းများ၏ အဖွဲ့အစည်းဖြင့်ဆောင်ရွက်နိုင်သော စွမ်းရည်များကို မြှင့်တင်ပေးနိုင်ခြင်း၊ မိမိနဲ့အစားအစာဥပဒေများ လိုက်လျောညီထွေဖြစ်လာစေခြင်း၊ မိမိထုတ်ကုန်ပေါ်တွင် စိတ်ဝင်တစားစောင့်ကြပ်လုပ်ကိုင်ထားသောကြောင့် ထုတ်ကုန်နှင့် ပတ်သက်သောမှုခင်းများကိုလည်း ကင်းဝေးစေနိုင်ခြင်း၊ ရေရှည်တွင် စားသုံးသူ၏ယုံကြည်စိတ်ချခြင်းခံရသောကြောင့် မိမိထုတ်ကုန်၏ဈေးကွက်ကျယ်ပြန့်လာပြီး လုပ်ငန်းမှ ဝင်ငွေတိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပါကြောင်းရေးသားတင်ပြလိုက်ရပါတယ်။

**အိအိချော(CTQM)**

**Ref: HACCP for organic processing .Daniela Caretto.**

## Myanmar International Franchise & SME Exop 2016 ဖွင့်ပွဲကျင်းပ

ဒုတိယအကြိမ်မြောက် ပုဂ္ဂလိကလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Myanmar International Franchise & SME Exop 2016 ကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး ဒေါက်တာအောင် ထွန်းသက်၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ SME Eထစသ မှ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်း၊ ကုန်သွယ်မှုမြှင့်တင် ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ 981 Creative Myanmar Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်အောင်နိုင် Global Moving & Storage Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်နိုင်နှင့် တာဝန်ရှိသူများမှ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံ ကုမ္ပဏီကြီးလေးခုမှ အမေရိကန်ဒေါ်လာ ၅၀၈၅ ဒသမ ၄၉ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များအား ခင်းကျင်းပြသထားပါသည်။ ၎င်းအပြင် SME Expo မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားပုဂ္ဂလိကလုပ်ငန်းများမှ တစ်နိုင်တစ်ပိုင်ရောင်းချနိုင်သည့် ဆိုင်ခန်းငယ်များ၊ အမျိုးသား/အမျိုးသမီးအလှပြင်ဆိုင်ငယ်များပါဝင်ပြသခဲ့ပါသည်။ ၎င်းကုန်စည်ပြပွဲသည် အလုပ်အကိုင်အခွင့် အလမ်းရရှိရေး၊ စီးပွား ရေးမိတ်ဖက်ရှာဖွေရာတွင် ပိုမိုအဆင် ပြေချောမွေ့စေရန် ရည်ရွယ်ပြီး တစ် နေရာတည်း၌ မိမိတို့၏သက်ဆိုင်ရာ လုပ်ငန်းများအား ပြောင်းလဲတိုးတက်မြှင့်တင်နိုင်ရေး တို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပြသခဲ့ ခြင်းဖြစ်ကြောင်း သိရပါသည်။ အဆိုပါပြပွဲအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပ ပြုလုပ်ခဲ့ရာ ကဏ္ဍစုံမှလုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများနှင့် အများပြည်သူများလာရောက်ကြည့်ရှုကြောင်း သိရှိရပါသည်။

**KMT**

## ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် ၂/ ၂၀၁၆ ဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)မှ ကုမ္ပဏီကိုယ်စားလှယ်များအတွက် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၂/ ၂၀၁၆)ကို ဇန်နဝါရီလ ၁၈ ရက် နံနက် ၀၉း၄၅ အချိန်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရုံး(ရန်ကုန်)ရှိ ပဥ္စမထပ်အစည်းအဝေးခန်းမမှာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

သင်တန်းကို ကုန်သွယ်မှုသင်တန်းကျောင်းမှ Programme Director ဒေါက်တာမောင်အောင်က ဖွင့်လှစ်ပေးခဲ့ပြီးဌာနဆိုင်ရာမှ တာဝန်ရှိအရာရှိကြီးများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ခဲ့ပါတယ်။ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ကုမ္ပဏီ/လုပ်ငန်းရှင်ကိုယ်စားလှယ်များအတွက် လက်ရှိ ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်၊ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မြန်မာ/ကမ္ဘာဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို လက်ရှိအခြေအနေနှင့်အညီဆောင်ရွက်တတ်စေရန်ဖြစ်ပါတယ်။ဒါ့အပြင် ကုမ္ပဏီတွေမှာ တာဝန်ထမ်းဆောင် နေတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ဥပဒေ၊နည်းဥပဒေ၊ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းတွေကို သိရှိခြင်းအားဖြင့် လုပ်ငန်း ဆောင်ရွက်ရာမှာ လွယ်ကူလျင်မြန်ပြီး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

သင်တန်းကို ဇန်နဝါရီလ ၁၈ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်ကြာဖွင့်လှစ်မှာဖြစ်ပါတယ်။ သင်တန်းမှာ ကိုယ်စားလှယ်များလိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းများ(ပညာပေး)၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊ ITC ကတ်ဖြင့်ပို့ကုန်သွင်းကုန်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းထုံးလုပ်နည်း၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ E-payment ဆိုင်ရာအချက်အလက်များ၊ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း၊ Self-Certification System ၊ Customs valuation ၊HS Code၊ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းဒေသသက်သေခံလက်မှတ်များ၊ ပင်ရင်းနိုင်ငံစည်းမျဉ်းများအကြောင်း၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ ပြည်တွင်းအခွန်ဆိုင်ရာသိကောင်းစရာ၊ ကုန်သွယ်မှုဆိုင်ရာဥပဒေများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊Safeguard Law၊ မြန်မာ့စီးပွားရေးဘဏ်အကြောင်း သိကောင်းစရာ၊ ပို့ကုန်သွင်းကုန် လိုင်စင်သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ပယ်ဖျက်အပ်နှံခြင်းဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။

သင်တန်းမှာရက်တိုသင်တန်းဖြစ်သော်လည်း သင်ကြားမယ့် ဘာသာရပ်များမှာ ကုမ္ပဏီ၊ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအတွက် များစွာအကျိုးရှိပြီး၊ လုပ်ငန်းဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၆၀ ဦးတက်ရောက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# မြန်မာနိုင်ငံရဲ့ သွင်းကုန်ပမာဏ ယမန်နှစ်ကာလတူထက်ပိုမို

မြန်မာနိုင်ငံရဲ့ ပြည်ပမှတင်သွင်းတဲ့ သွင်းကုန်ပမာဏမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဇန်နဝါရီလ ၁၅ ရက်အထိ ကန်ဒေါ်လာ ၁၂၉၆၇ ဒသမ ၈၆၇ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူမှာ ကန်ဒေါ်လာ ၁၂၈၃၇ ဒသမ ၂၂၇ သန်းဖြစ်တဲ့အတွက် ယခုဘဏ္ဍာနှစ်တင်သွင်းမှုမှာ ကန်ဒေါ်လာ ၁၃၀ ဒသမ ၆၄၀ သန်းပိုမိုနေကြောင်း သိရှိရပါတယ်။ ယခင်နှစ်အလားတူထက် အစိုးရပိုင်းမှာ ကန်ဒေါ်လာ ၄၇ ဒသမ ၂၂၄ သန်းလျော့နည်းပြီး ပုဂ္ဂလိကပိုင်းမှာ ၁၇၇ ဒသမ ၈၆၄ သန်းပိုမိုခဲ့ပါတယ်။

ပိုမိုတင်သွင်းခဲ့တဲ့သွင်းကုန်ပစ္စည်းတွေကတော့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ သင်္ဘောနဲ့ သင်္ဘော အပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေး ပစ္စည်းများ၊ လေယာဉ်နဲ့လေယာဉ်အပိုပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများဖြစ် ပါတယ်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ အုပ်စုမှာသံနဲ့သံမဏိပစ္စည်းများ၊အခြားစက္ကူများ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ ဓါတုဗေဒပစ္စည်းများ၊ ကုန်ထုတ်စက္ကူများကာလတူထက်ပိုမိုတင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်ရဲ့အများဆုံး သွင်းကုန်ပစ္စည်းတွေကတော့ ဒီဇယ်ဆီ၊ ဓါတ်ဆီ၊ စားအုန်းဆီ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်း၊ လူစီးယာဉ်၊ ဘတ်စ်၊ ထရပ်၊ ယန္တရား၊ ဘိလပ်မြေ၊ ဓါတ်မြေသြဇာ၊ ဂျုံစေ့၊ ဂျုံမှုန့်၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ဖြစ်ပါတယ်။

**MIRT**

# ဘဏ်လုပ်ငန်းပိုင်းတွင် LC/TT ဖြင့် ဆောင်ရွက်ရန်အဆင်သင့် မရှိသေးသဖြင့် တမူးကုန်သွယ်ရေးစခန်း ကုန်သွယ်မှုလျော့နည်း

တမူးကုန်သွယ်ရေးစခန်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၇၅၈ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၈၈၉ သန်းနဲ့ ကုန်သွယ်မှုပမာဏ ၃ ဒသမ ၆၄၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ နိုဝင်ဘာလနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၀၀၈ သန်း လျော့နည်းခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ကန်ဒေါ်လာ သုည ဒသမ ၅၉၂ သန်းလျော့နည်းခဲ့ပါတယ်။ ယခုလို ကုန်သွယ်မှုပမာဏလျော့နည်းရခြင်းကတော့ တမူးစခန်းရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီးနဲ့ CMP ဖိနပ် တင်ပို့မှုလျော့နည်းခြင်း၊ သွင်းကုန်ပိုင်းမှာလည်း အဓိကဖြစ်တဲ့ ဂျုံမှုန့်၊ စားတော်ပဲတင်သွင်းမှုလျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ITC ကတ် အသစ်ထုတ်ပေးမှုမရှိသော်လည်း သွင်းကုန်အနေနဲ့ ၁၆ ဒသမ ၅၄၀ ကျပ်သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ တမူးစခန်းရဲ့ အများဆုံးပို့ကုန်တွေကတော့ ကွမ်းသီး၊ စီးကရက်၊ မုံရွာစောင်၊ ကြက်သွန်ဖြူ၊ ဓာတ်ဘူး၊ ကလေးအနွေးထည်တို့ဖြစ်ပြီး အများဆုံး သွင်းကုန်တွေကတော့ မော်တော် ဆိုင်ကယ်၊ စားတော်ပဲ၊ ဂျုံမှုန့်၊ ချည်၊ တောင်လုံးကျော်၊ ပဲရာဇာ၊ ပလတ်စတစ်ရေတိုင်ကီတို့ဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏလျော့နည်းရခြင်းမှာ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးကဏ္ဍမှာ Barter Trade စနစ်ကိုဖျက်သိမ်းပြီး Normal Trade ကို ဒီဇင်ဘာလ ၁ ရက်မှစပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယ ဗဟိုဘဏ်မှ အမိန့်ထုတ်ပြန်ခဲ့၍ နှစ်ဖက်ကုန်သည်များဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းပိုင်းတွင် LC/TT စနစ်ဖြင့် ဆောင်ရွက်ရန် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အဆင်သင့်မရှိသေး၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးနေရခြင်းဖြစ်ကြောင်း တမူးကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**MIRT**

# အစိုးရကဏ္ဍမှ ပို့ကုန်တင်ပို့မှုလျော့ကျသော်လည်း ပုဂ္ဂလိကကဏ္ဍတွင်ပိုမိုတင်ပို့

ပြည်ပပို့ကုန်ကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဇန်နဝါရီလ ၁၅ ရက်ထိ ပို့ကုန်တန်ဖိုး စုစုပေါင်း ကန်ဒေါ်လာ ၈၁၇၅ ဒသမ ၉၈၄ သန်းရရှိထားပါတယ်။ ယမန်နှစ်ကာလတူက ကန်ဒေါ်လာ ၉၄၅၅ ဒသမ ၁၂၈ သန်းရရှိခဲ့တဲ့အတွက် ယခုဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၁၂၇၉ ဒသမ ၁၄၄ သန်းလျော့နည်းခဲ့ပါတယ်။ လျော့နည်းရတဲ့အကြောင်းရင်းကတော့ အစိုးရကဏ္ဍပိုင်းမှာ ကန်ဒေါ်လာ ၁၅၇၀ ဒသမ ၉၅၉ သန်းလျော့နည်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။ အစိုရကဏ္ဍပိုင်းလျော့နည်းခဲ့သော်လည်း ပုဂ္ဂလိကကဏ္ဍမှာ ၂၉၁ ဒသမ ၈၅၁ သန်းပိုမိုခဲ့တယ်လို့ သိရှိရပါတယ်။

ကာလတူထက် ပင်လယ်ရေကြောင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၁၁ ဒသမ ၇၉၇ သန်းလျော့နည်းခဲ့ပြီး နယ်စပ်ကုန်သွယ်မှု နည်းလမ်းနဲ့ တင်ပို့မှုမှ ၁၃၂ ဒသမ ၆၅၃ သန်းပိုမိုခဲ့ကြောင်း တွေ့ရှိရပါတယ်။ လယ်ယာထွက်ကုန် ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲဆံတို့လျော့နည်းတင်ပို့ခဲ့တယ်လို့သိရှိရပါတယ်။

**MIRT**

# မြန်မာဖရဲများ တရုတ်နိုင်ငံတွင် ဈေးကောင်းရ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်တာကာလ အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၉၅၇ သန်းတန်ဖိုးရှိ ဖရဲသီး တန်ချိန်လေးသောင်းခန့် တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ မြန်မာဖရဲများ တင်ပို့ရာတွင် ဈေးကောင်းရပေမယ့် အရည်အသွေးမကောင်းတဲ့ ပယ်သီးတွေ ပါဝင်နေလို့ နစ်နာမှုများရှိတယ်လို့ ဖရဲကုန်သည်များက ပြောပါတယ်။

ဖရဲသီး တစ်တန်ကို ယွမ် ၄၅၀၀ ခန့်ပေါက်ဈေးရှိပြီး၊ ယခင်နှစ်က ယွမ် ၃၀၀၀ သာဈေးရရှိခဲ့ကြောင်း၊ ဈေးပိုပေးဝယ်ပေမယ့် အရည်အသွေးမကောင်းတဲ့ အသီးတွေကြောင့် ၁၇ တန်ပါကား ၁ စီးကို ယွမ် ၄၀၀၀ ခန့် နစ်နာနေရကြောင်း။ တစ်ရက်လျှင် ကားအစီး ၁၅၀-၂၀၀ ခန့် အဝင်ရှိပြီး ကား ၁ စီးလျှင် ဖရဲသီး အလုံးရေ ၁၀၀၀ မှ ၁၅၀၀ ထိတရုတ်နိုင်ငံသို့ တင်ပို့ရကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲနှင့်အတူ လယ်တောသူ အလှမယ်ပြိုင်ပွဲ ၂၀၁၆ ကို ကျင်းပသွားမည်

မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၆ (Myanmar Int'l Agrimach Expo -2016 ) နှင့် လယ်တောသူအလှမယ်ပြိုင်ပွဲ ၂၀၁၆ ကို မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာတွင် မတ်လ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမှာ ဖြစ်ကြောင်းသိရပါတယ်။

မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၆ ကို မတ်လ ၃ ရက်မှ ၁၆ ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာမှာ ကျင်းပမှာဖြစ်ပါတယ်။ အဆိုပါပြပွဲအား မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမား များကို ဂုဏ်ပြုသောအားဖြင့် ကျင်းပရခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ ပြပွဲမှာ ဝင်ရောက်ပြသလိုသူများအနေနဲ့ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (Myanmar Paddy Prducers Association -MPPA) နဲ့ ဆက်သွယ်ရယူနိုင်ကြောင်းသိရပါတယ်။

အဆိုပါပြပွဲနှင့်အတူ လယ်တောသူအလှမယ်ပြိုင်ပွဲ ၂၀၁၆ ကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖေဖော်ဝါရီလ ၁၁ ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းသို့ လျှောက်လွှာများ တင်သွင်းရမှာဖြစ်ပါတယ်။ ယင်းပြိုင်ပွဲတွင် ပထမဆုအဖြစ် ဆုငွေကျပ်သိန်း ၅၀ အပါအဝင် ရွှေသရဖူနှင့် ပြည်ပလေ့လာရေးခရီးစဉ်၊ ဒုတိယဆု ကျပ်သိန်း ၃၀ နှင့် ပြည်ပလေ့လာရေးခရီးစဉ် ၊ တတိယဆု ကျပ်သိန်း ၂၀ နှင့် ပြည်ပလေ့လာရေးခရီးစဉ်၊ စတုတ္ထဆု ကျပ် ၁၅ သိန်း၊ ပဉ္စမဆု ကျပ် ၁၀ သိန်းလို့သိရပါတယ်။ အခြားဆုများအနေနဲ့ Miss Photogenic Members' များ၊ Choice, Best Costume etc များလည်း ချီးမြှင့်ပေးသွားမယ်လို့သိရပါတယ်။

လယ်တောသူပြိုင်ပွဲ ၂၀၁၆ နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း (ဖုန်း-၀၁-၂၃၁၄၈၄၁ ၊ ၂၃၁၄၈၄၂၊ ၀၉-၅၁၈၅၇၈၄) သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါတယ်။

**MIRT**

# ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ သန်း ၁၇၀ ကျော်ရှိ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၉ ရက်မှ ၁၅ ရက်အတွင်း ပို့ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၉ ဒသမ ၆၉၆ သန်း၊ သွင်းကုန်တင်သွင်းမှုမှ ကန်ဒေါ်လာ ၃၀၇ ဒသမ ၉၄၂ သန်းနဲ့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄၃၇ ဒသမ ၆၃၈ သန်း ရရှိခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁၇၈ ဒသမ ၂၄၆ သန်းဖြစ်ပေါ်ခဲ့ပြီး၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ကျောက်စိမ်းနဲ့ သဘာဝဓာတ်ငွေ့တို့ လျော့နည်းတင်ပို့ မှုကြောင့်လို့သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ လိုငွေ ကန်ဒေါ်လာ၁၈၉ ဒသမ ၀၃၇ သန်းဖြစ်ပြီး နယ်စပ် ကုန်သွယ်ရေးမှ ကုန်သွယ်မှုပိုငွေ ၁၀ ဒသမ ၇၉၁ သန်းဖြစ်ကြောင်းသိရှိရပါတယ်။

**MIRT**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ဇန်နဝါရီလ ၉ ရက်မှ ဇန်နဝါရီလ ၁၅ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၀၆၇ သန်းတန်ဖိုးရှိရေထွက်ကုန် ၃၁၅၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ရေထွက်ကုန် ၆၂၉ တန်ကျော် ပိုမိုတင်ပို့နိုင် ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၄၅ တန်ကျော်၊ ကဏန်း တန် ၂၀ ကျော်နဲ့ ပုစွန်သုံးတန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၈ တန်ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၂၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၇၃၈ တန်ကျော်၊အခြားရေထွက် ၁၁၆ တန်ကျော်၊ ကင်းမွန် ၄၇ တန်ကျော်၊ ပုစွန် ၁၀ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ခုနစ်တန်ကျော်၊ ရေဘဝဲ တစ်တန်ကျော်နဲ့ ကဏန်း ၄၈၀ ကီလိုဂရမ် တင်ပို့နိုင်ပြီး ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ် ပါက ၁၃၃၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁ ဒသမ ၂၃၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၃၇ တန်ကျော်၊ ကင်းမွန် တစ်၁တန်ကျော်၊ ရေငန်ပုစွန် ၁၈ တန်ခန့်နဲ့ သဲကဏန်း ၆၉၀ ကီလိုဂရမ် တင်ပို့နိုင်ပြီး ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၆၈၀ ကျော်လျော့နည်း တင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# မန္တလေးမြို့ပေါ်နှင့်အနီးတဝိုက်ရှိ တရားမဝင် ရေသန့်ထုတ်လုပ်ရောင်းချနေမှုအား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ဒုတိယအကြိမ်ရှောင်တခင်ဝင်ရောက်စစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အကောင်အထည်ဖော်နိုင်ရန် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများမှတစ်ဆင့်ပညာပေးလုပ်ငန်းများဖြန့်ဝေခြင်း၊ ဈေးကွက် အတွင်းကွင်းဆင်းစစ်ဆေးခြင်း၊ နယ်စပ်ဝင်ပေါက်များမှ စစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်များတွင် မန္တလေးမြို့ပေါ်နှင့် အနီးတစ်ဝိုက် ရှိ တရားမဝင် ရေသန့်ထုတ်လုပ်ရောင်းချနေမှုများအား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ဒုတိယအကြိမ်ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ပါတယ်။

ရှောင်တခင် ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့တော်စည်ပင်နှင့်အရပ်ဖက် အဖွဲ့အစည်းဖြစ်သည့် မြန်မာစားသုံးသူများသမဂ္ဂ (မန္တလေး) တို့ ပူးပေါင်းစစ်ဆေးခဲ့ပါတယ်။

ယခုစစ်ဆေးခြင်းက ဒုတိယအကြိမ်စစ်ဆေးခြင်းဖြစ်ပြီး ပထမကြိမ်အဖြစ် ၂၀၁၅ ခုနှစ်၊နိုဝင်ဘာလဆန်းပိုင်းက စစ်ဆေးခဲ့ ပါတယ်။ ပထမအကြိမ်မှာ ရေသန့်လုပ်ငန်း ၁၁ မျိုးအားစစ်ဆေး၍လုပ်ငန်း ကိုးခုအား လုပ်ထုံးလုပ်နည်းနှင့်မညီ၍ ယာယီရပ်ဆိုင်းခဲ့ပြီး သက်ဆိုင်ရာအသိအမှတ်ပြုစာရွက်စာတမ်းများရယူပြီး GMP နှင့်အညီ ထုတ်လုပ်နိုင်ရန် လမ်းညွှန်ပေးခဲ့ပါသည်။ ဒုတိယအကြိမ် ထပ်မံစစ်ဆေးခြင်းမှာ တရားမဝင်ရေသန့်လုပ်ငန်းအမှတ်တံဆိပ်အသစ် ၁၀ ခု အား စစ်ဆေးခြင်းဖြစ်ပါတယ်။ စစ်ဆေးသည့် ရေသန့်လုပ်ငန်း ၁၀ ခုစလုံးဟာ GMP နှင့်ကိုက်ညီခြင်းမရှိ၊ သက်ဆိုင်ရာအသိအမှတ်ပြုထောက်ခံချက်များလည်း မပြည့်စုံသည့်အတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု လုပ်ငန်းများကို ယာယီရပ်ဆိုင်းခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့ပါတယ်။ အဆိုပါလုပ်ငန်း ၁၀ ခုကိုစုစည်း၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ မန္တလေးတိုင်းဒေသကြီး၊အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ခေါ်ယူတွေ့ဆုံကာ သက်ဆိုင်ရာအသိအမှတ်ပြု ထောက်ခံချက်များရရှိထားပြီး GMP နှင့်အညီ ထုတ်လုပ်နေသော ရေသန့်လုပ်ငန်းများအား စံနမူနာအဖြစ်ပြသ၍ တရားဝင် ထုတ်လုပ်နိုင်ရန်ပညာပေး လမ်းညွှန်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆက်လက်ထုတ်လုပ်ရောင်းချပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမယ်လို့သတင်းရရှိပါတယ်။

**မျိုးထွန်း-မန္တလေး**

# မြိတ်ကုန်သွယ်ရေးစခန်းက ကဏန်းမျိုးစုံ တန် ၁၆၀ ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၅၃ သန်းတန်ဖိုးရှိ ကဏန်းမျိုးစုံဖြစ်တဲ့ ကဏန်းပျော့ ၇၆ တန်ကျော်၊ ကဏန်းနီ ၇၈ တန်ကျော်၊ ကဏန်းသေး (အသေ) ၅ တန်ကျော်၊ သဲကဏန်း ၃ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၁၀ ဒသမ ၇၅၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၆၂၇၈ တန်ကျော်၊ ငါးမှုန့် ၂၀၇၀ တန်၊ ပုစွန် ၂၀၁ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) ၁၄၇ တန်ကျော်၊ ကင်းမွန် ၉၄ တန်ခန့်၊ ငါးခြောက် ၂၃ တန်ခန့်၊ ကင်းမွန်ခေါင်း ၁၀ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ပုစွန်ခြောက် ၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ရော်ဘာ (MSR-20) တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်း၊ တန်ချိန် ၁၁၂ တန်ကျော်၊ ရော်ဘာ (RSS-3) တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၄၃ သန်း၊ တန်ချိန် ၂၄၅ တန်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက် အတွင်းမှာလည်း ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ကဏန်းသေး (အသေ) နှစ်တန်ကျော်နဲ့ သဲကဏန်း တစ် တန်ကျော်တင်ပို့နိုင်တဲ့အပြင် ကန်ဒေါ်လာ ၃ ဒသမ ၀၉၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၂၅၀၇ တန်ကျော်၊ ငါးမှုန့် ၄၄၂ တန်ကျော်၊ ရေငန်ပုစွန် ၃၆ တန်ကျော်၊ ပုစွန်ခြောက် ၇၅၀ ကီလိုဂရမ်နဲ့ ကင်းမွန် သုံးတန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# မြိတ်ကုန်သွယ်ရေးစခန်းက ငါးမှုန့်ကန်ဒေါ်လာ ၁၀ သန်းကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ ၁၀ ဒသမ ၄၁၅ သန်းတန်ဖိုးရှိ ငါးမှုန့် ၁၄၆၁၅ တန်တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့မှုများကို လအလိုက်ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | လ | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁။ | ဧပြီ | ၁၇၁၀. ၀၀၀ | ၁. ၂၄၇ |
| ၂။ | မေ | ၁၄၅၅. ၀၀၀ | ၁. ၀၁၂ |
| ၃။ | ဇွန် | ၂၀၈၅. ၀၀၀ | ၁. ၄၅၃ |
| ၄။ | ဇူလိုင် | ၁၇၀၅. ၀၀၀ | ၁. ၁၇၂ |
| ၅။ | ဩဂုတ် | ၉၆၀. ၀၀၀ | ၀. ၇၂၆ |
| ၆။ | စက်တင်ဘာ | ၁၆၉၀. ၀၀၀ | ၁. ၂၆၃ |
| ၇။ | အောက်တိုဘာ | ၁၃၈၀. ၀၀၀ | ၁. ၀၁၁ |
| ၈။ | နိုဝင်ဘာ | ၁၅၆၀. ၀၀၀ | ၁. ၀၉၅ |
| ၉။ | ဒီဇင်ဘာ | ၂၀၇၀. ၀၀၀ | ၁. ၄၃၆ |

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငါးမှုန့်တင်ပို့မှုမှာ ဇွန်လတွင်အများဆုံး တင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

# ပြည်ပဝယ်လက်မရှိသော်လည်း ပြည်တွင်းဝယ်လက်များကြောင့် ၂၀၁၅ ခုနှစ် ရှမ်းချင်းဈေးကွက် အကျိုးဖြစ်ထွန်းခဲ့

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အဓိကသီးနှံတစ်ခုဖြစ်တဲ့ချင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့မြို့နယ်အနှံ့ အပြားမှာစိုက်ပျိုးကြပါတယ်၊ အများဆုံးစိုက်တဲ့မြို့နယ်တွေကတော့ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်တို့ ဖြစ်ကြပါတယ်။ ချင်းဈေးကတော့ ၂၀၁၁-၂၀၁၂ မှစပြီး ဈေးကောင်းလာပါတယ်။ ၂၀၁၄ ခုနှစ်မှာ နယ်စပ်စခန်းတွေဖြစ်တဲ့ စစ်တွေ၊ တမူးစတဲ့မြို့များမှတစ်ဆင့် ပြည်ပသို့တင်ပို့ရန် လှော်ငလက်များ ဝယ်ယူလို့ နှစ်လယ်မှာ ချင်းဈေးက ငါးနှစ်အတွင်း အမြင့်ဆုံးဈေးရခဲ့ပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်အထိ ဈေးပေါက်ခဲ့ပါတယ်။ နှစ်ကုန်ခါနီးမှာတော့ အဝယ်နည်းလာပြီး ဈေးလည်းကျလာပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ တစ်ပိဿာ ၆၀၀ ကျပ်မှ ၉၀၀ ကျပ်ဈေးသာရှိခဲ့ပြီး ၂၀၁၅ ခုနှစ်စပိုင်းမှာဈေးကျလာကာ တစ်ပိဿာ ၂၅၀ ကျပ်မှ ၂၇၀ ကျပ်အထိသာ ရှိပါတော့တယ်။

၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ချင်း/နနွင်းများအဓိက ဝယ်ယူတဲ့ စစ်တွေ၊ တမူး၊ ကလေး၊ ပြည်စတဲ့ မြို့များရေကြီးနစ်မြှုပ်ခြင်း၊ လမ်းတံတားများပျက်စီးသွားခြင်းကြောင့် ဝယ်ယူမှု အားနည်းသွား၍ ဈေးလည်းပြန်ကျလာပါတယ်၊ ပြည်တွင်းသုံးဝယ်လက် တွေကသာဝယ်ယူနေပြီး ဒါးလှီးချင်း အဖြစ်သာအသုံးပြုကြတယ်လို့လည်းသိရပါတယ်။ ၂၀၁၅ခုနှစ်ရဲ့နှစ်စမှာတော့ ချင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၂၅၀ ကျပ်မှအမြင့်ဆုံး ၇၀၀ ကျပ်သာရှိပါတယ်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေလအတွင်းမှာလည်း အဲဒီဈေးဝန်းကျင်မှာသာရှိနေပြီး ဇွန်လမှ စက်တင်ဘာလအထိတော့ အနိမ့်ဆုံး ၂၅၀ ကျပ်အမြင့်ဆုံး ၄၀၀ ကျပ်-၅၀၀ ကျပ်ဈေးသာရှိခဲ့ပါတယ်။ စက်တင်ဘာလပိုင်းအကုန်မှာ ချင်းသစ်တွေ ဈေးကွက်ကိုဝင်လာခဲ့ရာ ချင်းသစ်ရဲ့အဖွင့်ဈေးက တစ်ပိဿာကို ၅၀၀ ကျပ်ရှိပြီး လက်ကျန်ချင်း(ဥမ)ကတော့ တစ်ပိဿာ ၇၀၀ ကျပ်ဈေးရှိပါတယ်၊ မြန်မာနိုင်ငံအထက်ပိုင်းနဲ့အလယ်ပိုင်းဒေသတွေမှာ မိုးကြီးပြီးရေလွှမ်းချိန်မှစတင်ကာ ရောင်းအားလည်းကျသွားတယ်လို့ သိရပါတယ်။ ပြည်တွင်းသုံးချင်းထိုးသမားတွေကတော့ အသစ်ထွက်လာတဲ့ ချင်းသစ်ကို ကြိုက်ကြလို့ ချင်းသစ်ကတစ်ပိဿာကို ကျပ် ၆၀၀ မှ ၇၀၀ ကျပ်ထိ ဈေးပေါက်နေပါတယ်။ အောက်တိုဘာလမှာတော့ ပွင့်လင်းရာသီလည်းဖြစ်လာတာကြောင့် ချင်းအဝင်များသလို အလှူပွဲတွေကြောင့် အဝယ်များလာလို့အရောင်းလည်း သွက်လာပြီး ဈေးနှုန်းကတော့တစ်ပိဿာ ၄၅၀ ကျပ်မှ ၅၀၀ ကျပ်၊ ချင်း(ဥမ)က ၆၀၀ ကျပ်-၆၅၀ ကျပ်ဈေးရှိပါတယ်၊ နိုဝင်ဘာလမှာ ချင်းအဝင်ပုံမှန်ရှိနေပေမယ့် ပြည်ပဝယ်လက်တွေရော၊ လှော်လက်တွေပါ အဝယ်မရှိတော့ဘဲ ပုံမှန်ဝယ်သမားတွေသာရှိတာကြောင့် ချင်းဈေးက နည်းနည်းတက်လာပြီး တစ်ပိဿာကို ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပါတယ်၊ နိုဝင်ဘာလမှာလည်း အလှူပွဲ၊ ကထိန်ပွဲ၊ မင်္ဂလာပွဲတွေကြောင့် ငွေလိုနေတဲ့ တောင်သူတွေက ထုတ်ရောင်းလာလို့အဝင်များတဲ့လဖြစ်ပြီး၊ အလှူပွဲအတွက် ချင်းကိုအများဆုံးဝယ်ယူတာကြောင့် ရောင်းအားကောင်းလာပေမယ့် ဈေးကအနိမ့်ဆုံး ၄၀၀ ကျပ်မှ အမြင့်ဆုံး ၆၅၀ ကျပ်ဈေးသာရရှိပါတယ်။

ဒီဇင်ဘာလမှာ ချင်းသစ်ကပုံမှန်ထက်ပိုပြီး အဝင်များပေမယ့် ပြည်တွင်းဖြုန်းအားရှိတာကြောင့် ထင်သလောက်တော့ အရောင်း အဝယ်က မဖြစ်ဘူးလို့လည်း သိရပါတယ်။ ပြည်ပဝယ်လက်သာရှိရင်တော့ ဒီထက်မက ရောင်းအား ကောင်းနိုင်တယ်လို့လည်း ဒေသခံတွေထံက သိရပါတယ်။ ပြည်တွင်းဈေးပတ်သမား တွေနဲ့ ဒါးလှီးချင်းသမားတွေသာ အဝယ်ရှိပြီး အဓိကဝယ်လက်တွေကတော့ ရန်ကုန်၊ မုံရွာ၊ နေပြည်တော်၊ စစ်တွေ၊ ပြည်စတဲ့မြို့တွေမှ ဖြစ်ပါတယ်။ အဝင်များလာတော့ ဈေးကျလာပြီး တစ်ပိဿာကို ကျပ် ၄၅၀ မှ ၅၀၀ ကျပ်ဈေးသာရှိပါတယ်။ ဒုတိယပတ်မှာ ဈေးထပ်ကျလာခဲ့ရာ တစ်ပိဿာကို ကျပ် ၃၅၀မှ ၄၅၀ ကျပ်သာရှိပြီး တတိယပတ်မှာ အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၄၇၀ ကျပ်ဈေးသာရှိပါတယ်။

၂၀၁၅ခုနှစ်တစ်နှစ်လုံး ခြုံကြည့်ပါက ချင်းသီးနှံမှာတစ်နှစ်ပတ်လုံးရောင်းချရသည့်သီးနှံဖြစ်ပြီး တောင်သူများအနေဖြင့်ပြည်ပဝယ်လက်မရှိသော်လည်း ပြည်တွင်းဝယ်လက်ရှိတာကြောင့် အကျိုးအမြတ် များများမရသော်လည်း အကျိုးဖြစ်ထွန်းပါတယ်၊ ပြည်တွင်းသုံးစွဲမှုများကြောင့် ချင်းသီးနှံမှာဈေးကွက် အလားအလာရှိသောသီးနှံ ဖြစ်ပါကြောင်းသုံးသပ်တင်ပြပါတယ်။

**ဇခိုင်-တောင်ကြီး**




၂၀၁၅ ခုနှစ်ကုန်အပြီး၊ ၂၀၁၆ ခုနှစ်ကို စတင်ချဉ်းနင်း ဝင်ရောက်လာပါပြီ။ နှစ်ဟောင်းဖြစ်သွားသော ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ၊ ပတ်ဝန်းကျင်ရေးရာကဏ္ဍများတွင် ထူးခြားမှုအမျိုးမျိုး ဖြစ်ရပ်အမျိုးမျိုးရှိခဲ့ပါသည်။ စီးပွားရေးကိုကြည့်လျှင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ များစွာမြင့်တက်ခဲ့ခြင်းက တစ်နိုင်ငံလုံး စီးပွားရေးကို အဓိကဂယက်ရိုက်စေသော အရေးအရာဖြစ်ခဲ့ပါသည်။ အခြားတစ်ဖက်တွင်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထူးထူးခြားခြားကြုံတွေ့ခဲ့ရခြင်းဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ကုန်ဈေးနှုန်းများကိုလည်း သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

စီးပွားရေးကဏ္ဍတွင် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းများ ပြောင်းလဲမြင့်တက်ခြင်းကြောင့် မြန်မာငွေတန်ဖိုး များစွာကျဆင်းသဖြင့် သွင်းကုန်အားလုံးတွင် တန်ဖိုးများမြင့်တက်လာပါသည်။ ယင်းငွေတန်ဖိုးကျဆင်းခြင်းသည် ရေရှည်ဖြစ်နေမည်ဆိုပါက တစ်နိုင်ငံလုံး၏ စီးပွားရေးကို များစွာထိခိုက်လာမည်ဖြစ်ပါသည်။ ဆိုးရွားသောလူမှုစီးပွားရေးများလည်း ထပ်မံဖြစ်ပေါ်လာနိုင် ပါသည်။ ယခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာငွေဈေးကျဆင်းခြင်းနှင့် ရေဘေးကြုံတွေ့ခြင်းသည် ပြည်ပပို့ကုန် သွင်းကုန်များတွင် သွင်းကုန်မြင့်တက်ရမည်ဖြစ်သော်လည်း သွင်းကုန်တန်ဖိုးကြီးမြင့်မှုကြောင့် တင်သွင်းမှုကျဆင်းသော်လည်း တန်ဖိုးအားဖြင့် မြင့်တက်သဖြင့် ဆက်စပ်နေသော ကုန်သွယ်မှုလိုငွေပြသခြင်း၊ ရွှေဈေး မြင့်တက်ခြင်း၊ ကြက်သွန်နီဈေးများ မြင့်တက်ခြင်း၊ ရေဘေးကြောင့် ရေကြီးနစ်မြုပ်သော ဒေသများတွင် ဆန်ဈေးနှုန်းများ အလွန်အမင်း မြင့်တက်ခဲ့ခြင်း၊ ဆန် ပြည်ပတင်ပို့မှုကို ရက်ပိုင်းမျှရပ် ဆိုင်းလိုက်ရသဖြင့် ပြည်ပသို့ဆန်တင်ပို့မှု လျော့ကျခြင်း၊ ပြည်တွင်း ဆန်ဈေးနှုန်း မြင့်တက်ခဲ့သဖြင့် စပါးသစ်မပေါ်မီ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ထိုင်းနိုင်ငံဘက်မှ ဆန်များ တရားမဝင် ဝင်ရောက်လာခြင်း၊ သကြားဈေးမြင့်တက်ခဲ့ခြင်း၊ ကုန်သွယ်မှုလိုငွေပြမှုနှင့် ပြည်ပပို့ကုန် တိုးမြင့်ရေးအတွက် Re-export စနစ် စတင်ကျင့်သုံးလာခြင်း၊ သကြား၊ ကွမ်းသီး၊ ဝါစသည်တို့ကို တစ်ဆင့်ခံ ပြည်ပ တင်ပို့မှုစနစ် Re-export စနစ်ဖြင့် ဆောင်ရွက်လာခြင်း စသည့် ထူးခြားမှုအများအပြားကို တွေ့ရပါသည်။

ကျွန်တော်တင်ပြချင်သည့် အချက်၊ တွေးဆမိသည့် အချက်တစ်ချက်ကို တင်ပြချင်ပါသည်။ ဥပမာ- ဆန်ဈေးနှုန်း များစွာ မြင့်တက်သွားမှုကို ကလေး၊ ဖလမ်း၊ ရေစကြို စသော ရေကြီး နစ်မြုပ်ခဲ့သည့် ဒေသများတွင် ရေကြီးစဉ်ကာလတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြပြီး ဆန်စပါးသစ် ထွက်ပေါ်ချိန်တွင်မှသာ ပြန်လည်ကျဆင်းသည်ကို တွေ့မြင်နေရပါသည်။ ဆန်ဈေးသည် ယခုအချိန်အထိ ကောင်းစွာ ဈေးကျဆင်းခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ ဤကဲ့သို့ ဆန်စပါးပေါ်ချိန်တွင် ဈေးမြင့်တက်နေခြင်းသည် တောင်သူများအတွက် အကျိုးကျေးဇူးရှိသည်မှန်သော်လည်း စဉ်ဆက်မပြတ် အကျိုးကျေးဇူးရှိရန်လိုနေပါသေးသည်။ တစ်နည်းအားဖြင့် ဆန်စပါးဈေးမြင့်တက်ခြင်းသည် ပထမအချက်အနေဖြင့် မြန်မာငွေဈေး ကျဆင်းခြင်း၊ ဒုတိယအချက်အနေဖြင့် စပါးစိုက်ဧက လျော့နည်းခြင်း၊ တစ်ဧကတွင် စပါးထွက်ရှိမှု ပျမ်းမျှအထွက်နှုန်း နည်းခြင်း၊ တစ်နည်း ပြောရလျှင် ဆန်စပါး ထုတ်လုပ်မှု လျော့နည်းကျဆင်းခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်ရန်ရှိပါသည်။

ဈေးကွက်အတွင်း ကုန်ဈေးနှုန်း တက်ခြင်း ကျခြင်းသည် ရောင်းလိုအားနှင့် ဝယ်လိုအားတို့က ပြဋ္ဌာန်းခြင်းကြောင့်ဟုပြောနိုင်ပါသည်။ ကုန်ဈေးနှုန်း တက်ခြင်းသည် အခြေခံအားဖြင့် ဝယ်လိုအားများခြင်းနှင့် ရောင်းလိုအား (ထုတ်လုပ်မှု) နည်းသောကြောင့် ဖြစ်ပါသည်။ အစိုးရတိုင်းသည် မိမိတို့နိုင်ငံ၏ မရှိမဖြစ်လိုအပ်သော ကုန်စည်များကို နည်းအမျိုးမျိုးနှင့် ဈေးနှုန်း ထိန်းသိမ်းမှုများ ပြုလုပ်လေ့ရှိပါသည်။ ကုန်ပစ္စည်းတစ်ခု၏ ဈေးနှုန်း အလွန်အမင်းကျဆင်းလျှင် ထုတ်လုပ်မှုကို ထိခိုက်ပါသည်။ တစ်ဖက်တွင်လည်း ဈေးနှုန်းအလွန်အမင်း မြင့်တက်ပြန်လျှင်လည်း စားသုံးသူပြည်သူကို ထိခိုက်ပါသည်။

နိုင်ငံတိုင်းတွင် စားသုံးသူကများပြားမြဲဖြစ်သဖြင့် ကုန်ဈေးနှုန်းများကို စားသုံးသူတို့၏ ဝယ်လိုအား၊ ဝယ်နိုင်အားပေါ်တွင်လိုက်ကာ ဈေးနှုန်းထိန်းသိမ်းလေ့ရှိပါသည်။ ကုန်ဈေးနှုန်းတက်ခြင်း၊ ကုန်ဈေးနှုန်းကျဆင်းခြင်းကို ဈေးကွက်စီးပွားရေး စနစ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားကသာ ထိန်းကျောင်းသည်ဆိုသော်လည်း အစိုးရများက တက်ခြင်း သို့မဟုတ် ကျဆင်းခြင်းကို မကြာခဏ ဝင်ရောက်စွက်ဖက်တတ်ပါသည်။ စွက်ဖက်ရခြင်း အကြောင်းများကို ဖော်ပြတတ်ပါသည်။ စွက်ဖက်သင့်သဖြင့် စွက်ဖက်ရခြင်းဖြစ်သည်ဟု အကြောင်းပြချက်ပေးတတ်ကြပါသည်။ အစိုးရက ဝင်ရောက်စွက်ဖက်ရာတွင် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများဖြင့် ဆောင်ရွက်ခြင်း၊ အခွန်အတုတ်များဖြင့် ထိန်းကျောင်းခြင်းများ စသည့်နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်တတ်ပါသည်။

နေ့စဉ် စား ဝတ်နေရေးအတွက် ကုန်စည်အမျိုးမျိုးရှိသော်လည်း ပြည်သူတို့၏ စားရေးနှင့် အဓိကသက်ဆိုင်ပြီး မိမိတို့မြန်မာနိုင်ငံတွင် ထမင်းနှင့် ဟင်းတစ်နပ်အတွက် မရှိမဖြစ်လိုသော အခြေခံစားသောက်ကုန် ကိုးမျိုးရှိသည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့မှာ ဆန်၊ စားသုံးဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ အသား/ငါး နှင့် ဟင်းသီးဟင်းရွက်များဖြစ်ပါသည်။ ယင်း ကိုးမျိုးကို အခြေခံစားသောက်ကုန်များဟု ခေါ်ဝေါ်ပါသည်။ သို့ရာတွင် ယင်းအထဲမှ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်တို့မှာ တစ်ခုမရှိလျှင် တစ်ခု အစားထိုးနိုင်သော်လည်း ဆန်၊ ဆီ၊ ဆားတို့မှာ အစားထိုးရန် အခက်ဆုံးဖြစ်ပါသည်။ ငရုတ်၊ ကြက်သွန်နီ၊ ချင်းနှင့် နနွင်းတို့မှာ မရှိလျှင် ဖြစ်သယောင်ရှိသော်လည်း နေ့စဉ်ချက်သော ဟင်းတွင်မပါမဖြစ် လိုအပ်နေသေးကြောင်းတွေ့နိုင်ပါသည်။

ယင်းအခြေခံ စားကုန်များအားလုံးသည် ပြည်ပမှအားကိုးပြီးနေရသော ကုန်စည်တစ်ခုမှမပါဝင်ပါ။ အားလုံးကို ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ပါသည်။ သို့ဖြစ်၍ တစ်ချိန်က ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါး တောင်လိုပုံဟု နိုင်ငံ၏ ကြွယ်ဝမှုကို သရုပ်ဖော်ခဲ့ဖူးပါသည်။ သို့သော်လည်း ယခုအချိန်တွင် ဆီကို ရေချိုးရန် မဆိုနှင့် ပြည်ပမှ ဈေးပေါသော စားအုန်းဆီကို တင်သွင်းပြီး စားနေရသော ဘဝသို့ ရောက်နေပြီ ဖြစ်ပါသည်။ ထုတ်လုပ်မှုနှင့် လူဦးရေတိုးတက်မှု အချိုးမညီခြင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ စားသုံးသူများတွင် ဝယ်ယူနိုင်စွမ်းအားနည်းခြင်း (Lack of purchasing power)၊ နေ့တွက်ဝင်ငွေ နည်းပါးခြင်းစသည့်အချက်များနှင့် ပုံစံမကျသော ထုတ်လုပ်မှုများကြောင့် ကုန်ထုတ်လုပ်မှုသည် ဈေးကွက်တွင်ရှိသော ဝယ်လိုအား၊ ရောင်းလိုအား၊ ကုန်လက်ကျန် အခြေအနေတို့ပေါ်တွင် မူတည်ပြီး၊ ဈေးအတက်အကျ အမြဲဖြစ်ပေါ်နေပါသည်။ မည်သို့ပင်ဖြစ်ပါစေ အခြေခံစားကုန်ကိုးမျိုးကို စားသုံးသူပြည်သူများအတွက် ဈေးမကြီးမြင့်အောင် ဆောင်ရွက်ပေးရမည်မှာ ကျွန်တော်တို့ အစိုးရနှင့် စီးပွားရေး ဦးဆောင်ဝန်ကြီးဌာနများတွင် တာဝန်ရှိသည်ဟု ထင်ပါသည်။ စားသောက်ကုန်များကို ဈေးနှုန်းမကြီးမြင့်စေရန် ထိန်းသိမ်းပေးကြရမည် ဖြစ်သော်လည်း၊ ယင်းကုန်ပစ္စည်းများ ဈေးနှုန်းအလွန်အမင်း ကျဆင်းပြန်လျှင်လည်း ကုန်ထုတ်လုပ်သူများကိုထိခိုက်ပြီး စိုက်ပျိုးမှု မလုပ်ပါက ကုန်ထုတ်လုပ်မှုနည်းပါးပြီး၊ ကုန်ဈေးနှုန်းတက်သည့် အဆိုးသံသရာလည်တတ်ပါသည်။ သို့ဖြစ်၍ အစိုးရတိုင်းသည် အခြေခံစားကုန်များနှင့် မရှိမဖြစ်လိုအပ်သော ကုန်စည်များအား ကုန်ထုတ်လုပ်သူများနှင့် စားသုံးသူများ အကျိုးစီးပွားမထိခိုက်စေရေးအတွက် ဆောင်ရွက်ပေး ကြရပါသည်။ ကုန်ထုတ်လုပ်သူများ တစ်နည်းအားဖြင့် တောင်သူများ ပုံမှန်အကျိုးအမြတ်ရှိအောင်၊ ရောင်းဈေးနှုန်း တည်ငြိမ်အောင်၊ သွင်းအားစုများ၊ မျိုးစေ့များ ဈေးနှုန်း မကြီးမြင့်အောင် ဆောင်ရွက်ပေးရပါမည်။ သို့ဖြစ်သဖြင့် ချိုင်ကြည့်ပါက တောင်သူများကို ကာကွယ်ပေးထားသည်ကို တွေ့ရပါသည်။ တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်ရေးနည်းဥပဒေ အခန်း (၉) မှာ **"လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း"**ဖြစ်ပြီး အပိုဒ် (၂၆)တွင် " ဦးဆောင်အဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့အား အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဖွဲ့စည်းနိုင်သည်-

- **(က) စိုက်ပျိုးထုတ်လုပ်သည့် ဒေသအတွင်း အရောင်းအဝယ်ဖြစ်ပေါ်နေသော လယ်ယာထွက်ကုန်၏ ဈေးနှုန်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်အောက် နိမ့်ကျနေခြင်း၊**
- **(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့က သက်ဆိုင်ရာဒေသအတွင်း လယ်ယာထုတ်ကုန်များဝယ်ယူရန် လိုအပ်ကြောင်းတင်ပြခြင်း၊**
- **(ဂ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရန် လိုအပ်သည်ဟု ယုံကြည်ဖွယ်ရာ အကြောင်းကိစ္စ တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း ဟုဖော်ပြထားပါသည်။**

သို့ဖြစ်သဖြင့် လယ်ယာထွက်ကုန် သီးနှံများဖြစ်သော အခြေခံစားကုန်များအတွက် အစိုးရမှဝင်ရောက် ဆောင်ရွက်ပေးသင့်သော အနိမ့်ဆုံးဈေးနှုန်းသည် ကုန်ထုတ်လုပ်မှုစရိတ်ဖြစ်သင့်ပါသည်။

ကုန်ထုတ်လုပ်သူများဘက်မှ စဉ်းစားပြီးလျှင် စားသုံးသူများဘက်မှ စဉ်းစားပေးသင့်ပါသည်။ စားသုံးသူများသည် နည်းအမျိုးမျိုးဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ရင်ဆိုင်နေကြရပါသည်။ ဝယ်လိုအားနှင့် ရောင်းလိုအားမှ ပြဋ္ဌာန်းသော ဈေးကွက်စီးပွားရေးစနစ်တွင် ကုန် ဈေးနှုန်းတက်ခြင်းသည် အစိုးရတွင် တာဝန်ရှိပါသည်။ သို့သော် အမြဲတမ်းဝင်ရောက်စွက်ဖက်ရန် မသင့်တော်ပါ။ ဆောင်ရွက်၍လည်း မရနိုင်ပါ။ ယင်းအခြေခံစားကုန်များ တစ်နှစ်တာအတွင်း မည်မျှအထိ ဈေးနှုန်းမြင့်တက်လျှင် အစိုးရ သို့မဟုတ် အစိုးရမှ တာဝန်ပေးသော ဝန်ကြီးဌာန စာမျက်နှာ ၁၉ သို့ ➲




# COLGATE PALMOLIVE မှ မြန်မာပြည်သူများသွားနှင့် ခံတွင်းကျန်းမာရေး ပိုမိုကောင်းမွန်စေရန် "သွားနှင့်ခံတွင်းကျန်းမာရေးလ ၂၀၁၆" ကိုစတင်

Colgate-Palmolive နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်းတို့သည် မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် သွားနှင့်ခံတွင်းကျန်းမာရေးလ စတင်ခြင်းကို မန္တလေးမြို့၌ ဇန်နဝါရီ ၁၈ရက်တွင် စတင်ခဲ့ကြောင်း Colgate ၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

ယခုနှစ်အတွက် အဆိုပါ အစီအစဉ်ကို ဖေဖော်ဝါရီ ၁ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး Colgate က မြန်မာပြည်သူများ၏ သွားနှင့် ခံတွင်းကျန်းမာရေး ပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ ယခင်အကြိမ်များထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်စီစဉ်သွားမည် ဖြစ်သည်။

သွားနှင့်ခံတွင်းကျန်းမာရေးလ စတင်ခြင်း အခမ်းအနားကို မန္တလေးတွင်ပြုလုပ်ခဲ့ပြီး ဧည့်သည်များ အားလုံးကို သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးပေးခြင်း၊ Colgate မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်းမှ တာဝန်ရှိသူများနှင့် သွားနှင့်ခံတွင်းဆိုင်ရာအမေးအဖြေအစီအစဉ်များကို ပြုလုပ်ခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တစ်လလုံးတွင် "သွားနှင့်ခံတွင်းကျန်းမာရေးလ" အသိပေးလှုပ်ရှားမှုသည် တိုးတက်များပြားလာသည့် မြန်မာနိုင်ငံရှိ စားသုံးသူများ၊ ကလေးငယ်များနှင့် မိသားစုများကို အခမဲ့ သွားနှင့်ခံတွင်းကျန်းမာရေးပညာပေး စာစောင်များအခမဲ့ ဝေငှခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့စစ်ဆေးခြင်းများကို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များရှိဆေးရုံ၊ ဆေးခန်း ၄၁၄ ခုတို့တွင် ပြုလုပ်ပေးခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူများ ပိုမိုနားလည်သိရှိလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် Colgate နှင့် ပူးပေါင်းထားသည့် ဆေးရုံနှင့်ဆေးခန်း ၃၇၉ ခုမှ သွားဆရာဝန်များသည် ပြည်သူပေါင်း ၅၅,၀၀၀ ကျော်ကို "သွားနှင့်ခံတွင်းကျန်းမာရေးလ" အစီအစဉ်တွင် သွားနှင့်ခံတွင်းအခမဲ့စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ဆေးရုံနှင့် ဆေးခန်းများ ပိုမိုပူးပေါင်းလာခြင်းကြောင့် (ရန်ကုန်တိုင်းအတွင်း ၁၆၈ နေရာ အပါအဝင်)မြန်မာပြည်သူများကို ပိုမိုကူညီနိုင်ရန် Colgate မှ မျှော်လင့်ထားသည်။

"Colgate အနေနဲ့ကျန်းမာတဲ့အပြုံးတစ်ခုရဲ့တန်ဖိုးကို နားလည်သဘောပေါက်ထားပါတယ်။ အပြုံးတစ်ခုဟာ အများကြီးတာသွားပါတယ်။ ဒါကြောင့် ယုံကြည်ချက်ရှိရှိပြုံးနိုင်ဖို့ဆို တာ အရမ်းကို အရေးကြီးပါတယ်။ နောက်ပြီးသွားနှင့် ခံတွင်းကျန်းမာရေးကောင်းမွန်ခြင်းကလည်း အဲဒီအတွက် အဓိကကျပါတယ်။ မြန်မာပြည်သူတွေ ဆက်လက်ပြီးပြုံးနေနိုင်အောင် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်းနဲ့ ပူးပေါင်းလုပ်ဆောင်ရတာကိုလည်း ကျွန်တော်ဂုဏ်ယူမိပါတယ်"ဟု Colgate ၏ Senior Professional Relation Manager ဖြစ်သူ Dr. Sompong က ပြောကြားခဲ့သည်။

"Colgate ရဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးလဟာ မြန်မာပြည်သူတွေအတွက် ရေရှည်လုပ်ဆောင်သွားမယ့် လုပ်ဆောင်ချက်တစ်ခုပါ နှစ်တိုင်း ဒီထက်မက ပိုမိုပြီး အကူအညီပေးနိုင်ဖို့လည်း မျှော်လင့်ပါတယ်။"

"မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်းကိုယ်စား ကျွန်တော်တို့ အနေနဲ့"သွားနှင့်ခံတွင်းကျန်းမာရေးလ" ကို မြန်မာနိုင်ငံမှာ စတုတ္ထအကြိမ်အဖြစ် Colgateနဲ့အတူထပ်ပြီး လက်တွဲလုပ်ဆောင်ရတာကို အရမ်းဝမ်းသာပါတယ်။ Colgate ဟာ ကျွန်တော်တို့ရဲ့အရေးပါတဲ့ ပန်းတိုင်ဖြစ်တဲ့ မိသားစုနဲ့ ကလေးတွေရဲ့ သွားနှင့်ခံတွင်းစောင့်ရှောက်မှု မြှင့်တင်ရေးမှာ အတူကူညီလုပ်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပူးပေါင်းလုပ်ဆောင်မှုကနေ ရေတိုနဲ့ ရေရှည် ရလဒ်နှစ်မျိုးစလုံးရရှိမယ်လို့ မျှော်လင့်ထားပါတယ်" ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာပွင့်ဖူးက ပြောကြားခဲ့သည်။

Colgate ၏ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလသည် နှစ်စဉ် ပြုလုပ်သည့်လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive မှ ကမ္ဘာတစ်ဝန်းရှိ ဒေသတွင်း သွားနှင့်ခံတွင်းဆိုင်ရာ အရာရှိများနှင့် ပူးပေါင်းကာသွားနှင့် ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူအား ပညာပေးရန် အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်သည်။

Colgate ၏သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလအကြောင်းနှင့် သွားနှင့်ခံတွင်း စစ်ဆေးခြင်းများကို ထပ်မံသိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁ ၇၀၇၁၈၁ နှင့် ၀၁ ၅၆၅၈၁၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မယ်သီတာ**

➲ စာမျက်နှာ ၁၈ မှ အဆက်

တစ်ခုခုမှ ဝင်ရောက်ဆောင်ရွက်ပေးမည်နည်း၊ မည်သည့် နည်းလမ်းများကို သုံးစွဲမည်နည်း၊ အကယ်၍များ ယခုနှစ်ရေဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ယင်းဒေသများတွင် အခြေခံစားကုန်များကို ပုံမှန်ဈေးနှုန်းများဖြင့် စားသုံးသူပြည်သူများ မည်သို့ဝယ်ယူစားသုံးနိုင်အောင် မည်ကဲ့သို့ ဆောင်ရွက်ပါမည်လဲ။ ဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် ပြည်သူများအား ထုတ်ပေးခြင်း၊ ရောင်းချပေးခြင်းပြုလုပ်နိုင်စေရန် အတွက် Food Security အဖြစ် အရန်သိုလှောင်ထားရှိရန် လိုအပ်ပါသည်။ အထူးသဖြင့် အခြေခံစား ကုန် ကိုးမျိုးမှ ဆန်၊ ဆီ၊ ဆား၊ အဓိကသုံးမျိုးကို သိုလှောင်သိမ်းဆည်းသင့်ပါသည်။

နိုင်ငံတော်အဆင့် အစီအမံ ရေရှည်စီမံချက် ရေးဆွဲထားရှိရန် လိုအပ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယင်းအရန်ဆန်၊ ဆီ၊ ဆား ထားရှိရေးကို Focal Ministry အဖြစ် ဆောင်ရွက်ပေးနိုင်လျှင် အလွန်သင့်တော်မည်ဟုယူဆမိပါသည်။ လက်ရှိအခြေအနေတွင်ယင်းအခြေခံစားကုန်များ၏ ဈေးနှုန်းများကို နေ့စဉ်စာရင်းဇယားများ ကောက်ယူပြီး၊ အထက်အဆင့်ဆင့်သို့ Price Analysis ပြုစုသုံးသပ်တင်ပြနေခြင်းအား ပိုမိုကောင်းမွန်သော Quality Information များ တင်ပြနိုင်ရေး၊ အသင်းအဖွဲ့များအား ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ယင်းသုံးသပ်တင်ပြချက်များ ပြုလုပ်ရာတွင် အနိမ့်ဆုံးဈေး မည်မျှ၊ အမြင့်ဆုံးဈေး မည်မျှရောက်လျှင် အစိုးရမှ ကုန်ဈေးနှုန်းများကို ပြည်သူများ၊ စားသုံးသူများအတွက် ဝင်ရောက်စွက်ဖက်သင့်သည်။ တစ်နည်းဆိုရသော် ဈေးနှုန်းထိန်းချုပ်မှုအား ဝင်ရောက်ဆောင်ရွက်သင့်ပါသည်။ တိုက်ရိုက်ပတ်သက်မှုမျိုးဖြစ်သော ကုန်ဈေးနှုန်းကို သတ်မှတ်ခြင်းမျိုး မဟုတ်ဘဲ၊ ယခုနှစ်ရေကြီးချိန်တွင် ဆန်ဈေးနှုန်းများ မြင့်တက်လာသဖြင့် ပြည်ပသို့ဆန်တင်ပို့မှုကို အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းမျိုး ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ အမြင့်ဆုံးဈေး မည်မျှရောက်ရှိလျှင် အစိုးရအနေဖြင့် ဝင်ရောက်ဆောင်ရွက်မည်ဆိုသည့် အတိုင်းအတာကို ယင်း Data Collection, Quality Infor- mation, Knowledges များအဖြစ် ဆောင်ရွက်ပြီး ထိန်းသိမ်းရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ စာဖတ်သူများအနေဖြင့် ကုန်ဈေးနှုန်းကို မည်သို့ထိန်းသိမ်းသင့်သည်ကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာသင့်သည်ဟု ထင်မိပါသည်။

# BeeTalk ၏ နောက်ဆုံးထုတ် 2.1.4 ဗားရှင်းအသစ်ကို စတင်မိတ်ဆက်

မြန်မာနိုင်ငံတစ်ဝန်းမှ BeeTalk အသုံးပြုသူများနှင့် ပိုမိုသင့်လျော်စေ ရန် ကောင်းမွန်သော အပြောင်းအလဲများဖြင့် BeeTalk ၏ နောက်ဆုံးထုတ်ဗားရှင်း 2.1.4 ကို ဇန်နဝါရီလ ၁၃ ရက်နေ့က Junction Square ရှိ Junction Cineplex တွင် စတင်မိတ် ဆက်ခဲ့သည်။

BeeTalk မှ အသစ်ထပ်မံထွက်ရှိလာသော ဗားရှင်း 2.1.4 တွင် လျှောက်ကြည့်ရန် (Look Around) နေရာကို Auto ပိတ်ပေးထားပြီး မိမိရောက်ရှိနေသည့်နေရာသို့ အနီးအနားရှိBeeTalk အသုံးပြုသူများမမြင်တွေ့နိုင်စေရန် ကာကွယ်ပေးထားပါသည်။

မိမိဘက်မှ သူငယ်ချင်းများ စတင်ရှာဖွေလိုသောအခါမှသာ လျှောက်ကြည့်ရန်(LookAround) ကို ပြန်လည်ဖွင့်၍ အသုံးပြုနိုင်သောကြောင့် အသုံးပြုလိုသူများအတွက် လုံခြုံမှုရှိရှိ အထူးသင့်လျော်သော ပြောင်းလဲမှုတစ်ခုဖြစ်ပါသည်။

ဗားရှင်းအသစ်တွင်ယခင်ဗားရှင်းအဟောင်း၌ အဆင်မပြေခဲ့သည့် BeeTalk public account (စာမျက်နှာများ)နှင့် စကားဝိုင်းများ ရောထွေးနေခြင်းကို ပြန်လည်ပြုပြင်ပေးထားပြီး ရှင်းလင်းသော ပုံစံဖြင့် မြင်တွေ့ရမည်ဖြစ်သည်။

မိမိ Follow (လိုက်ကြည့်ရန်) ပြုလုပ်ထားသည့် Public account(စာမျက်နှာများ) များမှ နေ့စဉ်ပေးပို့လာသော စိတ်ဝင်စားဖွယ်ရာစာများကို သတ်သတ်စီခွဲပေးထားသောကြောင့် Notification ပြသရာတွင် စကားဝိုင်းမှပေးပို့သော Notification များနှင့် ရှုပ်ထွေးမှုမရှိတော့ပါ။

ထို့အပြင် BeeTalk ၏ သံတမန်ဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဖွေးဖွေး၏ မျက်နှာအမူအရာလေးများဖြင့် ဖန်တီးပြုလုပ်ထားသော ချစ်စဖွယ် စတစ်ကာလေးများ၊ မြန်မာမှု မြန်မာ့ဟန်ကိုကိုယ်စားပြုသောချစ်စရာ စတစ်ကာလေးများကိုလည်း ရရှိနိုင်ပြီဖြစ် သည်။

BeeTalk မှ အသစ်ထွက်ရှိသော စတစ်ကာ ၃၂ ခုစလုံးအား အခမဲ့ download ပြုလုပ်ရယူနိုင်မည်ဖြစ်ပါသည်။

"ဒီတစ်ခေါက် ဗားရှင်းအသစ်ရဲ့ ထူးခြားချက်လေးကတော့ မြန်မာနိုင်ငံက လူတွေနဲ့ သင့်တော်မယ့်၊ သုံးလို့ပိုပြီး အဆင်ပြေမယ့် အချက်တွေကို အဓိကထားပြီး ထုတ်ပေးထားတာပါ။ ဒီမှာစစ်တမ်းတွေကောက်ခဲ့တယ်။ အဲဒီကရလာတဲ့ ရလဒ်ပေါ်မှာ မူတည်ပြီးမှ အဆင်ပြေဆုံးဖြစ်အောင် ပြောင်းလဲပေးထားပါတယ်။မြန်မာနိုင်ငံမှာ မြန်မာလူမျိုးတွေအသုံးပြုရမယ့် App တစ်ခု ဖြစ်တာကြောင့် ဒီကအနေအထားနဲ့ လိုက်လျောညီထွေဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပေးထားပါတယ်"ဟု BeeTalk မှ Marketing Manager မနန်းမိုက ပြောသည်။

BeeTalk မှ နောက်ဆုံး ထွက်ရှိထားသော ဗားရှင်းအသစ် 2.1.4 ကို www.beetalk.com.mm တွင် အခမဲ့ download ရယူနိုင်ပြီး Ooredoo အင်တာနက်အသုံးပြုသူဖြစ်ပါက Ooredoo Zone တွင် အင်တာနက်ဖိုး အခမဲ့ဖြင့်လည်း ဇန်နဝါရီ ၃၁ ရက်အထိ ရယူနိုင်မည်ဖြစ်ပါသည်။

**မယ်သီတာ**

## ပြောင်း

### ပြောင်းတန်ချိန် သုံးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ဇန်နဝါရီ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၇ ဒသမ ၂၄၃ သန်းတန်ဖိုးရှိ ပြောင်း ဖူးစေ့ ၃၁၇၉၈ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုကတော့ မူဆယ်မှ ၃၀၅၄၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၂၅၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ တန်ချိန် ၃၃၄၀၀ ထိတင်ပို့ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု အနည်းငယ်လျော့နည်းသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၄၂၁၁ ကျပ်မှ ၂၉၂၄၅၆ ကျပ်သို့ အနည်းငယ် မြင့်တက်ခဲ့ပါတယ်။ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းများမှ ဒီဇင်ဘာလလယ်ကတည်းက ပြောင်းတင်ပို့မှုမရှိခဲ့ပါဘူး။ **မော်မော်အောင်**

### တောင်အာဖရိကနိုင်ငံမှာ ရာသီဥတုဆိုးရွားခြင်းကြောင့် ပြောင်းတန်ချိန်သန်းနဲ့ချီ၍ တင်သွင်းရဖွယ်ရှိ

ယခင်ကသီးနှံများတင်ပို့နေတဲ့ တောင်အာဖရိကနိုင်ငံဟာ ဆိုးရွားတဲ့ရာသီဥတုဒဏ်ကြောင့် ပြည်ပမှ ပြောင်းဆန် အဖြူရောအဝါပါ ငါးသန်းမှ ခြောက်သန်းအထိ တင်သွင်းရမယ်လို့ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဇိုကွာနာက ဇန်နဝါရီ ၁၅ ရက်က ပြောကြားလိုက်ပါတယ်။ ဇင်ဘာဘွေ လီဆိုသို၊ နမီးဘီးယား၊ ဘော့စ်ဆွာနာနဲ့ ဆွာဇီလန် စတဲ့ဒေသတွင်းနိုင်ငံများရဲ့ လိုအပ်ချက်စုပေါင်းလိုက်ရင် ပြောင်းအပြင် ပဲပုပ်စေ့နဲ့ ဂျုံအပါအဝင် တန်ချိန် ၁၀ ဒသမ ၉ သန်းခန့်ရှိနိုင်တယ်လို့ ပရီတိုးရီးယားမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဝန်ကြီး ဇိုကွာနာကပြောပါတယ်။

စားနပ်ရိက္ခာဖူလုံရေးအတွက် တောင်အာဖရိကအနေနဲ့ ပြည်ပမှပြောင်းတင်သွင်းမှသာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီစေနိုင်မယ်လို့ သူကဖြည့်စွက်ပြောကြားပါတယ်။ **CMK**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ သကြားဖြူတန်ချိန် နှစ်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်တာကာလအတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၀ ဒသမ ၇၁၄ သန်းတန်ဖိုးရှိ သကြားဖြူ ၁၉၂၇၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံတွင် နှစ်ကူးရာသီချိန်နီးသဖြင့် တရုတ်ဝယ်လက်ရှိပြီး မန္တလေးဈေးကွက်မှ သကြားများ များစွာတင်ပို့နိုင်တယ်လို့သိရပါတယ်။ လက်ရှိမူဆယ်မြို့သို့ နေ့စဉ် သကြားအိတ်ရေ ၅၀၀၀၀ ခန့် ပြည်တွင်းမှ ဝင်ရောက်နေတယ်လို့သိရပြီး လက်လီသကြားဈေးကတော့ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။ **MIRT**

| ၁၈-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 266 | 15,573,363.702 |
| 2 | Form D | 22 | 1,358,447.700 |
| 3 | Form E | 86 | 1,333,762.210 |
| 4 | Korea GSP | 11 | 429,029.000 |
| 5 | Form AK | 66 | 3,540,978.550 |
| 6 | Form AJ | 7 | 100,549.063 |
| 7 | Form AI | 59 | 3,466,975.367 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **517** | **25,803,105.592** |

## ရော်ဘာ

### မလေးရှားနဲ့ စင်ကာပူသို့ ရော်ဘာတန် ၅၇၀ ကျော်တင်ပို့

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်ထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၃၄ သန်းတန်ဖိုးရှိ ရော်ဘာ ၅၈၈ တန်ကျော်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံနဲ့ ပမာဏတွေကတော့ မလေးရှားနိုင်ငံသို့ RSS-3 ၄၃၆ တန်နဲ့ MSR-20 ၆၄ တန်ကျော်၊ စင်ကာပူနိုင်ငံသို့ MSR-20 ၈၈ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကထက် တန် ၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာ ဈေးအပြောင်းအလဲ သိပ်မရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅၀-၁၀၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၀၀-၁၀၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၅၀-၉၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၀၀-၉၀၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၀၀-၁၀၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၅၀-၉၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၇၅၀ - ၈၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၇၀၀ - ၈၀၀** |
| **Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၅၆၀ - ၆၅၀** |

**ယဉ်ယဉ်အေး**

### မလေးရှားရော်ဘာဈေးကွက် အတက်ဘက်သို့ ဦးတည်



မလေးရှား ရော်ဘာဈေးကွက်ဟာ လာမယ့်တစ်ပတ်မှာ မြင့်တက်ဖွယ်ရှိပြီး အမှာစာများလည်း မြင့်တက်ဖွယ်ရှိတယ်လို့ ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ဒေသတွင်းလိုအပ်ချက် မြင့်တက်မယ့် အလားအလာရှိတာက ပြည်တွင်းဈေးကွက်မြင့်တက်မှုကို အထောက်အကူပြုစေတယ်လို့ သူကပြောပါတယ်။ ရော်ဘာဈေး ဆက်တိုက်ကျဆင်းနေသဖြင့် ထိုင်းအစိုးရက ပေါက်ဈေးထက် ပိုပေးပြီး ရော်ဘာစိုက်တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခြင်းအားဖြင့် ရော်ဘာစိုက် တောင်သူများကို အထောက်အကူပြုစေရန် စီစဉ်တာလို့ သိရပါတယ်။

သောကြာနေ့ဈေးကို အခြေခံတဲ့ မလေးရှားရော်ဘာ ရောင်းချသူများရဲ့ တရားဝင် ပေါက်ဈေးများကတော့ တာယာထုတ်လုပ်ရာမှာသုံးတဲ့ ရော်ဘာအဆင့် SMR-20 တစ်ကီလိုဂရမ်ကို ၈ ဒသမ ၅ ဆမ် (Sen) တိုးလာပြီး ၄၇၀ ဒသမ ၅ ဆမ်၊ Latex အဖြူဝမ်းပုံ တစ်ကီလိုဂရမ်ကို ၁၁ ဆမ်တိုးလာပြီး ၃၄၁ ဒသမ ၅၀ ဆမ် အသီးသီးဖြစ်ပြီး ဈေးကွက်ထဲမှာတော့ SMR-20 ၁ ကီလိုဂရမ်ကို ၄၆၆ ဒသမ ၅ ဆမ်၊ Latex အဖြူဝမ်းပုံ ၁ ကီလိုဂရမ်ကို ၃၄၄ ဆမ်နဲ့ ဈေးပိတ်ခဲ့တယ်လို့ ဇန်နဝါရီ ၁၈ ရက်က ကမ္ဘာ့ရော်ဘာဈေးကွက် သတင်းများအရ သိရှိရပါတယ်။ **CMK**

### ကောဒသမအကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ ဆရာကန်တော့ပွဲ ကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီးဆရာများအား ကောဒသမကြိမ်မြောက် ဆရာကန်တော့ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ် မေလတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ကုန်သွယ်လယ်ယာခမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဦးတင်ရွှေ** | **အထွေထွေမန်နေဂျာ(ငြိမ်း)** | **ဖုန်း - ၀၉-၇၃၂၀၆၃၀၇** |
| **ဦးသိန်းလွင်** | **အထွေထွေမန်နေဂျာ(ငြိမ်း)** | **ဖုန်း - ၅၁၁၉၀၆/၀၉-၈၅၁၆၄၈၃** |
| **ဒေါ်ခင်အေး** | **ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)** | **ဖုန်း - ၀၁-၅၁၃၂၉၆** |
| **ဦးတိုးအောင်မြင့်** | **အမြဲတမ်းအတွင်းဝန်** | **ဖုန်း - ၀၉-၈၃၀၃၂၁၇** |
| **ဦးသန်းအောင်ကျော်** | **ဒုတိယညွှန်ကြားရေးမှူးချုပ်** | **ဖုန်း - ၀၉-၇၈၅၄၃၅၇၂၆** |
| **ဦးမြင့်လွင်** | **ဒုတိယညွှန်ကြားရေးမှူးချုပ်** | **ဖုန်း - ၀၉-၄၃၀၃၄၈၇၅** |
| **ဦးသန်းအောင်** | **ညွှန်ကြားရေးမှူး(ငြိမ်း)** | **ဖုန်း - ၂၀၁၆၄၆/၀၉-၅၀၁၉၃၃၄** |
| **ဦးဇော်မင်း** | **ညွှန်ကြားရေးမှူး** | **ဖုန်း - ၀၉-၈၆၁၃၆၇၉** |
| **ဦးမြင့်ချို** | **ညွှန်ကြားရေးမှူး** | **ဖုန်း - ၀၉-၈၆၂၇၄၄၃** |
| **ဦးကျော်ငွေ** | **အင်ဂျင်နီယာချုပ်** | **ဖုန်း - ၀၉-၅၀၁၄၅၅၃** |

**ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ**

သင့်ကျန်းမာရေး

# ဟန်းဖုန်းများတွင် နားကျပ်သုံးခြင်းရဲ့ ဆိုးကျိုး

ဒေါက်တာလွင်သန့်

မိုဘိုင်းဖုန်းတွေ လွယ်လင့်တကူ ဆက်သွယ်နေကြတာနဲ့ ပတ်သက်ပြီး လူတို့ရဲ့ ကျန်းမာရေးအပေါ် ဘယ်လိုသက်ရောက်မှု ရှိနိုင်တယ်ဆိုတာ သုတေသနပြုကြတယ်။ မိုဘိုင်းဖုန်းကိုင်သူတွေဟာ ကမ္ဘာ့ အနှံ့အပြားမှာ အများအပြားရှိနေကြတယ်။ မိုဘိုင်းဖုန်းမှာ နည်းပညာအစုံပါဝင်တဲ့ အပလီကေးရှင်း (Application)ကို ကွန်ပျူတာလို လုပ်ဆောင်နိုင်တာ ကြောင့်လည်း ပညာသင်ကြားနေတဲ့ ကျောင်းသားလူငယ်များအကြား မရှိမဖြစ် တစိုက်မတ်မတ် သုံးနေကြတာပါ။ အချို့ကလည်း ဖုန်းကတစ်ဆင့် မက်ဆေ့ချ်ပို့တာ၊ ဖေ့စ်ဘွတ်ဖွင့်တာလုပ်ကြတယ်။ နားကြပ်လေးတပ်ပြီး သွားလာဟန် (cat walk) နဲ့ ပတ်ဝန်းကျင် ဆွဲဆောင်နိုင်တာတွေ့ရတယ်။

အချို့ကလည်းကားမောင်းရင်း ဖုန်းပြောနေသလို သီချင်းဖွင့်ပြီး နားထောင် တီဗွီ၊ ဗီဒီယိုဖွင့်ကြည့်ကြ အချို့ဖေ့စ်ဘွတ်အင်တာနက်သုံးပြီး ဟန်းဆက်ကို ကွန်ပျူတာတစ်လုံးလို သုံးနေကြပါတယ်။ အချို့လည်း ပတ်ဝန်းကျင်ကို အသံကြောင့် ပတ်ဝန်းကျင်ရဲ့ အနှောင့်အယှက် မရှိရအောင် ရောင်စုံနားကြပ်ကလေးတွေ သုံးစွဲကြတယ်။ မျက်စိထဲမှာ လွယ်ကူ ရိုးရှင်းတဲ့ ရောင်စုံနားကြပ်လေးတွေ တပ်ပြီး သွားလာနေတာမြင်ရမှာပါ။

**(၁) အမြင်အာရုံချို့ယွင်းခြင်းနှင့် အကြားအာရုံချို့ယွင်းခြင်း၊** နားကြပ်တပ်တာ အသုံးပြုတာကြာမြင့်ရင် နားပူပြီး အကြားအာရုံချို့ယွင်းသလို မြင်ကွင်းသေး (Small screen) ကို ရက်ရှည်လများ အာရုံပြုစူးစိုက်ရတာများခြင်းကြောင့် အမြင်အာရုံကို ချို့ယွင်းစေပါတယ်။ နားကြပ်နဲ့နားထောင်တာ အထဲရောက်လေ နားစည် (Ear drum)ကို တိုက်ရိုက်ထိလို့ နားလေးစေတယ်။

**(၂) အသံပါဝါမြင့်နေ (Decible ranges)။** အသံကို ဂရုမစိုက်မိဘဲ အကျယ်ကြီးဖွင့် ပြီး နားထောင်မိရင် အသံပါဝါကို 85 db ဒယ်ဆီဘယ်အထိ (၈၅ ဒယ်ဆီဘယ်) မြှင့်ပြီး တစ်နေ့ကို ရှစ်နာရီကြာ နားထောင်မိရင် ယာယီ နားလေးသွားနိုင်တယ်။ နားလေးသွားတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) စစ်တမ်းအရ ဆူညံသံကို နားထောင်လက်ခံသင့်တဲ့ စာရင်းများကို ထုတ်ပြန်ရာမှာ ကားတစ်စီး ဆူညံသံအဆင့် 85(db) အထိပဲ နားထောင်သင့်တယ်။ ဒီထက်မဆူညံရပါ။

**(၃) နားထဲပိုးဝင်ခြင်း။** ကိုယ့်နားကြပ်ကိုယ် နားထောင်ရင်လည်း ချွတ်ထား ချိန်ရှိတယ်။ ရောဂါပိုးဝင်နိုင်တယ်။ အခြားသူရဲ့နားကြပ်နဲ့ နားထောင်ရင် ရောဂါပိုးနားထဲ ကူးစက်ဝင်ရောက်သွားကာ နားကိုက်တာ၊ နားရောင်တာ ဖြစ်နိုင်တယ်။ ဘက်တီးရီးယားနဲ့ မှိုတွေပါ နားထဲဝင်ရောက်နိုင်တယ်။

**(၄) အချိန်ကန့်သတ် ။** သီချင်းကြိုက်သူများ သီချင်းကိုနားကြပ်နဲ့ နားထောင်တာဟာ နားစည်တုန်ခါမှုကို မပြင်းထန်စေဖို့အတွက် နားစည်အမြေးရောင်တဲ့အထိ မတပ်ဆင်ရဘူး။ မိမိကြားရုံလောက်ပဲဖွင့်ရမယ်။ ရှစ်နာရီကြာ နားထောင်နိုင်တယ်။ တစ်နာရီကြာပြီးတိုင်း ငါးမိနစ် အနားယူသွားဖို့ လိုတယ်။

**(၅) အိပ်ချိန်မှာ ဖုန်းနားကြပ်ကိုဝေးဝေးထား။** အချို့ဘယ်လောက်ထိ စွဲလမ်းသလဲဆိုရင် အိပ်ချိန်အထိ နားကြပ်တန်းလန်းနဲ့ အိပ်စက်တယ်။ အနားယူတာ အိပ်တာမှာ ဖုန်းနားကြပ်ကို ဝေးဝေးမှာထားရှိသင့်ပါတယ်။

နားကြပ်ရောင်စုံလေးများက ဟန်းဆက်ရောင်းတဲ့ ဝန်ဆောင်မှုဆိုင်တွေမှာ လူငယ်တွေကို ဖိတ်ခေါ်နေသလို လူမှုယဉ်ကျေးမှုလည်း ဖြစ်လာတော့ ပိတ်ပင်တားဆီးလို့တော့မရဘူး။ အကန့်အသတ်နဲ့သုံးရမှာဖြစ်သလို တစ်နေ့ရှစ်နာရီ ထက်ပိုမသုံးကြဖို့၊ နားကြပ်သန့်ရှင်းရေးကို နေ့စဉ်လုပ်ဖို့ လိုအပ်တဲ့အပြင် အခြားသူတွေရဲ့ နားကြပ်ယူသုံးစွဲတာ မဖြစ်သင့်ပါဘူး။ နားကြပ်သုံးတာ ဓာတ်ရောင်ခြည်သင့်စေနိုင်တာ ဦးနှောက်ကင်ဆာဖြစ်နိုင်လို့ ဟန်းဖုန်းတွေ အလွန်အကျွံမသုံးစွဲသင့်ကြောင်း ကျန်းမာရေးအသိပညာပေးလိုက်ရပါတယ်။




## နှလုံးခုန်နှုန်းနှေးကွေးခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်မှု မရှိဟုဆို

နှလုံးခုန်နှုန်းနှေးကွေးပါက နှလုံးရောဂါဖြစ်ပွားမှု ပိုမိုမြင့်တက်နိုင်သည်ဟူသော ယူဆချက်မှာ မှားယွင်းကြောင်း လေ့လာချက်တစ်ရပ်အရ သိရှိရသည်ဟု အမေရိကန်နိုင်ငံ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

နှလုံးခုန်နှုန်း ပုံမှန်မဟုတ်သည့် ရောဂါဟုလူသိများသည့် သာမန်ထက် နှလုံးခုန်နှုန်း နှေးကွေးလွန်းခြင်းသည် နှလုံးရောဂါ ပိုမိုဖြစ်ပွားနိုင်သည်ဟူသည့်အချက်မှာ မဟုတ်မမှန်ကြောင်း သုတေသီတို့က ပြောကြားခဲ့သည်။

"လူတစ်ယောက်ရဲ့ နှလုံးခုန်နှုန်းက စက္ကန့် ၄၀ ဒါမှမဟုတ် စက္ကန့် ၅၀ ကြာမှ တစ်ကြိမ်ခုန်ခဲ့မယ်ဆိုရင် ဒါဟာ ပုံမှန်မဟုတ်တဲ့နှလုံးခုန်ခြင်းမျိုးဖြစ်ပါတယ်။ ဒီလိုနှလုံးခုန်တာမျိုးကို နှလုံးရောဂါဖြစ်ပွားတယ်လို့ သတ်မှတ်လို့မရပါဘူး" ဟု အမေရိကန်နိုင်ငံမှ သုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

အရွယ်ရောက်ပြီး လူတစ်ယောက်၏ နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် အကြိမ် ၆၀မှ ၁၀၀ ကြားတွင်ရှိနေရမည်ဖြစ်ပြီး နှလုံးခုန်နှုန်းနှေးကွေးသည့် သူတစ်ဦးတွင်မူ နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် အကြိမ်ရေ ၅၀ အောက်တွင်သာရှိနိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့နှလုံးခုန်နှုန်း နှေးကွေးသည့်သူများသည် ခန္ဓာကိုယ်အတွင်းရှိ သွေးတွင် အောက်စီဂျင်ပမာဏရရှိမှု နည်းပါးသည့်အပြင် နှလုံးသို့ သွေးရောက်ရှိမှု နည်းပါးသဖြင့် ရင်ပတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း စသည့်ဝေဒနာများကိုပါ ခံစားရနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## နယူးယောက်မြို့တွင် ဇီကာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ သုံးဦးရှိလာ



ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစ ကလေးငယ်များအပါအဝင် လူများအား ကူးစက်ပျံ့ပွားနိုင်သည့် ဇီကာဗိုင်းရပ်စ်ပိုးသည် အမေရိကန်နိုင်ငံတစ်ဝန်း၌ ပျံ့နှံ့လျက်ရှိရာ နယူးယောက်မြို့တွင် ကလေးမွေးဖွားခဲ့သည့် အမျိုးသမီးသုံးဦးတွင် အဆိုပါဗိုင်းရပ်စ်ပိုး ကူးစက်ထားသည်ကို တွေ့ရှိရကြောင်း အမေရိကန်ကျန်းမာရေးဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ အမျိုးသမီးသုံးဦးသည် ကလေးမွေးဖွားရာတွင် ပုံမှန်အတိုင်း မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားလာသည့် ကလေးငယ်များ၏ ဦးနှောက်များသည် သေးငယ်နေသည့်အပြင် ပုံမှန်ကလေးငယ်များကဲ့သို့ အလုပ်လုပ်နိုင်စွမ်းမရှိကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အဆိုပါဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရသည့်အမျိုးသမီးများသည် အမေရိကန်နိုင်ငံပြင်ပတွင် ခရီးသွားလာခဲ့ကြသူများဖြစ်ပြီး ၎င်းတို့သွားရောက်ခဲ့သည့် ဒေသများသည် ဇီကာဗိုင်းရပ်စ်ပိုး ပျံ့နှံ့နေသည့် ဒေသများဖြစ်နိုင်ကြောင်း နယူးယောက် ပြည်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသည့် လူနာသုံးဦးအနက် တစ်ဦးမှာ လုံးဝပြန်လည်ကောင်းမွန်နေပြီဖြစ်သော်လည်း ကျန်နှစ်ဦးကိုမူ စောင့်ကြည့်နေရဆဲဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

အမေရိကန်ကျန်းမာရေးအာဏာပိုင်များသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတစ်ဝိုက်ရှိ ဒေသပေါင်း ၂၂ နေရာသို့ ခရီးသွားလာခြင်း မပြုရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒေသခံတွေ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို တိုက်တွန်းထားပါတယ်။ ခရီးသွားမယ်ဆိုရင် သက်ဆိုင်ရာဒေသမှာရှိတဲ့ ကျန်းမာရေးအာဏာပိုင်တွေနဲ့တွေ့ဆုံပြီး သူတို့ဆီကခွင့်ပြုချက်တွေ၊ အကြံဉာဏ်တွေ တောင်းခံပြီး သွားသင့် မသွားသင့် ဆုံးဖြတ်သင့်ပါတယ်"ဟု နယူးယောက်မြို့မှ ကျန်းမာရေးအရာရှိ ဟိုးဝပ်ဇူကာက ပြောကြားခဲ့သည်။

ဇီကာဗိုင်းရစ်စ်ပိုးသည် ခြင်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရပါက မွေးလာသည့်ကလေးများသည် ဦးခေါင်းများ သေးငယ်ကာ ဦးနှောက်ပျက်စီးသည့် ရောဂါများကို ခံစားရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ခြင်ကိုက်ခံရခြင်းမှ ကင်းဝေးစေရန် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်မကိုက်ဆေးများ လိမ်းခြင်းတို့ကို ပြုလုပ်ထားသင့်ကြောင်း အမေရိကန်နိုင်ငံ ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**မယ်သီတာ**



## ဒဏ္ဍာရီပုံပြင်များမှ ဇာတ်ကောင်များအတိုင်း ဝတ်ဆင်၍ Vietjet မှ ရန်ကုန်လေဆိပ်တွင် ခရီးသွားများအား ပျော်ရွှင်စိတ်လှုပ်ရှားဖွယ်ရာ လက်ဆောင်များပေးအပ်

Vietjet မှ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း Vietjet လေကြောင်းလိုင်းကို စီးနင်းသူခရီးသွားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာချိန်တွင် စိတ်လှုပ်ရှားစရာ အစီအစဉ်တစ်ခုဖြင့် ကြိုဆိုခဲ့သည်။

လေဆိပ်အနီးအနား၊ လေယာဉ်ထွက်ခွာရာဂိတ်များနှင့် Check-In ပြုလုပ်ရာနေရာများတွင် ဒဏ္ဍာရီပုံပြင်များထဲမှ မင်းသား၊ မင်းသမီးနှင့် ဒဏ္ဍာရီဇာတ်ကောင်များအတိုင်းဝတ်ဆင်၍ ခရီးသွားများအား အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စိတ်လှုပ်ရှားစရာအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး Vietjet ၏ အထူးအစီအစဉ်များအနက်တစ်ခုဖြစ်သည့် "အံ့ဩဖွယ်ရာ ဒဏ္ဍာရီဇာတ်ဆောင်များနှင့်အတူ Vietjet ဖြင့်ပျံသန်းခြင်း"အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအထူးအစီအစဉ်သည် ယခုနှစ်အတွင်း Vietjet လေကြောင်းလိုင်းမှ ခရီးသွားများအား အကောင်းဆုံးသော ဝန်ဆောင်မှုနှင့်ပျော်ရွှင်စရာ အခိုက်အတန့်များ ဖန်တီးပေးရန် ရည်ရွယ်ပြုလုပ်သည့် မြောက်မြားလှစွာ သောအစီအစဉ်များအနက်မှ တစ်ခုလည်းဖြစ်သည်။

အဆိုပါ အထူးအစီအစဉ်များစွာ အနက်တစ်ခုအဖြစ် ခရီးသည်များသည် Vietjet လေကြောင်းလိုင်းကို စီးနင်းလိုက်ပါရင်း လေယာဉ်ပေါ်တွင် အပတ်စဉ်၊ နေ့စဉ်ပြုလုပ်သည့် Vietjet ၏ ကံစမ်းမဲအစီအစဉ်ကိုလည်း ယနေ့မှစ၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

အဆိုပါကံစမ်းမဲအစီအစဉ်တွင် နိုင်ငံတကာသို့သွားလာနိုင်မည့် လေကြောင်းလက်မှတ်များ၊ စမတ်ဖုန်းများနှင့် အားလပ်ရက်ရာသီအတွင်း ဗီယက်နမ်နိုင်ငံရှိ ကြယ်ငါးပွင့်ဟိုတယ်များတွင် သွားရောက်တည်းခိုနိုင်သည့် ကံစမ်းမဲလက်မှတ်ထောင်ပေါင်းများစွာကို ခရီးသည်များအနေဖြင့် ပျော်ရွှင်စွာကံစမ်းနိုင်မည်ဖြစ်သည်။

**မယ်သီတာ**

## Myanmar Property Awards 2016 ကို မေလ ၃၀ ရက်တွင် ထုတ်ဖော်ကြေညာမည်

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပမည့် Myanmar Property Awards 2016 ၏ ဆုရရှိသူများစာရင်းကို မေ ၃၀ ရက်တွင် ထုတ်ဖော်ကြေညာမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ရက်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ Property Awards များကို ဒေသတွင်း၌ ကျင်းပလာခဲ့သည်မှာ ၁၁ နှစ်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်မူ ယင်း Myanmar Property Award ကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့ပြီး ဆုရရှိသူများကို အောင်မြင်စွာ ရွေးချယ်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွက်ကိုလည်း အောင်မြင်စွာရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း Asia Property Award ကို စတင်ခဲ့သူ မစ္စတာတယ်ရီဘလက်ဘန်းက ပြောကြားခဲ့သည်။

ယင်း Myanmar Property Award 2016 တွင် ဆုအမျိုးအစားပေါင်း ၂၂ မျိုးပါဝင်မည်ဖြစ်ပြီး ၎င်းတို့အား အမျိုးအစားလေးမျိုးခွဲခြား၍ ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ချီးမြှင့်မည့် အမျိုးအစားလေးမျိုးတွင် Developer Awardတွင်သုံးမျိုး၊ Development Award တွင် ကိုးမျိုး၊ Design Award တွင် ခုနစ်မျိုး၊ Best of The Best နှင့် Publisher Award ဆုများကိုပါ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး ယင်းဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒေသတွင်းမှ ထိပ်တန်းပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများက မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာများကို ဆွေးနွေးကြမည့်အဆင့်မြင့်ဆွေးနွေးပွဲဖြစ်သည့် Property Report Congress Myanmar 2016 ကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## နိုင်ငံတကာသို့ပါ သယ်ဆောင်အသုံးပြု၍ရသည့် Union Pay-MPU Co-Brand Debit Card အား အေဂျီဒီဘဏ်က စတင်မိတ်ဆက်




အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (Asian Green Development Bank-AGD) သည် နိုင်ငံတကာသို့ပါ သယ်ဆောင်အသုံးပြု၍ရသည့် Union Pay-MPU Co-Brand Debit Card အား အများပြည်သူများသို့ ဇန်နဝါရီ ၂၁ ရက်က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါကတ်သည် ပြည်တွင်း၌ MPU ကတ်အဖြစ်အသုံးပြုနိုင်သကဲ့သို့ ပြည်ပ၌လည်းUnion Payကတ်အဖြစ်အသုံးပြုနိုင်ကြောင်း၊ ငွေသားကိုင်ဆောင်ရန်မလိုဘဲ လွယ်လင့်တကူ ငွေပေးချေနိုင်ခြင်း၊ ငွေသားထုတ်ယူနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်းရှိ UnionPay ကတ်ဖြင့်ငွေပေးချေနိုင်သော Shopping Center များ၊ ဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများနှင့် ဟိုတယ်များတွင် Union-Pay မှသတ်မှတ်ထားသော Discount များခံစားနိုင်ခြင်း၊ MPU Card အသုံးပြုသူများအတွက် AGD Bank မှပေးသော Discount များခံစားနိုင်ခြင်း၊ Online မှတစ်ဆင့် Hotel booking ပြုလုပ်ခြင်း၊ Air ticket ဝယ်ယူခြင်း၊ စာမေးပွဲကြေး၊ သင်တန်းကြေးများ ပေးသွင်းနိုင်ခြင်း၊ Mobile Application(Virtual Card) မှတစ်ဆင့် မိမိကတ်လုံခြုံရေးကို မိမိကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းနှင့်အခြားသောFunctions များလည်း ဆောင်ရွက်နိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

အဆိုပါကတ်ကို လျှောက်ထားရန်အတွက် နိုင်ငံကူးလက်မှတ်(သို့မဟုတ်) နိုင်ငံသားမှတ်ပုံတင်လက်မှတ်၊ ကတ်ဖိုး ငွေကျပ်ငါးထောင်၊ မိမိထည့်သွင်းလိုသောကနဦးပေးသွင်းငွေ ပမာဏနှင့် ကိုယ်ပိုင်အီးမေးလ်တစ်ခုရှိရန်သာလိုအပ်ကြောင်း သိရသည်။

ယင်းကတ်ကို လျှောက်ထားရယူလိုသူများသည် နီးစပ်ရာအေဂျီဒီဘဏ်ခွဲတိုင်းတွင် ကိုယ်တိုင်သွားရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

အေဂျီဒီဘဏ်အနေဖြင့် အဆိုပါ Union Pay-MPU Co-Brand Debit Card အား မြန်မာနိုင်ငံတွင် စတင်အသုံးပြုသည့် ဘဏ်ကြီးတစ်ဘဏ်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ပြန်လည်ဖြေလျှော့ပေးမှုကြောင့် ကားအရောင်းအဝယ်ပြန်ဖြစ်လာ

ရန်ကုန်တွင် ယခုရက်သတ္တပတ်အတွင်း ဒီဇင်ဘာ ၁၉ ရက်နောက်ပိုင်းဈေးမြင့်တက်ခဲ့သဖြင့် အရောင်းအဝယ် အေးစက်သွားသောကားဈေးကွက်မှာ ဇန်နဝါရီ ၇ ရက် နောက်ပိုင်းတွင် မူဝါဒပြန်လည်ဖြေလျှော့ပေးမှုကြောင့် စလစ်ကပ်ကားများနှင့် ကားလေးများပါအရောင်းအဝယ် ပြန်ဖြစ်လာကြောင်း သိရသည်။

ဒီဇင်ဘာလနှောင်းပိုင်းမူဝါဒသစ်ထုတ်ပြန်စဉ်ဈေးနှုန်းများအဆမတန်မြင့်တက်သွားခဲ့သော ရန်ကုန်ကားဈေးကွက်တွင် ယခုအခါအရောင်းစင်တာရှိ အပ်ကုန်စနစ်ဖြင့် ရောင်းချသည့် ကားများအပါအဝင် ဖရီးပါမစ်ကားလေးများတင်သွင်းခွင့်အား ၂၀၁၅ မူဝါဒအတိုင်းသာဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ကားလေးများနှင့် စလစ်ကပ်အင်ဂျင်ပါဝါကြီးကားများပါ ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိကာ အရောင်းအဝယ်လေးများရှိလာ ကြောင်းဝါရင့်ဝယ်ရောင်းများမှ ပြောသည်။

မူဝါဒပြန်လည်ဖြေလျှော့ပေးမှုကြောင့် ယခင်မူဝါဒအရ စလစ်လိုအပ်ချက်ကြီးမားလာပြီး စလစ်များဈေးတန်းမြင့်တက်နိုင်သည်ဟုယူဆကာ ကြားကာလရက် ၂၀ ခန့်အတွင်းစလစ်ကြိုစုဆောင်းကောက်ယူသူများ၊ ဖရီးပါမစ်ကားလေးများဈေးတက်နိုင်သည်ဟုယူဆ၍လိုက်လံဝယ်ယူထားသူများမှာ ပြန်လည်ရောင်းချလာကြသဖြင့် စလစ်ဈေးတန်းလည်းပြန်လည်ကျဆင်းသွားကာ ၇၅/၇၆ သိန်းခန့်သာရှိပြီး ကားလေးများဈေးတန်းမှာလည်း ဇန်နဝါရီ ၇ ရက်နောက်ပိုင်းမှစ၍ ပြန်လည်ကျဆင်းလာကာ ယခင် ဈေးတန်းသို့ ရောက်ရှိပြီး တည်ငြိမ်သွားကြောင်းသိရသည်။

ဈေးတန်းပုံမှန်ပြန်ဖြစ်လာ၍ အမည်ပေါက် နောက်ဆုံးအကွာရာထုတ်မည့် ဝယ်လက်များပြန်လည်ပေါ်ပေါက်လာပြီး အသစ်တင်သွင်းလိုင်စင် လျှောက်မည့်သူ များမှာ ၂၀၁၆ ခုနှစ်အစပိုင်းတွင် စောင့်ဆိုင်းနေကြကြောင်း နောက်ပိုင်းတွင် ဝယ်ယူသူအခွန်ပေးဆောင်ရမည့်စနစ်တွင် ဝင်ငွေခွန်ထပ်ဆောင်ပြီး/မပြီးစသည့်ကိစ္စရပ်များပါဝင်လာသဖြင့်ယခင်လောက်မမြန်ဆန်မလွယ်ကူနိုင်ဟုယူဆကာရန်ကုန်ကားဈေးကွက်အတွင်းအချိန်မစောင့်ဘဲဝယ်ယူသူများလည်းရှိသဖြင့် ယခုကာလအတွင်းအရောင်းအဝယ်များမှန်တန်းသို့ပြန်ရောက် လာနိုင်ကြောင်း ဝါရင့်ဝယ်ရောင်းများမှသုံးသပ်ကြသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာ/အက်စီယို (AXIO) (၂၀၁၀) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၂၀ သိန်း | 2.0 ဓာတ်ဆီ |
| ၃။ | ရက်တစ် (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၉၀ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | အာလ်ဖတ် (၂၀၀၄) | ယာယီ | ၃၁၅ သိန်း | 3.0 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ချက်ဗလက် (၂၀၁၀) (ဝက်ဂွန်) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |

# Sustainable Urban Development and Integrated Town Planning သင်တန်းဖွင့်လှစ်

မြန်မာနိုင်ငံအခြေစိုက် စင်ကာပူ သံရုံးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရှိမြန်မာ-စင်ကာပူ သင်တန်းကျောင်းတွင် Sustainable Urban Development and Integrated Town Planning သင်တန်းကို ဇန်နဝါရီလ ၁၈ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။



စင်ကာပူ သင်တန်းကျောင်းကို နန်ယန်း နည်းပညာတက္ကသိုလ်က တာဝန်ယူဖွင့်လှစ်ထားတာဖြစ်ပါတယ်။ သင်တန်းတွင် စင်ကာပူနိုင်ငံလွတ်လပ်ရေးရရှိသည်မှ နောင်နှစ် ၂၀၃၀ အထိ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများဆောင်ရွက်မှုများကို Dr.Tar Eng Khiam က Sustainable Urban Development, Sustainable Singapore Urban Development in the 21th Century Singapore Urban Development policy Management, Urban Development Assessment Sustainable Integrated Spatial Framework Sustainable Singapore Integrating Town Planning through Afficient Transport Network Integrating Utilities and Infrastructure Singapore's Experience in Integrated Town Planning -live, work & play Environment Financing Urban Development Appraisal and Conclusion ခေါင်းစဉ်များကို Power Point Presentation များနှင့် ရှင်းလင်းပို့ချခဲ့ပါတယ်။ သင်တန်းသို့ ဝန်ကြီးဌာနများနဲ့ UMFCCI အပါအဝင်ဌာနဆိုင်ရာ ၁၆ခုမှ သင်တန်းသား ၃၀ဦး တက်ရောက်ခဲ့ကြပါတယ်။

**MIRT**

# မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (Mobile Training) ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးကျင်းပတဲ့ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း Mobile Training ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပါတယ်။

အဆိုပါသင်တန်းကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှ သင်တန်း ဆရာ၊ ဆရာမ ရှစ်ဦးနှင့် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်)မှ သင်တန်းဆရာ၊ ဆရာမလေးဦးတို့ လာရောက်သင်ကြား ပို့ချခဲ့ရာ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများဆိုင်ရာ အကြောင်းအရာများကို ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါက လည်းကောင်း၊ Myantrade Project အကြောင်းသိကောင်းစရာနှင့် ကုန်သွယ်မှု မူဝါဒ ပေါ်လစီဘာသာရပ်ကို လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေထွန်းက လည်းကောင်း၊ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက လည်းကောင်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ သိကောင်းစရာများကို ဦးစီးအရာရှိ ဒေါ်စမ်းစမ်းဝင်းကလည်းကောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူး ဦးစစ်နိုင်က လည်းကောင်း၊ ITC ကတ်ထုတ်လုပ်နည်းများနှင့် ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျော့မှုများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်က လည်းကောင်း၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေများအကြောင်းကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်မာလာက လည်းကောင်း၊ SMEs ဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စရပ်များကို လက်ထောက်ညွှန် ကြားရေးမှူး ဦးဇေယျာဆွေက လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဦးစီးအရာရှိ ဦးကျော်မြသိန်းတို့က အသီးသီး သင်ကြားပို့ချပေးခဲ့ပါတယ်။

သင်တန်းအပြီးတွင် Group Presentation ကို အဖွဲ့သုံးဖွဲ့ဖြင့် ပြုလုပ်ခဲ့ပြီး သင်တန်းဆင်းအောင် လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

အဆိုပါသင်တန်းကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အောင်လွင်-မော်လမြိုင်**

# မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် Market Information Database ဆင့်ပွားသင်တန်းပို့ချ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရဲ့ Website ရှိ Myanmar Market Info Database System တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့နေ့စဉ် ပြည်တွင်းသတင်းများ၊ ကုန်စည်ဒိုင်ဈေးနှုန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ အဆိုပါဝက်ဘ်ဆိုက်တွင် ဈေးနှုန်းများ အဆင်ပြေလျင်မြန်ချောမွေ့စွာ ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် Market Information Database သင်တန်းကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ရုံးအမှတ် (၅၂) ၌ဇန်နဝါရီလ ၇ ရက်နဲ့ ၈ ရက်တို့တွင် သင်တန်းပို့ချရာ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သင်တန်းသားတစ်ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါသင်တန်းသို့တက်ရောက်ခဲ့သည့် သင်တန်းသားက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအား ဇန်နဝါရီလ ၁၉ ရက်တွင် Market Information Database သင်တန်းအား မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဆင့်ပွားသင်တန်းပို့ချခဲ့ပါတယ်။ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ကျောက်ဆည်ခရိုင်နဲ့ မိတ္ထီလာခရိုင်တို့မှ နှစ်ဦးစီနဲ့ မြို့နယ် ခုနစ်မြို့နယ်မှ ဝန်ထမ်းရှစ်ဦး တက်ရောက်ကြောင်း သိရပါတယ်။

**စိုးအောင် - မန္တလေး**

# မုံရွာမြို့နယ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ယွန်းထည်လုပ်ငန်းချေးငွေ အရင်းအတိုးပေးသွင်း

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ် တာဝန်ခံက မြို့နယ်အတွင်းရှိ အသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ ဇေယျာပဒေသာဖောင်ဒေးရှင်းတို့ချိတ်ဆက်ကာ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေမယ့်ချေးငွေများ တောင်းခံထုတ်ချေးပေးလျက်ရှိရာ မုံရွာမြို့နယ်၊ ကျောက္ကာ (မြောက်) ကျေးရွာရှိ ယွန်းထည်လုပ်ငန်းရှင်များနဲ့ ယွန်းလုပ်သား တို့အား တတိယအကြိမ်ချေးငွေအဖြစ် လုပ်ငန်းရှင် ၂၂ ဦးအတွက် ကျပ် ၃၃၅ သိန်းနဲ့လုပ်သား ၅၈ ဦးအတွက် ကျပ် ၁၁၆ သိန်း စုစုပေါင်း ကျပ် ၄၅၁ သိန်းထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ယခုအခါ ချေးငွေကာလ ခြောက်လပြည့်မြောက်ပြီဖြစ်လို့ ကျောက္ကာ (မြောက်) ကျေးရွာ၊ ယွန်းထည်လုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ဦးဆောင်ပြီး ချေးငွေအရင်းအတိုးများကောက်ခံကာ အရင်း ကျပ် ၄၅၁ သိန်းနဲ့ အတိုး ကျပ် ၄၀ ဒသမ ၅၉၀ သိန်းကို ဇေယျာပဒေသာဖောင်ဒေးရှင်းသို့ ဇန်နဝါရီ ၁၅ ရက်က အကျေသွားရောက် ပေးသွင်းပြီးဖြစ်တယ်လို့ သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၅-၁-၂၀၁၆ မှ ၃၁-၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဦးဆောင်ဦးရွက်မှုများကြောင့် လုပ်ငန်းတိုးတက်မှုအားကောင်းလာတတ်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် မြေမှထွက်သောသယံဇာတပစ္စည်း၊ ရွှေ ကျောက်မျက်ရတနာများနှင့် ပတ်သက်ပြီး စီးပွားရေးကောင်းမည်ဖြစ်ပါသည်။ အချစ်ရေးကို စိတ်ဝင်စားသော်လည်း လုပ်ငန်းခွင်တာဝန်များပြားနေသည့်အတွက် ဦးစားမပေးနိုင်ဖြစ်နေမည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်မှု အားနည်းတတ်သည်။ အစားအသောက်အနေအထိုင် ဆင်ခြင်နိုင်မှ သင့်လျော်ကောင်းမွန်လိမ့်မည်။

ယတြာ။ ။အုန်းထမင်းလှူပါ။



**တနင်္လာသားသမီးများအတွက်** ပြည်ပနှင့်ဆက်သွယ်သော စီးပွားရေးများတွင် စိတ်တိုင်းကျမှု အားနည်းနေတတ်သည်။ ငွေကြေးလဲလှယ်မှုလုပ်ငန်းများ အောင်မြင်လိမ့်မည်။ အလုပ်နှင့်ပတ်သက်၍ ကံကောင်းမှုကြုံမည်။ ငွေအလုံးအရင်းရရှိမည်။ အချစ်ရေးတွင် မိမိဘက်က ဖိတ်စာတစ်ခြမ်းဖြစ်နေတတ်သည်။ ပညာရေးတိုးတက်မှုအားကောင်းနေတတ်ပါသည်။ နိုင်ငံခြားပညာသင်သွားရောက်ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် စိုးရိမ်စရာမရှိသော်လည်း သွေးသားနှင့်ပတ်သက်သော ဝေဒနာသဘောလောက်ဖြစ်တတ်ပါသည်။

ယတြာ။ ။နို့အေးလှူပါ။




**အင်္ဂါသားသမီးများအတွက်** ထက်မြက်သော ဆရာသမား အကြံဉာဏ်ကိုလက်ခံရယူ၍ ကြီးပွားတိုးတက်ရန်လုပ်ဆောင် ရတတ်ပါသည်။ ဓာတ်ငွေ့နှင့် ဆိုင်သောစီးပွားရေးလုပ်ငန်းမှ ဝင်ငွေ အားကောင်းလာတတ်ပါသည်။ ပညာရေးတိုးတက်မှုရှိနေမည်။ ကျန်းမာရေးတွင် ကျောရင်အောင့်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် မိမိကသာစွဲစွဲလမ်းလမ်း ချစ်နေရသော်လည်း မိမိအပေါ် ဥပက္ခာပြုနေတတ်သော ချစ်သူအတွက် စိတ်ပင်ပန်းမှုများရှိနေတတ်ပါသည်။

ယတြာ။ ။ပဲထမင်းလှူပါ။



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဦးနှောက်ထဲတွင် ခိုင်မာသောအတွေးအခေါ် ဝေဝါးနေတတ်သည်။ စာပေနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းအထူးအောင်မြင်နေမည်။ ပုံနှိပ်လုပ်ငန်းတွင် ကွန်ပျူတာလုပ်ငန်းများ အကျိုးပေးမည်။ ဝင်ငွေအားကောင်းမည်။ လူမှုရေးပေါင်းသင်းဆက်ဆံရေးအဆင်ပြေမည်။ အချစ်ရေးတွင် တူနှစ်ကိုယ်စိတ်တူကိုယ်တူ ပျော်ရွှင်မှုများရှိနေမည်။ ကျန်းမာရေးတွင် လေ၊ သလိပ်နှင့် ပတ်သက်သောဝေဒနာ၊ ချောင်းဆိုးရင်ကျပ်ခြင်းတို့ ဖြစ်တတ်ပါသည်။ ရာသီဥတုပေါ် မူတည်ပြီး ကျန်းမာရေးဂရုစိုက်သင့်သောကာလဖြစ်နေတတ်ပါသည်။

ယတြာ။ ။ထောပတ်ထမင်းလှူပါ။



**ကြာသပတေးသားသမီးများအတွက်** အလုပ်နှင့်ပတ်သက်၍ ကံကောင်းမှုကြုံမည်။ ငွေအလုံးအရင်းဖြင့် ရရှိမည်။ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းအကျိုးပေးကောင်းနေမည်။ ဓာတုပစ္စည်းများလုပ်ကိုင်ပါကကြီးပွားတိုးတက်မှုရှိလိမ့်မည်။ ပညာရေးတွင် ကြိုးစားနိုင်မှ အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် အသိုင်းအဝိုင်းအဖွဲ့အစည်းတို့မှ ညှိနှိုင်းပေးမှုတို့ကြောင့် အဆင်ပြေချောမွေ့ခြင်းကိုရရှိတတ်ပါသည်။

ယတြာ။ ။လိမ္မော်ရည်လှူဒါန်းပါ။



**သောကြာသားသမီးများအတွက်** ကျယ်ကျယ်ပြန့်ပြန့်လုပ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများရှိသည်နှင့်အမျှ ခံစားရမည့်ကာလဖြစ်ပါသည်။ ငွေစုနိုင်လိမ့်မည်။ အောင်မြင်ကျော်ဇောမှုအားကောင်းမည့် ကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ပျင်းရိနေတတ်သည်။ ကြိုးစားပါက အောင်မြင်မည်။ အချစ်ရေးတွင် နှုတ်ပျိုသောသူနှင့် ဖူးစာဆုံလိမ့်မည်။ မြန်မြန်ဆန်ဆန်အိမ်ထောင်ကျတတ်သည်။ ကျန်းမာရေးသင့်တင့်ကောင်းမွန်နေမည်။ ထွေထူးရောဂါမဖြစ်ပါ။

ယတြာ။ ။ဟာလူဒါလှူဒါန်းပါ။



**စနေသားသမီးများအတွက်** စက်ရုံအလုပ်ရုံများနှင့် ပတ်သက်သော စီးပွားရေးတွင် လက် အောက်ငယ်သားအလုပ်သမားများအတွက် စိတ်ပင်ပန်းမှုရှိလိမ့် မည်။ အခက်အခဲများကြုံရတတ်သည်။ တွင်ခုံလုပ်ငန်းအထူး အကျိုးပေးမည်။ လျှပ်စစ်နှင့်ပတ်သက်သောလုပ်ငန်းစီးပွားရေး အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတိုးတက်မှုရှိမည်။ အချစ်ရေးတွင် မျှော်လင့်သူနှင့် ပြန်လည်ဆုံဆည်းရတတ်သည်။ သာယာဖြောင့်ဖြူးသောခရီးလမ်း လျှောက်ရတတ်ပါသည်။ ကျန်းမာရေးအထူးကောင်းမွန်ပါသည်။

ယတြာ။ ။ရွှေရင်အေး ကျောက်ကျောလှူပါ။

# တိရစ္ဆာန်အစာမွေ့၊ အစာစပ်စက်ရုံကို မြို့နယ်အတွင်း ပထမဆုံး စွန့်ဦးတည်ထောင်ခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိ

မြို့နယ်တွင်း တိရစ္ဆာန်အစာစပ် အစာမွေ့စက်ရုံကို တိရစ္ဆာန်ဆရာဝန်တစ်ဦးက စွန့်ဦးစတင်လုပ်ကိုင် လာလို့ နီးစပ်ရာမြို့နယ်များနဲ့ ဒေသတွင်း မွေးမြူရေးခြံပိုင်ရှင်များ၊ တိရစ္ဆာန်အမျိုးအစား၊ အရွယ်အစားအလိုက် လတ်ဆတ်သက်သာတဲ့ မွေးမြူရေးစပ်စာများ ရှိပြီး လုပ်ငန်းတိုးချဲ့လာနိုင်သလို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေတယ်လို့ သိရပါတယ်။

အစာမွေ့အစာစပ်စက်ကို ဟိန်းကုမ္ပဏီက တစ်ရက် အစာတန်ဝက်ကျ စက်လတ် ၂၅ သိန်းတန် စတင်တည်ထောင်တဲ့မြို့နယ်တွင်း ပထမဆုံး စွန့်ဦးလုပ်ငန်းဖြစ်ပါတယ်။ ပဲဖတ်၊ နှမ်းဖတ်၊ ဖွဲ၊ ဆန်ကွဲ၊ ပြောင်းဆန်များကို ဒေသတွင်းဝယ်ယူပြီး စနစ်တကျ နေလှန်းပိုးသတ်လို့ တစ်နှစ်စာ ဝယ်လှောင်ထားပါတယ်။ ခရုခြောက်၊ ငါးခြောက်၊ ပဲပုပ်စေ့လှော်များကို မန္တလေးရွှေထွတ်ခေါင်၊ လိုင်၊ အင်းကရီဖန်းကုမ္ပဏီများမှ တစ်ဆင့်ဝယ်ယူပြီး လုပ်သားငါးယောက်ငှားရမ်းလုပ်ကိုင်ပါတယ်။ တစ်ရက်ပိဿာ ၁၂၀၀ ကျော် ထုတ်လုပ်နိုင်ပြီး၊ ၂၅ ပိဿာအိတ်နဲ့ ထုပ်ပိုးရောင်းချပေးပါတယ်။ ဥကြက်မီးကင်၊ ဥကြက်လတ်၊ ဥကြက်ကြီး၊ အသားတိုးကြက်၊ စီပီဝက်လေး၊ ဝက်ကြီးစတဲ့ စပ်စာအမျိုးမျိုးကို တစ်အိတ် ၂၂၀၀၀ ကျပ်မှ ၂၆၀၀၀ကျပ် ရောင်းရပါတယ်။ ဗန်းမောက်၊ ကသာ၊ မိုးညှင်းမြို့နယ်များနဲ့ ဒေသတွင်း မွေးမြူရေးခြံရှစ်ခြံကို နေ့စဉ်ဖြန့်ဖြူးရလို့ အောင်မြင်တဲ့ လုပ်ငန်းဖြစ်တယ်လို့ လုပ်ငန်းရှင် ဒေါက်တာဦးစံဦးထံမှ သိရပါတယ်။

မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းရတဲ့ အိမ်တွင်းတိရစ္ဆာန် အစားအစာအတွက် ဝေးလံတဲ့ ရွှေဘိုကေတီကုမ္ပဏီက မှာယူအသုံးပြုနေကြရာမှ မြို့နယ်တွင်း အစာမွေ့ အစာစပ်စက်ရုံ တည်ထောင်လာတဲ့အတွက် လတ်ဆတ်သက်သာတဲ့စပ်စာများ ရရှိသလို ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိနေတယ်လို့ သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# ဒုတိယအကြိမ်မြောက် အိန္ဒိယ-မြန်မာ ကုန်စည်ပြပွဲနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲများ၊ B2B စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အိန္ဒိယကောင်စစ်ဝန်ရုံးတို့ကကြီးမှူး၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ပြပွဲနှင့် စီးပွားရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးဦးစီးကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နဲ့ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ကုန်စည်ပြပွဲနှင့် B2B စားပွဲဝိုင်း ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် မုံရွာမြို့၊ မြစန္ဒာခန်းမ၌ အရှေ့မြောက် အိန္ဒိယ-မြန်မာ ဒေသဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနဲ့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယ ကောင်စစ်ဝန်နှင့် ICC ဥက္ကဋ္ဌ၊ အိန္ဒိယနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ SRCCI ဥက္ကဋ္ဌ/အတွင်းရေးမှူးများ၊ မုံရွာကုန်စည်ဒိုင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ တမူးနယ်စပ်အသင်းဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်များမှ အသင်းအဖွဲ့များ၊ ရှမ်းပြည်နယ်တောင်ပိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်စက်မှုအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြင်းခြံမြို့ ကုန်စည်ဒိုင်ဥက္ကဋ္ဌ/အတွင်းရေးမှူးများ၊ ကုန်သည်၊ စက်ပိုင်၊ လုပ်ငန်းရှင်များ စသည်ဖြင့် စုစုပေါင်း ၂၅၅ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ကုန်စည်ပြပွဲနဲ့ ဒေသဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်မှာ အိန္ဒိယ- မြန်မာ နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမြှုပ်နှံမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုကောင်းမွန်အောင် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး နှီးနှောဖလှယ်ရန်၊ နှစ်နိုင်ငံကုန်သည်အချင်းချင်း ယုံကြည်မှုပိုမိုတည်ဆောက်ရန်၊ အိန္ဒိယ-မြန်မာ-တရုတ်၊ အိန္ဒိယ-မြန်မာ-ထိုင်း တစ်ဆင့်ခံကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေ ရန်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဌာနဝန်ကြီး၊ အိန္ဒိယကောင်စစ်ဝန်နှင့် ICC ဥက္ကဋ္ဌတို့က ဆီမီးထွန်းညှိ၍ အခမ်းအနားဖွင့်လှစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အထက်မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒဆိုင်ရာ မက်လုံးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ICC Regional Director က အရှေ့မြောက်အိန္ဒိယ၊ အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် "ထွက်ပေါက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတက္ကသိုလ်နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခက အာဆီယံ စီးပွားရေးအလားအလာခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ UBI ဘဏ် ဌာနေကိုယ်စားလှယ်က နယ်စပ်ကုန်သွယ်ရေးအတွက်ဘဏ်လုပ်ငန်းဆိုင်ရာ အဓိကစိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီးအတွင်း မြေဧက ၁၀၀ ပေါ်တွင် မန္တလေးလက်ကား ကုန်စည် ဈေးကွက်တည်ဆောက်ခြင်းအတွက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း SRCCI ဥက္ကဋ္ဌက စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပါတယ်။

ကုန်စည်ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသထွက်ကုန်များအား ပြသသည့် ပြခန်း ၂၅ ခန်း နဲ့ အိန္ဒိယနိုင်ငံမှ လာရောက်ပြသသည့် ပြခန်း ၁၇ ခန်း ပြသခဲ့ပါတယ်။ အိမ်သုံးဆေးဝါးနဲ့ ဆေးရုံသုံး ပစ္စည်းကဏ္ဍ၊ ပဲမျိုးစုံကဏ္ဍ၊ မျိုးစေ့၊ မော်တော်ဆိုင်ကယ်၊ စက်ပစ္စည်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး၊ အထည်အလိပ်၊ ဆိုလာ ၊ ခရီးသွားကဏ္ဍဟူ၍ ခေါင်းစဉ်များခွဲကာ B2B စားပွဲဝိုင်း ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ ပါတယ်။ ကုန်စည်ပြပွဲနဲ့ B2B စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် ကုန်သည်အချင်းချင်း ရင်းနှီးမှုရရှိခြင်း၊ ဈေးကွက်ချိတ်ဆက် နိုင်ခြင်း ၊ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်နိုင်ခြင်းများအပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**



# မြို့ကြီးများ၏ ၂၅-၁-၂၀၁၆ မှ ၂၉-၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၅-၁-၂၀၁၆) | အင်္ဂါ(၂၆-၁-၂၀၁၆) | ဗုဒ္ဓဟူး(၂၇-၁-၂၀၁၆) | ကြာသပတေး(၂၈-၁-၂၀၁၆) | သောကြာ(၂၉-၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၂၈°C/၈၃°F | ၈၀% ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| မန္တလေးမြို့ | နေသာ ၃၀°C/၈၆°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၈°F | ၇၀% ၂၁°C/၆၉°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၄°C/၇၅°F |
| လားရှိုး | တိမ်အသင့်အတင့် ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၁၉°C/၆၆°F | ၅၀% ၁၈°C/၆၄°F | ၅၀% ၁၈°C/၆၅°F | နေသာ ၂၁°C/၇၀°F |
| ကျိုင်းတုံ | ၉၀% ၁၄°C/၅၈°F | ၈၀% ၁၇°C/၆၃°F | ၃၀% ၂၁°C/၇၀°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၄°F |
| လွိုင်ကော် | ၈၀% ၂၀°C/၆၈°F | ၈၀% ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| တောင်ကြီး | ၈၀% ၁၇°C/၆၂°F | နေသာ ၁၇°C/၆၂°F | နေသာ ၁၈°C/၆၄°F | တိမ်အသင့်အတင့် ၁၉°C/၆၆°F | နေသာ ၂၀°C/၆၈°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၁°C/၈၇°F | ၇၀% ၂၆°C/၇၈°F | ၇၀% ၂၇°C/၈၁°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F |
| ဘားအံ | နေသာ ၂၉°C/၈၄°F | ၈၀% ၂၆°C/၇၈°F | ၇၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| တောင်ငူ | ၈၀% ၂၇°C/၈၁°F | ၃၀% ၂၇°C/၈၀°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| မုံရွာ | နေသာ ၂၉°C/၈၄°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၁°F |
| ပုသိမ် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၆°C/၇၉°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| မြိတ် | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| စစ်တွေ | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| ဖလမ်း | နေသာ ၁၉°C/၆၆°F | နေသာ ၁၆°C/၆၀°F | နေသာ ၁၄°C/၅၉°F | နေသာ ၁၆°C/၆၁°F | နေသာ ၁၇°C/၆၃°F |

## တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ် နေအိမ် ၅၀ ကျော်ပျက်စီး

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိသည့် အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နေအိမ်ပေါင်း ၅၄ လုံး ပျက်စီးခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှုများ မရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါငလျင်သည် လူနေနည်းပါးရာဒေသဖြစ်သည့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ Qinghai ပြည်နယ်ကို ဗဟိုပြု၍ လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အလုံးပေါင်း ၂၀ ခန့်မှာ အုတ်နံရံများ ပြိုကျပျက်စီးခဲ့ကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ရွက်ဖျင်တဲပေါင်း ၇၀၀ ကို ပြုလုပ်ပေးထားပြီးစားရေရိက္ခာများကိုလည်း စီစဉ်ပေးထားကြောင်း ဒေသဆိုင်ရာအာဏာပိုင်တစ်ဦးဖြစ်သည့် Huang Jicheng က ပြောကြားခဲ့သည်။

အဆိုပါငလျင်လှုပ်ခတ်ရာဒေသသည် အပူချိန် ၂၀ ဒီဂရီဆဲလ်ဆီးယပ်စ်သာရှိသဖြင့် ငလျင်ဘေးဒဏ်ခံစားရသည့် ဒေသခံများအား အအေးဒဏ်မှ ကာကွယ်နိုင်ရန် စောင်များနှင့်လျှပ်စစ်မီးများကိုလည်း စီစဉ်ပေးထားသည်ဟု ဟောင်က ပြောကြားခဲ့သည်။

ယင်းအင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် အင်အား ၃ ဒသမ ၄ အဆင့်ရှိသည့် နောက်ဆက်တွဲငလျင်ငယ်လေးများ အများအပြားလှုပ်ခတ်ခဲ့ကြောင်း တရုတ်နိုင်ငံ မြေငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် အင်အားအသင့်အတင့်ရှိသည့် ငလျင်ငယ်လေးများ ဆက်တိုက်လှုပ်ခတ်ခဲ့ခြင်းသည် အင်အားပြင်းငလျင်လှုပ်ခတ်မည့် နိမိတ်ပုံပင်ဖြစ်ရာ ငလျင်လှုပ်ခတ်မည့်အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။



## ၂၀၁၆ခုနှစ်သည် ထိုင်းနိုင်ငံတစ်ဝန်းတွင် ပူပြင်းခြောက်သွေ့မှု စံချိန်တင်နိုင်မည်ဟုဆို

၂၀၁၆ခုနှစ်သည် ထိုင်းနိုင်ငံအတွက် အပူပြင်းဆုံးနှစ်ဖြစ်ပြီး ခြောက်သွေ့မှုတွင် စံချိန်တင်ရမည့်နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း၊ အဆိုပါပူပြင်းခြောက်သွေ့မှုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကထက် ပိုမိုပူပြင်းနိုင်ကြောင်း ထိုင်းနိုင်ငံမှ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း မိုးရေချိန် နည်းပါးစွာ ရရှိခဲ့မှုကြောင့် ယခုနှစ်ကုန်ပိုင်းတွင် ရေတွင်းပေါင်း ၄၃၀၀ သည် ရေခန်းခြောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အပူပြင်းဆုံးလအချိန်ဖြစ်သည့် မေ ၃၀ ရက်တွင် ဖြစ်ပေါ်လာမည့် ရေရှားပါးမှုဒဏ်ကို ကြိုတင်ကာကွယ်ရန်အတွက် ထိုင်းနိုင်ငံအစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရှိသည့် စီမံချက်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါစီမံချက်တွင် ရေတွင်းများ ပြန်လည်တူးဖော်ရေး၊ သောက်သုံးရေ၊ ချိုးရေများ ရရှိရေး၊ ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်ရေး စသည့် လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက ရေတွင်းရေကန်ပေါင်း ၁၂၅၀ မှာ ရေများခန်းခြောက်နေပြီး ရေရှိသည့် ရေတွင်းများမှာလည်း ရေအနက်မှာ မီတာ ၈၀မှ မီတာ ၁၀၀ သို့ ရောက်ရှိနေကြောင်း၊ မိုးရေရရှိမှုနည်းပါးသဖြင့် ရေတွင်းများမှ ရေကိုစုပ်ယူ၍ စိုက်ပျိုးနေရသည့် လယ်သမားများမှာ ဒုက္ခရောက်နေကြကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းအစိုးရအနေဖြင့် မြေအောက်ရေ ထုတ်ယူသုံးစွဲရေးဌာနသို့ အမေရိကန်ဒေါ်လာ ၉၆ သန်းရှိသည့် ရန်ပုံငွေတစ်ရပ်ကို ချထားပေးပြီးဖြစ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ လယ်ကွင်းများတွင် ရေတွင်းများတူးဖော်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာမည့် ထိုင်းနိုင်ငံတစ်ဝန်းရှိ ဒေသများတွင် ရေတွင်းပေါင်း ၄၃၀၀ ကို တူးဖော်သွားမည်ဖြစ်ကြောင်း မြေအောက်ရေးထုတ်ယူသုံးစွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ ထိုင်းနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှ အဆိုပါအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် စီမံချက်များချမှတ်၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ၅အဆင့်ရှိသည့် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၆၁၇ ဦး သေဆုံးခဲ့ရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.4 Monday January 25 2016

# အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် AFF ဖူဆယ်ပြိုင်ပွဲတွင် MFF ဖူဆယ်လိဂ်၌ ချန်ပီယံဖြစ်သည့်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFF Futsal Club Championship 2016 ပြိုင်ပွဲ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကျင်းပမည့် MFF Futsal League 2016 ပြိုင်ပွဲတွင် ချန်ပီယံဖြစ်မည့်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် MFF Futsal League 2016 ပြိုင်ပွဲကို လာမည့် မတ် ၁၂ ရက်တွင် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် လက်ရှိချန်ပီယံ MIC FC အပါအဝင် PU FC, UPT FC, Yangon City FC, VUC FC, YZ FC, Winner FC နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၉ နှစ်အောက် ဖူဆယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။ ယင်းပြိုင်ပွဲများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

MFF Futsal League 2015 ၏ချန်ပီယံ MIC FC အသင်းသည် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယနေရာရရှိထားသည့် အသင်းဖြစ်သည့်အပြင် AYA Bank အလွတ်တန်းဖူဆယ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင်လည်း ခေတ္တရာအသင်းကို ၁၀ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုရရှိထားသည့် အသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

# နိုင်ပွဲပျောက်ဆုံးနေမှုအား ဖြေရှင်းနိုင်ရန် ဒဏ်ရာရကစားသမားများ အမြန်ပြန်လည်ကောင်းမွန်လာရန် လိုအပ်ဟု ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် မာယန်း ပြောကြား



၂၀၁၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပွဲစတင်ပြီး နှစ်ပွဲမြောက်သည်အထိ နိုင်ပွဲများပျောက်ဆုံးနေခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းအား နိုင်ပွဲများပြန်လည်ရယူနိုင်ရန် အသင်းရှိ ဒဏ်ရာရကစားသမားများ အမြန်ပြန်လည်ကောင်းမွန်လာရန် လိုအပ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်း၏နည်းပြချုပ်ဖြစ်သူ မစ္စတာမာယန်းကပြောကြားလိုက်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်၏ ပထမဦးဆုံးပွဲစဉ်ဖြစ်သည့် မကွေးအက်ဖ်စီနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် မကွေးအက်ဖ်စီကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသလို ဒုတိယပွဲစဉ်ဖြစ်သည့် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်တွင်လည်း ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရကာ နှစ်ပွဲဆက်ရှုံးပွဲများနှင့် ကြုံတွေ့ခဲ့ရသည်။

နည်းပြချုပ်မာယန်းသည် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့်ပွဲစဉ်မှသာ အသင်းကို စတင်ကိုင်တွယ်ခဲ့ရခြင်းဖြစ်ရာ ၎င်းအနေဖြင့် အသင်းတွင်ဒဏ်ရာရကစားသမားများ များပြားနေမှုကိုလျှော့ချနိုင်ရန် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"အသင်းတစ်သင်းမှာ အဓိက ကစားသမား ခြောက်ယောက် ဒဏ်ရာရနေတယ်ဆိုတာ အတော်ဆိုးပါတယ်။ ကျော်ကိုကို၊ ကျော်မင်းဦး၊ ကောင်းဆက်နိုင်၊ သန်းထက်အောင်၊ကြည်လင်း၊ ဒေးဗစ်ထန်းတို့အားလုံး ဒဏ်ရာတွေရနေကြပါတယ်။ ကျော်ကိုကိုက ဖျားနေပါတယ်။ ဒေးဗစ်ထန်းက အစာအိမ်မကောင်းဘဲဝင်ကစားခဲ့ရတာပါ။ဒုတိယပိုင်းမှာ လုံးဝ မကစားနိုင်တော့ဘူး။ ကြည်လင်းကလည်း ခြေဖမိုးဒဏ်ရာနဲ့ ဝင်ကစားသွားရတာပါ။ သူတို့အားလုံး ကွင်းထဲကို အမြန်ဆုံး ပြန်ရောက်လာဖို့ မျှော်လင့်နေပါတယ်"ဟု နည်းပြချုပ်မာ ယန်းက ဟံသာဝတီယူနိုက်တက်နှင့်ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ချန်ပီယံဘွဲ့ကို လေးကြိမ်ဆက်တိုက် ရရှိထားသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် နှစ်ပွဲကစား နှစ်ပွဲရှုံးရလဒ်ဖြင့် အမှတ် လုံးဝမရရှိသေးဘဲ ဇယားတိုင်၏အောက်ခြေတွင် ရောက်ရှိနေသည်။

# မြန်မာ့လက်ရွေးစင်အသင်းအတွက် ကြံ့ခိုင်ရေးနည်းပြ ယခုလအတွင်း ရောက်ရှိမည် မတ် ၁၄ ရက်တွင် လက်ရွေးစင်အသင်းကစားသမား ၂၅ ဦးဖြင့် စတင်လေ့ကျင့်မည်



ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂျာမနီနိုင်ငံသား ကြံ့ခိုင်ရေးမှူးတစ်ဦးကို ခေါ်ယူရန်စီစဉ်ထားရှိရာ ယခုလနောက်ဆုံးပတ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ် မစ္စတာဂတ်ဆီဇီက ပြောကြားခဲ့သည်။

မီတိုရာကီတစ်ဆိုသူ ဂျာမနီနိုင်ငံသား ကြံ့ခိုင်ရေးမှူးသည် အေလိုင်စင်ရရှိထားသည့် နည်းပြတစ်ဦးဖြစ်ပြီး ဂျာမနီလိဂ်တွင်လည်း ရှေ့တန်းတိုက်စစ်မှူး တစ်ဦးအဖြစ် ကစားခဲ့ဖူးသူဖြစ်ကြောင်းသိရသည်။

"ဂျာမနီက ကြံ့ခိုင်ရေးမှူးတစ်ဦးကို ခေါ်ယူဖို့ စီစဉ်ထားပါတယ်။ ဒီကိုလာဖို့လည်းသဘောတူထားပြီးပါပြီ။ အခုလနောက်ဆုံးပတ်မှာ မြန်မာနိုင်ငံကို ရောက်ရှိလာပါလိမ့်မယ်။ သူက ဂျာမနီပတ်စ်ပို့ကို ကိုင်ဆောင်ထားတဲ့ ဂျာမနီနိုင်ငံသားတစ်ဦးပါ။ သူ့အဖေနဲ့အမေက ဆားဘီးယား၊ ခရိုအေးရှားလူမျိုးတွေပါ။ သူက ကြံ့ခိုင်ရေးမှူးအပြင် နည်းပြအေလိုင်စင်လည်းရှိပါတယ်။ အရင်က ဂျာမနီလိဂ်မှာ ရှေ့တန်းကစားသမားတစ်ဦးပါ။ အဲဒါကြောင့် အသင်းကတိုက်စစ်မှူးတွေကိုလည်း လေ့ကျင့်ပေးနိုင်ပါတယ်"ဟု နည်းပြချုပ်ဂတ်ဆီဇီက ပြောကြားခဲ့သည်။

မြန်မာအသင်းသည် ၂၀၁၆ခုနှစ်အတွင်း အနီးစပ်ဆုံးပွဲစဉ်အဖြစ် လာမည့် မတ် ၂၃ ရက်တွင်စင်ကာပူနိုင်ငံသို့ သွားရောက်ကာ စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက လေ့ကျင့်မှုများ ရပ်နားထားသည့် မြန်မာ့လက်ရွေးစင်အသင်းအားလာမည့် မတ် ၁၄ရက်မှစတင်ကာ လေ့ကျင့်မှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း ဂတ်ဆီဇီက ပြောကြားခဲ့သည်။

"မတ် ၁၄ ရက်မှာ လေ့ကျင့်ခန်းအစီအစဉ် ပြန်လည်စတင်မှာပါ။ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက်ရော၊ စင်ကာပူနဲ့ခြေစမ်းပွဲအတွက်ပါ ပြင်ဆင်သွားမှာပါ။ ကစားသမား ၂၅ ယောက်ကို ရွေးချယ်ပြီး လေ့ကျင့်သွားမှာပါ။ ကလပ်အသင်းတွေကနေလက်ရွေးစင်အသင်းအတွက် တစ်ပတ်ကို တစ်ရက်လောက်ဖြစ်ဖြစ် လေ့ကျင့်ခွင့်ရဖို့ ကလပ်အသင်းတွေနဲ့ညှိနှိုင်းနေပါတယ်။ လက်ရွေးစင်ကစားသမားတချို့ကိုလည်း ဒီထက်ပိုကောင်းဖို့ ကလပ်အသင်းတွေအနေနဲ့ လေ့ကျင့်ပေးစေလိုပါတယ်။ ကြံ့ခိုင်မှုကအစ လေ့ကျင့်ပေးစေလိုပါတယ်။ အားလုံးကိုတော့ သေသေချာချာပြင်ဆင်သွားမှာပါ"ဟု ဂတ်ဆီဇီက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ခုနှစ်အတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ နိုင်ငံတကာ ခြေစမ်းပွဲများသာမက မြန်မာနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲကိုပါ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ပြင်ဆင်ချိန်နည်းပါးခဲ့မှုကြောင့် အသင်းကို အားမရသေးကြောင်း ရတနာပုံလူငယ်အသင်း နည်းပြချုပ် ဦးကျော်တင့်ဆို



ရတနာပုံလူငယ်အသင်း၏နည်းပြချုပ်ဖြစ်သူ ဦးကျော်တင့်က မိမိတို့လူငယ်အသင်းအနေဖြင့် ပြင်ဆင်ချိန်နည်းပါးခဲ့သည့်အတွက် အားရကျေနပ်မှုမရှိသေးကြောင်း ပြောကြားခဲ့သည်။

ရတနာပုံလူငယ်အသင်းသည် ၂၀၁၆ အော်ရီဒူး မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေးပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်မြို့ စလင်းကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းကဲ့သို့ ရှုံးနိမ့်ရခြင်းနှင့် ပတ်သက်၍ ရတနာပုံလူငယ်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးကျော်တင့်က "ဧရာဝတီအသင်းနဲ့ ကစားတဲ့ပွဲမှာအသင်းရဲ့ကစားပုံက လိုအပ်ချက်တွေရှိနေသေးတယ်။ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ လူငယ်အသင်းရဲ့ပြင်ဆင်ချိန်နည်းပါးခဲ့ပါတယ်။ ခေါ်ယူထားတဲ့ လူငယ်ကစားသမားတွေလည်း အကြောင်းအမျိုးမျိုးကြောင့် လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။နောက်လာမယ့်ပွဲတွေမှာတော့ အခုပွဲက ရလဒ်အမှားတွေကို ကြည့်ပြီး ပြင်ဆင်မှုတွေထပ်လုပ်သွားပါ့မယ်"ဟု ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၂ ရက်တွင်လည်း မြဝတီလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း၏ နည်းပြချုပ်အဖြစ် ဦးငွေးမြင့်ကို ခန့်အပ်

အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း၏ နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်း၏နည်းပြချုပ်ဟောင်းဖြစ်သူ ဦးငွေးမြင့်အား ခန့်အပ်ခဲ့ကြောင်း သိရသည်။

"အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ရည်ရွယ်ပြီးဦးငွေးမြင့်ကို တစ်နှစ်သက်တမ်းရှိတဲ့စာချုပ် ချုပ်ဆိုပြီး ခန့်အပ်ခဲ့တာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီတာဝန်ခံ ဦးကြည်မင်းသိန်းကပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်း၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဦးငွေးမြင့်သည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးဖြစ်ပြီး အတွေ့အကြုံရင့်သည့် နည်းပြတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ် ပြိုင်ပွဲအတွက် အမျိုးသမီးပဏာမလက်ရွေးစင်ကစားသမား ၃၀ ကို ရွေးချယ်ထားပြီး ကစားသမား သစ်များကိုလည်း ထပ်မံရွေးချယ်ကာ အင်အားဖြည့်တင်းသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



# ကြိုးမဲ့ဘောကန်ဖိနပ်ကြောင့် ခြေစွမ်းများ ပိုမိုပြသနိုင်လိမ့်ဦးမည်ဟု အိုဇေးလ် ယုံကြည်

အာဆင်နယ်ကွင်းလယ်ကစားသမား မက်အိုဇေးလ်သည် ယခုနှစ် ဘောလုံးရာသီ၏ ဒုတိယရာသီဝက်တွင် Adidas မှတီထွင်ထုတ်လုပ်ထားသည့် ကြိုးမဲ့ဘောကန်ဖိနပ်ကိုဝတ်ဆင်၍ ကစားနိုင်တော့မည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင်ဖော်ပြထားသည်။

Adidas အားကစားဝတ်စုံထုတ်လုပ်ရေးကုမ္ပဏီသည် ကမ္ဘာကျော်အားကစားသမားများအတွက် အားကစားဝတ်စုံများအား တီထွင်ဖန်တီးထုတ်လုပ်လျက်ရှိရာ ယခုနှစ်ဘောလုံးရာသီတွင် ကြိုးမဲ့ဘောကန်ဖိနပ်ကို တီထွင်ထုတ်လုပ် လိုက်ခြင်းဖြစ်သည်။

Adidas သည် ၎င်း၏ကြိုးမဲ့ဘောကန်ဖိနပ်ကို အာဆင်နယ်အသင်း၌ ယခုနှစ်ဘောလုံးရာသီ၏ ရာသီဝက်ကာလတွင် ခြေစွမ်းပြကာ အသင်းအတွက် ၁၆ ဂိုးသွင်းယူထားသည့် မက်အိုဇေးလ်အားဝတ်ဆင်စေ၍ ကြော်ငြာခဲ့ခြင်းဖြစ်သည်။

၎င်းကြိုးမဲ့ဘောကန်ဖိနပ်နှင့်ပတ်သက်၍ အိုဇေးလ်က“Adidas က တီထွင်ထုတ်လုပ်လိုက်တဲ့ ကြိုးမဲ့ဘောကန်ဖိနပ် Adidas Ace 16+ Purecontrol ဟာ ကျွန်တော့်ရဲ့စွမ်းရည်တွေကို ပိုမိုမြင့်တက်အောင် လုပ်ဆောင်ပေးလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကြိုးတွေပါတဲ့ဘောကန်ဖိနပ်ကို ဝတ်ပြီး ဘောလုံးကစားတဲ့အချိန်မှာရော၊ ဘောလုံးမကစားခင်အချိန်မှာပါ အဲဒီကြိုးနဲ့ပတ်သက်ပြီး စိတ်ရှုပ်ရတာတွေကို အခု ခံစားရမှာမဟုတ်တော့ပါဘူး။ အဲဒါကြောင့် အခု အဲဒီးဒတ်စ်က ထုတ်လုပ်လိုက်တဲ့ ကြိုးမဲ့ဘောကန်ဖိနပ်ကို ဝတ်ဆင်ချင်တဲ့စိတ်က ထိပ်ဆုံးကိုရောက်နေပါပြီ”ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဘာစီလိုနာနှင့် ခရိုအေးရှား ကွင်းလယ်ဖန်တီးရှင် အိုင်ဗန်ရာကီတစ်နှင့် ချဲလ်ဆီးကွင်းလယ်တိုက်စစ်မှူး အော်စကာတို့သည်လည်း အဆိုပါ Adidas ကြိုးမဲ့ဘောကန်ဖိနပ်ကို ဝတ်ဆင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

## အေမီယာခန်းနှင့် ထိုးသတ်ခြင်းမပြုရသည့်အတွက် အေမီယာခန်း၏ကိုယ်စားလှယ်အား ပက်ကွီအို ပြစ်တင်ဝေဖန်

# တင်မိုသီဘရိတ်ဒလေနှင့် ပက်ကွီအိုတို့ ဧပြီလ ၉ ရက်နေ့တွင် ထိုးသတ်ရန် အတည်ပြု

ဘော်လ်တွန်လက်ဝှေ့ကျော် အေမီယာခန်းနှင့် ထိုးသတ်ခြင်းမပြုရသည့်အတွက် အေမီယာခန်း၏ ကိုယ်စားလှယ်ဖြစ်သူအား ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုက ပြစ်တင်ဝေဖန်လိုက်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ပက်ကွီအိုသည် ၎င်း၏နောက်ဆုံး ထိုးသတ်ပွဲအဖြစ် အေမီယာခန်းနှင့်ထိုးသတ်ရန် ကနဦးဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း အပြီးသတ်ဆွေးနွေးညှိနှိုင်းမှုများ မပြုလုပ်နိုင်ခဲ့သဖြင့် အေမီယာခန်းနှင့်ပက်ကွီအိုတို့၏ စိန်ခေါ်ပွဲမှာ ပျက်ပြယ်ခဲ့ရသည်။

ယင်းကဲ့သို့ ပျက်ပြယ်ခဲ့မှုနှင့်ပတ်သက်၍ “တင်မိုသီနဲ့ မထိုးသတ်ခင်မှာ အေမီယာခန်းနဲ့ ထိုးသတ်ဖို့ ညှိခဲ့ပါတယ်။ အပြီးသတ်ဆွေးနွေးဖို့ ရောက်မယ့်အချိန်ကျမှ အေမီယာခန်းရဲ့ ကိုယ်စားလှယ်က ကျွန်တော့်ကိုယ်စားလှယ်ဖြစ်တဲ့ ဘော့ဘ်အာရမ်နဲ့ ဆွေးနွေးတာအပြီးမသတ်ခဲ့ဘူး။ အဲဒါကြောင့် ဘော့ဘ်အာရမ်က ကျွန်တော့်ရဲ့နောက်ဆုံးပွဲဖြစ်တဲ့အတွက် တင်မိုသီနဲ့ ထိုးသတ်ဖို့ ဆွေးနွေးညှိနှိုင်းခဲ့တာပါ။ တင်မိုသီရဲ့ ကိုယ်စားလှယ်နဲ့ဆွေးနွေးတဲ့အခါမှာ အဆုံးသတ်နိုင်ခဲ့တာကြောင့် အခုလို ကျွန်တော့်ရဲ့ နောက်ဆုံးထိုးသတ် ပွဲဖြစ်ပေါ်လာခဲ့ရတာပါ”ဟု ပက်ကွီအိုက စကိုင်းစပို့စ်သတင်းဌာနအား ပြောကြားခဲ့သည်။

ပက်ကွီအိုနှင့် တင်မိုသီဘရိတ်ဒလေတို့၏ ယခုပွဲစဉ်သည် တတိယအကြိမ်မြောက် စိန်ခေါ်ပွဲဖြစ်ပြီး ၂၀၁၉ ခုနှစ်က ပထမအကြိမ် ယှဉ်ပြိုင်ထိုး



သတ်ခဲ့ကြရာ တင်မိုသီက အနိုင်ရရှိခဲ့ပြီး WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ၂၀၁၂ခုနှစ်တွင် ၎င်းတို့နှစ်ဦးပြန်လည်ထိုးသတ်ခဲ့ရာ တင်မိုသီဘရက်ဒလေကို ပက်ကွီအိုက ပြန်လည် အနိုင်ရရှိခဲ့ပြီး WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရသည်။

ယခုတစ်ကြိမ်တွင် ပက်ကွီအိုသာ အနိုင်ရရှိခဲ့ပါက ကြေးစားလက်ဝှေ့သမားသက်တမ်း နှစ်နှစ်ဆယ်အတွင်း ဝိတ်တန်းအသီးသီးတွင် ရှစ်ကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဖြစ်လာနိုင်ကြောင်း သိရသည်။

“ဒီပွဲဟာ ကျွန်တော့်ရဲ့နောက်ဆုံးပွဲပါ။ ကျွန်တော်နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ လက်ဝှေ့လောက ကနေ အနားယူတော့မှာပါ။ အကူအညီလိုအပ်နေတဲ့ ဖိလစ်ပိုင်နိုင်ငံပြည်သူတွေအတွက် ကူညီဖို့က ကျွန်တော့်ရဲ့အဓိကတာဝန်ကြီးတစ်ရပ်ပါ။ အဲဒါကြောင့် ကျွန်တော် ဖိလစ်ပိုင်နိုင်ငံရဲ့ နိုင်ငံရေးလောကကို ခြေစုံပစ်ဝင်တော့မှာပါ”ဟု ပက်ကွီအိုက ပြောကြားခဲ့သည်။

ပက်ကွီအိုနှင့် တင်မိုသီတို့၏ထိုးသတ်ပွဲကို ဧပြီ ၉ ရက်တွင် လာ့စ်ဗီးဂတ်စ်မြို့ရှိ MGM Grand တွင် ကျင်းပမည်ဖြစ်သည်။

# အခွန်တိမ်းရှောင်မှုကြောင့် ဘာစီလိုနာကစားသမား မာရှေယာနိုကို ထောင်ဒဏ်တစ်နှစ်နှင့် ဒဏ်ငွေ ပေါင်ခြောက်သိန်းကျော် ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်

ဘာစီလိုနာနှင့် အာဂျင်တီးနား ဗဟိုနောက်ခံကစားသမား ဂျေဗီးယား မာရှေယာနိုကို အခွန်ငွေပေးဆောင်ရန် တိမ်းရှောင်မှုဖြင့် ဘာစီလိုနာတရားရုံးက ထောင်ဒဏ်တစ်နှစ်နှင့် ငွေဒဏ် ပေါင် ၆၂၅၀၀၀ ပေးဆောင်ရန်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဘာစီလိုနာကစားသမား မာရှေယာနိုသည် စပိန်နိုင်ငံတွင် ဘောလုံးကစားနေစဉ် အခွန်ငွေ ပေါင် ၁ ဒသမ ၁၅သန်းပေးဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ဘာစီလိုနာတရားရုံးက ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မာရှေယာနိုသည် စပိန်နိုင်ငံရှိ ဘာစီလိုနာကလပ်အသင်းတွင် လာရောက်ကစားနေသည့် အချိန်နှစ်နှစ်အတွင်း အခွန်ငွေထမ်းဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း၊ အဆိုပါပြစ်ဒဏ်မှာ နှစ်နှစ်အတွင်း အခွန်မထမ်းဆောင်သည့် ပြစ် ဒဏ်နှင့်အတိုးကိုပါ နှစ်ရပ်ပေါင်း၍ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါပြစ်ဒဏ်နှင့်ပတ်သက်၍ မာရှေယာနို၏ရှေ့နေဖြစ်သူက ထောင်ဒဏ်အစား ငွေဒဏ်ဖြင့် ပြောင်းလဲနိုင်ရေးနှင့် မာရှေယာနိုအား အတိုးအရင်းနှစ်ရပ်ပေါင်း အခွန်ငွေများအား ပေးဆောင်စေရန် ပြောကြားပေးမည်ဖြစ်ပြီး ဘာစီလိုနာတရားရုံးတွင် အယူခံလွှာကို တင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မာရှေယာနိုကမူ “ကျွန်တော်က ကြေးစားဘောလုံးသမားတစ်ယောက်ပါ။ ကျွန်တော့်ဘဝတစ်လျှောက်လုံး ရိုးရိုးသားသားနဲ့ကိုယ့်ရဲ့အလုပ်ကိုတာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါတယ်။ ဥပဒေတွေ၊ အခွန်တွေနဲ့ပတ်သက်ပြီး သူတို့တွေ ကျွန်တော့်ကိုပြောကြတယ်။ ကျွန်တော် အဲဒါတွေကို နားမလည်ဘူး”ဟု ပြောကြားခဲ့သည်။

စပိန်နိုင်ငံသည် အခွန်အတုတ်များ မြင့်မားစွာထမ်းဆောင်ရသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဘောလုံးသမားအများစုမှာ လုပ်ခလစာများ မတန်တဆ ရရှိသော်လည်း အခွန်တိမ်းရှောင်မှုများကြောင့် မကြာခဏ တရားစွဲဆိုမှုများနှင့်ရင် ဆိုင်နေရကြောင်း သိရသည်။

# ပွဲအပြီးသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပျက်ကွက်သည့် ဗီးနပ်စ်ဝီလျံအား ဒဏ်ငွေ ပေါင် ၃၅၀၀ ပေးဆောင်ရန် အမိန့်ချမှတ်

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲတစ်ပွဲတွင် အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ပြိုင်ပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာခြင်းမရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်က ဒဏ်ငွေ ပေါင် ၃၅၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။



သြစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့တွင်ကျင်းပလျက်ရှိသည့် သြစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်မှ တင်းနစ်ချန်ပီယံ ဂျိုဟန်နာကွန်တာကိုလက်ရည်စစ်ပြိုင်ပွဲတွင်ပင် နှစ်ပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းသို့ ရှုံးနိမ့်ခဲ့သဖြင့် ပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခြင်းမပြုဘဲ ပြိုင်ပွဲကွင်းအတွင်းမှပင် တည်းခိုရာဟိုတယ်သို့ ပြန်သွားခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ ချုပ်က ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဗီးနပ်စ်ဝီလျံသည် ပြီးခဲ့သည့်နှစ်ကကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ် ပြိုင်ပွဲတွင်လည်း တစ်နိုင်ငံတည်းသား ပြိုင်ဘက်ဆာလိုနီစတီဖင်ကို ရှုံးနိမ့်ခဲ့သဖြင့် ပွဲအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခြင်းမပြုခဲ့ပေ။ ထိုစဉ်ကလည်း ဗီးနပ်စ်ဝီလျံအား အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်က ဒဏ်ငွေ ပေါင် ၃၀၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

ဗီးနပ်စ်ဝီလျံကို အနိုင်ရရှိခဲ့သည့် တင်းနစ်မယ် ကွန်တာသည် ကမ္ဘာ့အဆင့် ၄၇တွင်ရပ်တည်နေသူတစ်ဦးဖြစ်သည်။



## စားသုံးသူအခြေခံပြုပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကချင်ပြည်နယ် စီမံကိန်း/စီးပွားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ မြစ်ကြီးနားမြို့နယ်အတွင်းရှိ သောက်ရေသန့်စက်ရုံများအား ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖြန့်ဖြူးရောင်းချလျက်ရှိသော သောက်ရေသန့်စက်ရုံများအား ကျန်းမာရေးနှင့်အညီ စံချိန်စံညွှန်းမီထုတ်လုပ်ခြင်း ရှိ/ မရှိနှင့် ရေသန့်ထုတ်လုပ်ပုံ နည်းစနစ်များအတိုင်း အဆင့်ဆင့် ထုတ်လုပ်ခြင်းရှိ/မရှိတို့ကို ဇန်နဝါရီ ၁၅ ရက်တွင် ပြည်နယ်စားသုံးသူအခြေခံပြုပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ် စီမံ/စီးပွားဝန်ကြီးဒေါက်တာခင်မောင်ထွန်းနှင့်အတူ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး၊ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ လပ်ကီးမုန့်တိုက်မှ(မုန့်မျိုးစုံကျွမ်းကျင်ပညာရှင်) တို့လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဈေးကွက်တွင် ဖြန့်ဖြူးနေသော သောက်ရေသန့်များဖြစ်သည့် သာကြည် သောက်ရေသန့်၊ တိုကျိုသောက်ရေသန့်၊ Take သောက်ရေသန့်၊ သက်စမ်းရေ သောက်ရေသန့်၊ Happy Water သောက်ရေသန့်၊ ဂျိတ်စီးတီး သောက်ရေသန့်၊ စတားလိုက် သောက်ရေသန့် စသည့် သောက်ရေသန့်ထုတ်လုပ်နေသည့် စက်ရုံများအားကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားတိုင်း၏ တစ်ကိုယ်ရည် ကျန်းမာသန့်ရှင်းရေးအတွက် ကျန်းမာရေး ထောက်ခံချက်နှင့် (ဘီပိုး၊စီပိုး)အထိ စစ် ဆေးထားရှိရန်၊ စက်ရုံအတွင်း/အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေး အထူးဂရုပြု ဆောင်ရွက်ကြရန်၊ မိမိတို့ရဲ့ LOGO အမှတ်တံဆိပ်တွေကို စနစ်တကျမှတ်ပုံတင်ထားရှိပြီး တံဆိပ်အမှတ်အသားတွင် FDA ထောက်ခံချက် ရရှိပြီးကြောင်းကို အထင်အရှားဖော်ပြကြရန်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်စွဲတို့ကိုလည်း အထင်အရှားဖော်ပြထားရန်နှင့် စက်ရုံ/အလုပ်ရုံကြောင့် ပတ်ဝန်းကျင် ထိခိုက်နစ် နာမှုမရှိကြောင်း ထောက်ခံချက်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန မှရယူထားရန်၊ စည်ပင်သာယာခွင့်ပြုချက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာနများမှ လုပ်ငန်းလိုင်စင်လက်မှတ် များကို ရယူထားရှိရေးတို့ကို အဓိကထားလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်ခိုင်-မြင့်တင်/စားသုံး (မြစ်ကြီးနား)**

## ဝိုင်းမော်မြို့နယ် အထက (၁)၊ အထက (၂) စာသင်ကျောင်းများသို့ ကချင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ကွင်းဆင်းဟောပြောပွဲများ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များ၌ ဝိုင်းမော်မြို့နယ်ရှိ အထက(၁)၊ အထက(၂) ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား၊ ကျောင်းသူမိဘများ၊ ကျောင်းဈေးသည်များ ၁၂၀၀ ခန့်တက်ရောက်ခဲ့ကြပါသည်။



ဟောပြောပွဲတွင် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်လေးနှင့် အထက(၂) ကျောင်းအုပ် ဆရာကြီး ဦးမြင့်ကျော်တို့က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနမှ ရှင်းလင်းပြောကြားချက်များကို ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများအားလုံး လက်တွေ့လိုက်နာဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဘောမ်ဇုန်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ စားသုံးသူအခြေခံပြုပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဒေါက်တာတင်ထွန်းဦးက ကျန်းမာရေးကောင်းမွန်ရန်အတွက် လိုအပ်သော အခြေခံအချက်များကို ရှင်းလင်းခြင်း၊ စားသုံးရန်မသင့်တဲ့ အစားအသောက်များနဲ့ ပတ်သက်သည့် ခွင့်မပြု ဆိုးဆေးများအကြောင်း၊ သောက်သုံးရေသန့်အကြောင်း၊ စားသုံးရန် အသင့်ထုပ်ပိုးထားသော စားသောက်ကုန်ပစ္စည်းများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ကချင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးက ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ စာအုပ်၊ နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်ထားရှိသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများစာရင်းကို ပေးအပ်ခဲ့ပါသည်။

အခမ်းအနားအပြီးတွင် တက်ရောက်သူများက ကျောင်းမုန့်ဈေးတန်း၌ လုံခြုံစိတ်ချမှုမရှိသော မုန့်များကို မရောင်းချစေရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းရောင်းချနေသူများအား ကလေးများအတွက် ဘေးကင်းလုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရဖြစ်စေသည့် မုန့်များကိုသာ ရွေးချယ်ရောင်းချကြစေရန်နှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုများရှိရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။

**ဘောမ်ဇုန်း-မြစ်ကြီးနား**

## ရွှေဘိုခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်

ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်များရှိ စာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

ဇန်နဝါရီ ၁၃ ရက်နဲ့ ၁၄ ရက်တို့တွင် ရွှေဘိုမြို့နယ်ရှိ အမက (၃)နှင့် အထက(ခွဲ) (၁)တို့မှ ကျောင်းသူ၊ ကျောင်းသား ၁၄၂၈ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာများ ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင် ၈၀၀ ရွက်ဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

ဇန်နဝါရီ ၁၉ ရက်တွင် ဝက်လက်မြို့နယ်ရှိ အမက(၃)မှ ဆရာ/ ဆရာမနှင့် ကျောင်းသူ/ ကျောင်းသား ၂၈၇ ဦး၊ကျောင်းသားမိဘ ၂၄၇ ဦး၊ စုစုပေါင်း ၅၃၄ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာများ ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင် ၄၅၀ ရွက် ဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေ(ဌာနခွဲစာရေး)က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ အချိုမှုန့်၊ဟင်းချိုမှုန့် စားသုံးမှုအန္တရာယ်၊ မှုမမှန်စားသုံးဆီများအကြောင်းနှင့် ဖျော်ဖြေရေးမှ အန္တရာယ်များ ဟောပြောပြီး ဒေါ်ဝင်းဝင်းသန်း(အကြီးတန်းစာရေး)က မသုံးစွဲသင့်သည့် ကွမ်း၊ ဆေးလိပ်၊ အရက်နဲ့ ဘီယာအကြောင်း၊ ဒေါ်ထွေးထွေးအေး(အကြီးတန်းစာရေး)က ကျောင်းသူကျောင်းသားတွေကို ဘေးအန္တရာယ်ဖြစ်စေမည့်မုန့်အမျိုးမျိုးနှင့် အချိုရည်၊ အကင်များအကြောင်းကို နားလည်လွယ်ကူစေမည့် စကားများဖြင့် ရှင်းလင်းဟောပြောကြရာ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာဗဟုသုတများရရှိသဖြင့် ဝမ်းမြောက်ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်မောင်ဆွေ (ဝက်လက်)**

## ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာအသိပညာပေး ဟောပြောပွဲများကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်နံနက်ပိုင်းတွင် ရေကြည်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် နေ့လယ်ပိုင်းတွင် ကျုံပျော်မြို့နယ်၊ ကျုံပျော် အခြေခံပညာအထက်တန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ရေကြည်မြို့နယ်ဦးစီးမှူးနှင့် ကျုံပျော်မြို့နယ်ဦးစီးမှူးတို့သည် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အစားအသောက်များ စားသုံးရာတွင် အမြဲသံသယစိတ် (Ever Suspect) နဲ့ စစ်ဆေးစားသောက်ရမည့် အကြောင်းများကို အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးရန်မသင့်တဲ့ အစားအစာများနဲ့ ဘေးအန္တရာယ် ဆိုးကျိုးများ၊ ခွင့်မပြုဆိုးဆေးနှင့် ဓာတုဆိုးဆေးများ၊ ယင်မနားဆေး (Trichlorfon) နှင့် တာရှည်ခံ (Formalin) များအကြောင်းကိုလည်းကောင်း၊ နေ့စဉ်စားသောက်နေသော အစားအစာများတွင် အန္တရာယ်ရှိဓာတုဆိုးဆေး များ၊ တာရှည်ခံဓာတုပစ္စည်းများ ထည့်သွင်းထား၍ အပေါ်ယံအမြင်ကိုကြည့်ပြီး မျက်စိ၊ နှာခေါင်း၊ ပါးစပ်အပြင် ဦးနှောက်နှင့်ဆုံးဖြတ်၍ စားသောက်ရမည်ဖြစ်ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ကျောင်းဈေးများ၊ ဈေးများကို မိတ်ဘက်ဌာနများနှင့်ပူးပေါင်း၍ စစ်ဆေးနေပါကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေး၊ တာဝန်၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ပရိုဂျက်တာနှင့်တကွ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

ရေကြည်မြို့နယ်၊ ကုန်းပြင်အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး စုစုပေါင်း ၄၂၃ ဦး တက်ရောက်ခဲ့ပါသည်။ ထို့နောက် ကျုံပျော်မြို့နယ်၊ ကျုံပျော် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုကြည်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး စုစုပေါင်း ၇၀၂ ဦး တက်ရောက်ခဲ့ရာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြင့်အောင်-ပုသိမ်**

# ခရမ်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



စားသုံးသူ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာများ အဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ ဇန်နဝါရီလ ၁၉ ရက်က ခရမ်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်က ယခုကဲ့သို့ဟောပြောပွဲများကျင်းပရခြင်းမှာ သားတို့သမီးတို့တွေ အစားအသောက်နှင့်ပတ်သက်ပြီး စားသုံးရန် သင့်မသင့်အကြောင်း သိစေရန်ဖြစ်ကြောင်း၊ ထို့အပြင် လူသားအားလုံးအတွက် လိုအပ်ချက် လုံခြုံမှု ခုနစ်ချက်ရှိကြောင်း၊ အဲဒီ ခုနစ်ချက်ထဲကမှ အစားအသောက် လုံခြုံမှုက အရေးကြီးကြောင်း၊ အစားအသောက်ထဲမှာ အကင်နှင့်ကြက်၊ ငါး အေးခဲသားငါးတွေမှာ ရောဂါဖြစ်စေတဲ့ ဓာတ်တွေများစွာပါဝင်ကြောင်း၊ ဟင်းသီးဟင်းရွက်များမှာလည်း ပိုးသတ်ဆေးပါဝင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စားသုံးသူများ လုံခြုံမှုရရှိစေရန်အတွက် ဥပဒေထုတ်ပြန်ထားကြောင်းတို့ကို သိရှိနားလည်မှာဖြစ်သည့်အပြင် သားသမီးတို့ကို ပညာပေးသည့်အတွက် ကျေးဇူးတင်ကြောင်း မိဘ၊ ညီအစ်ကိုမောင်နှမများကို ထပ်ဆင့်ကျန်းမာရေး အသိပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူဥပဒေအကြောင်း ရှင်းလင်းပြောကြားပြီး အစားအသောက်ကို စားသုံးမည်ဆိုလျှင် ဗဟုသုတရှိရှိ ဆင်ခြင်တုံတရားဖြင့် ရွေးချယ်စားသုံးသင့်ကြောင်း၊ ငရုပ်ဆီ၊ လေဖောင်းမုန့်များ စားသုံးခြင်းက အဝလွန်ခြင်းဖြစ်တတ်သည့်အပြင် ကင်ဆာရောဂါများပါဖြစ်နိုင်ကြောင်းပြောကြားပြီး ကျန်းမာရွှင်လန်းအသက်ရှည်ရန် သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝရေဓာတ်ကို မြက်ခင်းပြင်များပြုပြင်ခြင်းဖြင့် ရေကိုထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန (ကိုယ်စား) မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးမြသွင်က တန်ဖိုးရှိသည့် သတင်းအချက်အလက်များကို ပြောကြားတာဖြစ်သည့်အတွက် မသိသေးသည်များကို သိသွားပြီးဖြစ်ပါကြောင်း၊ အချိုရည်များတွင် ဆိုးဆေးနှင့် ဓာတုဆေးဝါးများပါဝင်သည့်အတွက် ရေရှည်မသောက်သုံးသင့်ကြောင်း၊ ငရုပ်သီးအပွအပုတောင့်များ အထဲ၌ အစေ့များနှင့်အတူ မှိုစွဲနေတတ်သဖြင့် သတိပြု စားသုံးသင့်ပါကြောင်း၊ စားသုံးမိပါက ကင်ဆာရောဂါ၊ အရိုးပွရောဂါများ ဖြစ်တတ်ကြောင်း၊အချိုမှုန့်ကိုရေဖျော်ပြီး မာလကာသီးတစ်လုံး၏ တစ်ဖက်ခြမ်းသို့ထိုးသွင်းပြီး ကျန်တစ်ဖက်ကို ဒီအတိုင်းထားပါက သုံးရက်ခန့်ကြာလျှင် အချိုမှုန့်ထည့်ထားသောအခြမ်းဘက်မှ ပုပ်သွားပြီး၊ ကျန်တစ်ခြမ်းမှာ အကောင်းအတိုင်းရှိနေတတ်ကြောင်း၊ အချိုမှုန့်ဖြူးပြီး မြက်ပင်များအား ယုန်အကောင် ၅၀ ခန့်ကို ကျွေးပြီး ကျန် ၅၀ ခန့်ကို ဒီအတိုင်းကျွေးထားပါက တစ်ပတ်ခန့်ကြာလျှင် အချိုမှုန့်ဖြူးထားသောမြက်ကိုစားသည့် ယုန်များကသေပြီး မစားသောယုန်များက အသက်ရှင်ကျန်ကြောင်း၊ အချိုမှုန့်၏ အန္တရာယ်နှင့်ဆိုးကျိုးများကို ကလေးများနှင့် တက်ရောက်လာကြသူများ အလွယ်တကူသိရှိနားလည်စေရန် ဥပမာများပေးကာ ဟောပြော ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းကလည်း အစားအသောက်အပြင် လူသုံးကုန်ပစ္စည်းများ ဝယ်ယူသည့်အခါ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်ပစ္စည်းများဖြစ်ဖို့လိုကြောင်း၊ ပစ္စည်းတစ်ခု ဝယ်ယူသုံးစွဲမည်ဆိုလျှင် အမှတ်တံဆိပ် ကုန်ဆုံးရက်၊ ထုတ်လုပ်ရက်စွဲ၊ ထုတ်လုပ်သည့်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း စသည့်အချက်များပါဝင်သည်ကို ဦးစားပေးရွေးချယ်ဝယ်ယူသုံးစွဲရန်လိုအပ်ကြောင်းနှင့် စားသုံးသူကာကွယ်ရေးအတွက် ဖွဲ့စည်းထားသောအဖွဲ့ ကော်မတီများအကြောင်းနှင့် ဆုံးရှုံးနစ်နာမှုများရှိပါက တိကျခိုင်လုံသောအထောက်အထားများဖြင့်တင်ပြ၍ တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ သန်လျင်ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် ကြီးကြပ်ရေးမှူးများ၊ ဒုတိယပညာရေးမှူး၊ အထက(၂) ခရမ်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ အထက (၁) ခရမ်းမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ စုစုပေါင်း ၅၅၉ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

# SMART Myanmar ဒုတိယမြောက် ပရောဂျက်စတင်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ဥရောပသမဂ္ဂမှ ထောက်ပံ့ပေးထားသော SMART Myanmar ရဲ့ ဒုတိယမြောက်ပရောဂျက်စတင်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

SMART Myanmar ဟာ ဥရောပသမဂ္ဂက အထောက်အပံ့ပေးထားတဲ့ SWITCH Asia Project တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများရဲ့ လူမှုပတ်ဝန်းကျင်အဆင့်မြှင့်တင်ခြင်းများကို အလေးထားဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိကာလအတွင်း ပြည်တွင်းအထည်ချုပ်စက်ရုံပေါင်းများစွာနဲ့ချိတ်ဆက်၍ လူမှုရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှုအချက်များ၊ နည်းပညာအထောက်အပံ့နဲ့ စွမ်းရည်တိုးတက်မြင့်မားစေရေး၊ မြန်မာ့အထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ အထည်ချုပ်လုပ်ငန်းများမှ ဝန်ထမ်းများစွမ်းရည်မြှင့်တင်ခြင်း၊အသင်းရဲ့ ပထမဆုံး code of conduct မူကြမ်းရေးဆွဲပေးခြင်းနှင့် အဆင့်မြင့်အထောက်အကူပြုခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ အောင်မြင်မှုများရဲ့ ရလဒ်အဖြစ် SMART Myanmar ဟာ လေးနှစ်တာကာလအတွင်း စီမံကိန်းအသစ်တစ်ခု ထပ်မံအစပြုနိုင်ခဲ့ကြောင်း၊ လူမှုရေးလေးစားလိုက်နာမှုများနဲ့ လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲခြင်းတို့နဲ့ စပ်လျဉ်းပြီး စက်ရုံများအား ကူညီပေးခြင်းအား တိုးချဲ့မြှင့်တင်လုပ်ကိုင်သွားမယ့်အပြင် ရေရှည်တည်တံ့တဲ့ ထုတ်လုပ်မှုနဲ့ပွင့်လင်းမြင်သာမှုရှိတဲ့စနစ်ကျနတဲ့ ဝယ်ယူမှု (Systematic Procurement) အလေ့အကျင့်များ တိုးတက်ရေးတို့နဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုအသစ်များကို မိတ်ဆက်ပေး သွားမယ်လို့ သိရပါတယ်။

အခမ်းအနားသို့ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ Roland Cobia ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထည်ချုပ်လုပ်ငန်းရှင်များ၊ SMART Myanmar ရဲ့ မိတ်ဖက်အဖွဲ့ဝင်များနဲ့ စိတ်ပါဝင်စားသူများ ၂၀၀ ဝန်းကျင်တက်ရောက်ခဲ့ကြပါတယ်။

ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီး Mr. Roland Cobia က အထည်ချုပ်လုပ်ငန်းသည် မြန်မာ့စီးပွားရေးရဲ့ အဓိကလုပ်ငန်းအဖြစ် တစ်ရှိန်ထိုး တိုးတက်လာနေကြောင်း၊ ဥရောပသမဂ္ဂမှ ခွင့်ပြုထားတဲ့ ကုန်သွယ်မှုအခွင့်အရေးများ (Trade Preferences) ဟာ အထည်ချုပ်နယ်ပယ်ရဲ့ တိုးတက်လာမှုနှုန်းသိသာထင်ရှားလာစေတဲ့ အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ကြောင်း ဥရောပနှင့်ကုန်သွယ်မှုပြုခြင်းအားဖြင့် မြန်မာ့စီးပွားရေးတိုးတက်လာမှုအတွက် ကြီးမားတဲ့ အခွင့်အလမ်းဖြစ်ပြီး ရလဒ်အသီးအပွင့်များကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် မျှဝေခံစားနိုင်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက SMART Myanmar တွင် အထူးကျွမ်းကျင်သူများနဲ့ နည်းပညာရှင်များစွာရှိကြောင်း၊ ၎င်းတို့ဟာ စက်ရုံများအတွက် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာရမယ့် အချက်များကိုနားလည်စေရန်နဲ့ အဓိကလုပ်ဆောင်ရမယ့် အစီအစဉ်များကို ရေးဆွဲအကောက်အထည်ဖော်ပေးခဲ့ကြောင်း၊ မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များ အသင်းအနေနဲ့ ယခုလို ဆက်လက်၍ မိတ်ဆက်ဆောင်ရွက်မှုအပေါ် များစွာ ကျေနပ်အားရမိကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမယ်လို့ ပြောကြားခဲ့ပါတယ်။

SMART Myanmar စီမံကိန်း ဒါရိုက်တာက Simone Lehmann က အထည်ချုပ်ကဏ္ဍဟာရေရှည်နဲ့ သဘာဝဓာတ်ငွေ့ပြီးလျှင် အလျင်အမြန် တိုးတက်လာတဲ့ မြန်မာ့အဓိကပို့ကုန်တစ်ခုဖြစ်လာကြောင်း၊ တင်ပို့မှုတန်ဖိုးဟာ လွန်ခဲ့တဲ့ နှစ်နှစ်က တင်ပို့မှုထက်နှစ်ဆကျော်လွန်လာပြီဖြစ်ကြောင်း ၊လာမယ့်နှစ်များမှာလည်း အရှိန်အဟုန် ကောင်းကောင်းနဲ့ တိုးတက်လာစေရန် စီမံကိန်းများရေးဆွဲထားပြီဖြစ်ကြောင်း အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာ ဖန်တီးနိုင်မှုတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

SMART Myanmar နဲ့မြန်မာစက်ရုံများ ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်နေမှုကို ဆက်လက်တည်မြဲလိုတဲ့ ရည်ရွယ်ချက်မှာ အထည်ချုပ်ကဏ္ဍအတွင်းရှိ နိုင်ငံတကာယှဉ်ပြိုင်မှုစွမ်းအား မြင့်မားစေရန် ကြိုးစားနေကြရတဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများရဲ့ ရေရှည်တည်မြဲတဲ့ အဝတ်အထည်ထုတ်လုပ်မှု "Made in Myanmar" အတွက် အထောက်အကူပြုပေးရန်ဖြစ်ကြောင်း ပြောကြားပါတယ်။

အောင်မြင်တဲ့ အလေ့အကျင့်များကို တိုးပွားလာစေခြင်းနဲ့ ဖွဲ့စည်းနိုင်ခြင်းစတဲ့ ရည်ရွယ်ချက်များကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပထမစီမံကိန်းကာလအတွင်းမှာ လုပ်ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများအား ဝေမျှခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နဲ့ လူသားတို့အတွက် ကောင်းမွန်သော ထုတ်ကုန်များ၊ ဥရောပဈေးကွက်မှ သုံးစွဲသူများရဲ့ လိုအပ်ချက်များကို ပြည်တွင်းအထည်ချုပ်လုပ်ငန်းရှင်များ ၊ ကုမ္ပဏီများ သိရှိစေရန် ပြုလုပ်ပေးနိုင်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

**CMK**

Organizations News
Vol: 16, No.4 Monday January 25 2016

# ဒေသတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းအောင် အာဆီယံက ဆောင်ရွက်မည်

တစ်ခုတည်းသော ဈေးကွက်နဲ့ ကုန်ထုတ်လုပ်မှု အခြေစိုက်စခန်း၊ စီးပွားရေးအရယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ဒေသ၊ တန်းတူဖွံ့ဖြိုးတိုးတက်မှုနဲ့ ကမ္ဘာကြီးတစ်ခုလုံးနဲ့ပေါင်းစည်းမှုရှိတဲ့ ဒေသတွင်းစီးပွားရေးစတဲ့ ရည်မှန်းချက်တွေဖြည့်ဆည်းနိုင်ရေးအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း-အေအီးစီ (ASEAN Economic Community) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကစပြီး အတည်ပြုထားခဲ့ကြောင်း ခမာတိုင်းမ်သတင်းမှာဖော်ပြထားပါတယ်။

ဒါပေမဲ့ အေအီးစီရှေ့လုပ်ငန်းစဉ်မူကြမ်းမှာ ချမှတ်ထားတဲ့ ရည်မှန်းချက်တွေအောင်မြင်ဖို့အတွက် အခက်အခဲတွေကတည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒေသတွင်းစီးပွားရေးပေါင်းစည်းရေးက ပေါ်ထွန်းလာမယ့် အသီးအပွင့်ကို အပြည့်အဝခံစားနိုင်ဖို့အတွက် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံတွေမှာ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာစွမ်းအားနဲ့ လူသားအရင်းအမြစ်တွေ မရှိသေးပါဘူး။

အဖွဲ့ဝင်နိုင်ငံတွေအချင်းချင်း စီးပွားရေးအရ မတူညီမှုကြောင့်အလုံးစုံပါဝင်ပြီး ပြည်သူအခြေပြုအာဆီယံ ထူထောင်ရေးကို အကောင်အထည်ဖော်ရာမှာ အခက်အခဲရှိစေပါတယ်။ အလွှာနှစ်ခုကွဲပြားနေတဲ့အတွက် ဖြစ်ပေါ်မယ့် အကျပ်အတည်းနဲ့မတည်ငြိမ်မှုတွေက အာဆီယံဒေသကို ထိခိုက်စေနိုင်ပါတယ်။

ဒေသတွင်းမှာ ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေဖို့အတွက် အာဆီယံပေါင်းစည်းရေးလုပ်ငန်းအစီအစဉ် အဆင့် ၃ (Initiative For ASEAN Integration Work Plan III) ကို အာဆီယံကပြန်လည်အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်အရ ဖွံ့ဖြိုးမှုကွာဟချက်များတဲ့နေရာတွေ အထူးသဖြင့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုအတွက် ပေးထားတဲ့ ကတိကဝတ်တွေ အကောင်အထည်ဖော်ရာမှာ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လိုအပ်တဲ့နေရာတွေကို ရည်မှန်းချက်ထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးပြီးဖြစ်တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက CLMV နိုင်ငံတွေကို နည်းပညာဆိုင်ရာအထောက်အပံ့တွေတိုးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စံနှုန်းကိုက်ညီရေးအကဲဖြတ်လုပ်ငန်းများ၊ စံနှုန်းများနဲ့ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများညီညွတ်မှုရှိရေး၊ လူအင်အားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ အကာစ်အမ်အီးများရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်နဲ့ ပြည်တွင်းထုတ်လုပ်မှုစွမ်းအားတိုးတက်ကောင်းမွန်ရေးစတဲ့ နယ်ပယ်တွေကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# စတုတ္ထစက်မှုတော်လှန်ရေးကို ပြန်ပြည့်မြဲစွမ်းအင်ဖြင့် ဖော်ဆောင်မည်




(၄၆)ကြိမ်မြောက်ကမ္ဘာ့စီးပွားရေးဖိုရမ် (46th World Economic Forum-WEF) ကို ဇန်နဝါရီ ၂၀ ရက်က ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်ကလေ့စတာမှာ ကျင်းပရာ ဖိုရမ်ကိုတက်ရောက်လာတဲ့ စီးပွားရေးကဏ္ဍအသီးသီးမှ ခေါင်းဆောင်များက စတုတ္ထမြောက် စက်မှုတော်လှန်ရေးကို ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy)နဲ့ ဖော်ဆောင်သွားမယ်လို့ ပြောကြားကြောင်းရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

"စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးကို ဆောင်ရွက်ခြင်း (Mastering the 4th Industrial Revolution)" ဆိုတဲ့ခေါင်းစဉ်နဲ့ ကျင်းပတဲ့ ဒီပွဲကို စီးပွားရေး၊ အစိုးရ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့ပြလူ့အဖွဲ့အစည်း၊ အသိပညာရှင်များ၊ မီဒီယာနဲ့ အနုပညာဆိုင်ရာ ကဏ္ဍအသီးသီးမှခေါင်းဆောင်ပေါင်း ၂၅၀၀ တက်ရောက်ခဲ့ကြပါတယ်။

"စွမ်းအင်ကို ပြုပြင်ပြောင်းလဲခြင်း (Transformaing Energy)" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျင်းပတဲ့ဆွေးနွေးပွဲမှာ တော်လှန်ရေးသစ်က ဆောင်းကျဉ်းလာမယ့်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာမှာ လိုအပ်တဲ့ ပြန်ပြည့်မြဲစွမ်းအင်နဲ့ဆိုင်တဲ့ အယူအဆတွေကို ဆွေးနွေးပွဲတက်ရောက်သူတွေက မျှဝေပေးကြပါတယ်။

သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့စွမ်းအင်က စွမ်းအင်သစ်ဖြန့်ဝေမှုရဲ့ ထက်ဝက်နီးပါးကိုဆောင်ရွက်ပေးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘီရောက ပြောပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံကိန်းအတွက် အကောင်အထည်ဖော်ပေးတဲ့ အများဆုံးနိုင်ငံများမှာ ထွန်းသစ်စနိုင်ငံများဖြစ်ပြီး စုစုပေါင်း အကောင်အထည်ဖော်မှုရဲ့ သုံးပုံနှစ်ပုံရှိပါတယ်။

ပိုမိုကောင်းမွန်တဲ့စွမ်းအင်စနစ်ဖော်ဆောင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်လိုအပ်ချက်များက စိန်ခေါ်လျက်ရှိကြောင်း ဟီတာချီကော်ပိုရေးရှင်းဥက္ကဋ္ဌ ဟီရိုအာကီနာကာနီရှီက ပြောပါတယ်။

လေအားနဲ့နေစွမ်းအင်လျှပ်စစ်ထုတ်လုပ်ရာနေရာများနဲ့ ထုတ်လုပ်မှုကိုအသုံးပြုရာ ဌာနများအကြား အလှမ်းကွာဝေးနေမှုကလည်း ဖြန့်ဖြူးမှုဆိုင်ရာစိန်ခေါ်မှုတွေဖြစ်ပါတယ်။

လာမယ့် ၂၀၁၅ ခုနှစ်အတွင်း စွမ်းအင်လိုအပ်ချက်က ကမ္ဘာ့အတိုင်းအတာနဲ့တွက်ချက်ရင် ၈၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ပါတယ်။ စွမ်းအင်ဆိုင်ရာနည်းပညာ၊ လျှပ်စစ်ဖြန့်ဖြူးမှုကွန်ရက်နဲ့ ဖြန့်ဖြူးရေးစနစ်စတာတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ အမြောက်အမြားရှိလာမှာ ဖြစ်ပါတယ်။



# ဒဗလျူတီအိုရဲ့နိုင်ရိုဘီအစည်းအဝေးမှာ ဆောင်ရွက်ခဲ့တဲ့ အိန္ဒိယရဲ့ရပ်တည်ချက်ကို အိန္ဒိယဝန်ကြီးအဖွဲ့အတည်ပြု

ဒီဇင်ဘာမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝန်ကြီးအဆင့်ကွန်ဖရင့်မှာ ဆောင်ရွက်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ ရပ်တည်ချက်ကို အိန္ဒိယနိုင်ငံဝန်ကြီးအဖွဲ့က အတည်ပြုကြောင်းနဲ့ အဆိုပါရပ်တည်ချက်မှာ အစားအစာလုံခြုံရေးနဲ့ လယ်ယာစိုက်ပျိုးရေးပို့ကုန်များနဲ့ပတ်သက်တဲ့ ကတိကဝတ်တွေရှိပါကြောင်း ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

လယ်ယာစိုက်ပျိုးရေး ထောက်ပံ့ကြေးနဲ့ သွင်းကုန်များထိန်းချုပ်မယ့် အထူးကာကွယ်ရေးအစီအစဉ် (Special Safeguard Mechanism-SSM) အကောင်အထည်ဖော်ရေးစတဲ့ ပြဿနာတွေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတို့ အားပြိုင်နေတဲ့ဒီကွန်ဖရင့်မှာ ဘုံသဘောတူညီမှုရရှိရေး စေ့စပ်ညှိနှိုင်းမှုအစီအစဉ်ကို ဆက်လက်ဆွေးနွေးကြဖို့ အဖွဲ့ဝင်နိုင်ငံတွေက သဘောတူညီခဲ့ကြပါတယ်။

နိုင်ရိုဘီဝန်ကြီးအဆင့်အစီအစဉ် (Nairobri Ministrial Package) မှာ လယ်ယာစိုက်ပျိုးရေးထောက်ပံ့ကြေးနဲ့ ပတ်သက်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်၊ SSM အကောင်အထည်ဖော်ရေး၊ အစားအစာ လုံခြုံရေးအတွက် အစိုးရကထိန်းချုပ်မှုနဲ့ လယ်ယာပို့ကုန်များအတွက် ထောက်ပံ့ကြေးပယ်ဖျက်မှုစတဲ့ အချက်တွေပါဝင်ပါတယ်။

"ဝန်ဆောင်မှုနယ်ပယ်မှာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများ (LDCs) ကို အထူးအခွင့်အရေးပေးခြင်းနဲ့ ကုန်သွယ်မှုအခွင့်အရေးပေးတဲ့ အတွက် LDCs တွေရဲ့ ပို့ကုန်တွေအကျိုးဖြစ်ထွန်းမှုရှိ/မရှိ ဆုံးဖြတ်ဖို့စံသတ် မှတ်ရေးတို့နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေကိုလည်း ချမှတ်ခဲ့ပါတယ်"လို့ ဇန်နဝါရီ ၂၀ ရက်ကထုတ်ပြန်တဲ့ အိန္ဒိယအစိုးရရဲ့ ကြေညာချက်မှာ ဖော်ပြထားပါ တယ်။

နိုင်ရိုဘီကွန်ဖရင့်မှာ ဒိုဟာကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုတွေရဲ့ အနာဂတ်ကိုလည်းဆုံးဖြတ်ခဲ့ကြပြီး ကမ္ဘာ့ကုန်သွယ်ရေးစနစ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ပိုမိုပေါင်းစည်းရေးရဲ့ အရေးပါပုံကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ဒိုဟာဖွံ့ဖြိုးရေးအစီအစဉ် (Doha Development Agenda-DDA) ဆက်လက်ဆောင်ရွက်ရေးကို ဖွံ့ဖြိုးပြီးနိုင်ငံအချို့က ဆန့်ကျင်ခဲ့ပါတယ်။

DDA ကို ဆက်လက်အကောင်အထည်ဖော်ရန်နဲ့ DDA ကို ပြီးပြတ်အောင်မဆောင်ရွက်နိုင်သေးပါက ဒဗလျူတီအိုအစီအစဉ်များမှာ ပြဿနာသစ်တွေထပ်မတင်ရန် အိန္ဒိယက အဆိုပြုခဲ့ပါတယ်။

# ၂၀၁၈ ခုနှစ်မှာ စင်ကာပူက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်

၂၀၁၈ ခုနှစ်မှာ စင်ကာပူနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မှာဖြစ်ရာ ၂၀၀၇ ခုနှစ်နောက်ပိုင်းအာဆီယံအဖွဲ့ရဲ့ ပထမဆုံးအကြိမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ကြောင်း ဘိဇနက်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။ အာဆီယံထိပ်သီးဆွေးနွေးပွဲနဲ့ အရှေ့အာရှထိပ်သီး ဆွေးနွေးပွဲများကဲ့သို့သော အဓိကအစည်းအဝေးတွေကို စင်ကာပူနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမယ်ဆိုရင် စင်ကာပူနဲ့ အာဆီယံရဲ့ အကျိုးစီးပွားတွေ ဖော်ဆောင်ရေးအတွက် ဒီဒေသတွေကို ကမ္ဘာကသိရှိလာအောင် တင်ပြနိုင်မှာဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက်က ထုတ်ပြန်တဲ့ ကြေညာချက်မှာ နိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာကရစ်ရှနန်က ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ်မှာ မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ပြီးနောက် ၂၀၁၆ ခုနှစ်မှာ လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တစ်နှစ်တာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံက ဆောင်ရွက်မှာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံက ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ဖို့အတွက် နှစ်နှစ်လောက် အချိန်လိုဦးမှာဖြစ်ပေမယ့် အာဆီယံအကြောင်းနဲ့ အာဆီယံရဲ့ ထူးခြားချက်တွေကို စင်ကာပူနိုင်ငံသားတွေသိရှိနားလည်ဖို့အတွက် စင်ကာပူအစိုးရက အားသွန်ခွန်စိုက်ပမ်းဆောင်ရွက်မှာဖြစ်ကြောင်း ဒေါက်တာဘာလာကရစ်ရှနန်က ပြောပါတယ်။

စင်ကာပူနိုင်ငံက "Youth Model ASEAN Conference" ကဲ့သို့သော လူငယ်နှစ်ပတ်လည် ကွန်ဖရင့်တွေကို ကျင်းပခြင်းအားဖြင့် အာဆီယံမှာ အလုပ်လုပ်ကိုင်မှုနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကို စင်ကာပူနိုင်ငံသား လူငယ်တွေ သိရှိနားလည်အောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံသားတို့အတွက် ပင်လယ်ရပ်ခြား အခွင့်အလမ်းတွေ ဖန်တီးပေးရေးကလည်း အစိုးရရဲ့ ငါးနှစ်တာ သက်တမ်းအတွင်းဆောင်ရွက်ရမယ့်လုပ်ငန်းများအနက် ဦးစားပေးအဖြစ် ဝန်ကြီးဌာနက ဆောင်ရွက်မှာဖြစ်ကြောင်း သူကပြောပါတယ်။

အေအီးစီ၊ ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဒေသဆိုင်ရာစီးပွားရေး ဘက်စုံပူးပေါင်းဆောင်ရွက်ရေး လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်အစရှိတဲ့ ဒေသဆိုင်ရာ အစီအစဉ်များက စင်ကာပူကုမ္ပဏီများအတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖန်တီးပေးမှာ ဖြစ်ကြောင်း သူကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ဝန်ကြီးဌာနများတစ်ခုနဲ့တစ်ခု ပေါင်းစည်းပြီး ညှိနှိုင်းဆောင်ရွက်ဖို့ အင်ဒိုနီးရှား ဝန်ကြီးဌာနများကို သမ္မတက တိုက်တွန်း

ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို အကောင်အထည်ဖော်ရာမှာ ရလဒ်ကောင်းတွေ ရရှိဖို့အတွက် ဝန်ကြီးဌာနများအနေနဲ့ တစ်ခုနဲ့တစ်ခု ညီညွတ်စွာ ပေါင်းစပ်ညှိနှိုင်းသွားဖို့ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက တိုက်တွန်းပြောကြားကြောင်း အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကိုအကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ ဝန်ကြီးဌာနတွေကို ကျွန်တော် တိုက်တွန်းထားပါတယ်"လို့ သမ္မတ ဂျိုကိုဝီက ဇန်နဝါရီ ၁၈ ရက်က ပြောပါတယ်။

အမျိုးသားအဆင့် အစီအစဉ်တွေကိုအောင်မြင်စွာ အကောင်အထည်ဖော်ဖို့အတွက် တစ်သီးတခြားစီဆောင်ရွက်မနေဘဲ အတူတကွပူးပေါင်း ဆောင်ရွက်ဖို့ ဝန်ကြီးဌာနများကို သမ္မတက နှိုးဆော် တိုက်တွန်းထားပါတယ်။ စီးပွားရေးအခြေအနေတွေကို တိုးမြှင့်ပေးနိုင်ဖို့ဆောင်ရွက်နေကြတဲ့ ဒေသတွင်းရှိနယ်ပယ်အသီးသီးမှာရှိတဲ့ စွန့်ဦးတီထွင်သူတွေကို ချီးမြှင့်ဖို့ သမ္မတက တိုက်တွန်းထားပါတယ်။

"ဒီလိုဆောင်ရွက်ရာမှာ ခရီးသွားလုပ်ငန်းဒေသ ၁၀ ခုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်လည်း ပါဝင်ပါတယ်။ ကျွန်တော် လာဘွန်ဘာဂျိုဒေသကို သွားရောက်ခဲ့တုန်းက လေဆိပ်အဆောက်အအုံနဲ့ ပြေးလမ်းတွေရဲ့ အခြေအနေတွေ တိုးတက်ကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ရေမိလ္လာလုပ်ငန်းတွေကိုတော့ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်"လို့ ဂျိုကိုဝီက ပြောပါတယ်။ ဒီလုပ်ငန်းတွေကို အောင်မြင်အောင်ဆောင်ရွက်ပေးကြတဲ့ပြည်တွင်း စွန့်ဦးတီထွင်သူတွေကိုလည်း ဖွံ့ဖြိုးရေးစီမံကိန်းတွေအတွက် ဆုချီးမြှင့်ပေးဖို့ သမ္မတက ဝန်ကြီးဌာနကိုတိုက်တွန်းထားပါတယ်။ စီမံကိန်းတစ်ခုကို အမျိုးသားအဆင့်ကန်ထရိုက်တာက တာဝန်ယူ ဆောင်ရွက်တဲ့အခါ မြို့ပြဒေသတွေမှာ ရန်ပုံငွေလှည့်ပတ်မှုကို အထောက်အကူဖြစ်စေဖို့အတွက် ဒေသဆိုင်ရာကန်ထရိုက်တာကို တာဝန်ပေးဖို့လိုအပ်ကြောင်း ဂျိုကို ဝီကအလေးပေးပြောကြားပါတယ်။

ဒေသန္တရ အသိုက်အဝန်းရဲ့ စီးပွားရေးစွမ်းအားကို တိုးမြှင့်ပေးနိုင်ဖို့အတွက် ဒေသတွင်းရှိ နယ်မြေတွေမှာ လုပ်သားအင်အားကို အားပြုဆောင်ရွက်ရတဲ့လုပ်ငန်းတွေ ထူထောင်ဖို့လည်း သူကတိုက်တွန်းပါတယ်။ လောလောဆယ် လုပ်ငန်းစတင်လည်ပတ်နေတဲ့ စီမံကိန်းတည်ဆောက် ရေးလုပ်ငန်းတွေကို တိုက်ရိုက်ကြီးကြပ်ဖို့ ဝန်ကြီးဌာနတွေကို တိုက်တွန်းထားပါတယ်။

# ၂၀၁၆ ခုနှစ်အတွင်း စင်ကာပူနိုင်ငံမှာ အလုပ်အကိုင်ခန့်ထားတဲ့ ကုမ္ပဏီအရေအတွက် ပိုမိုများပြားလာ

ဒေသတွင်းစီးပွားရေး တောင့်တင်းခိုင်မာမှုနဲ့ စင်ကာပူစီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်မှုရှိလာတဲ့ ကုမ္ပဏီတွေပိုမိုများပြားလာမှာဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်အတွင်းမှာ လုပ်သားခန့်ထားမယ့် ကုမ္ပဏီတွေ ပိုမိုများပြားလာနိုင်တယ်လို့ ဇန်နဝါရီ ၁၉ ရက်က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာတစ်စောင်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

ဟတ်ဆန်အစီရင်ခံစာအရ လုပ်သားတိုးချဲ့ခန့်ထားမယ့် စီးပွားရေးလုပ်ငန်းက ၄၁ ရာခိုင်နှုန်းရှိပြီး လက်ရှိလုပ်သားအရေအတွက်ကို ဆက်လက်ထားရှိဖို့ အစီအစဉ်ရှိတယ်လို့ ပြောသူက ၅၃ ရာခိုင်နှုန်းရှိပါတယ်။ အလုပ်သမားဦးရေကို လျှော့ချဖို့ အစီအစဉ်ရှိတယ်လို့ ပြောကြားသူက ၆ ရာခိုင်နှုန်းပဲရှိတယ်လို့ စစ်တမ်းအစီရင်ခံစာအရ သိရပါတယ်။ ဟတ်ဆန်အစီရင်ခံစာကို ပြုစုနိုင်ဖို့အတွက် အလုပ်ရှင် ၈၃ ဦးနဲ့ ဝန်ထမ်း ၇၅၈ ဦးကို စစ်တမ်းကောက်ယူခဲ့ကြောင်း အစီရင်ခံစာပြုစုခဲ့တဲ့ ဟတ်ဆန်ကုမ္ပဏီက ပြောပါတယ်။

"အလုပ်သမားသစ်တွေ ခန့်ထားဖို့အတွက် အလုပ်ရှင်တွေမှာ ယုံကြည်မှု အပြည့်အဝရှိနေပါတယ်" ဟု ဟတ်ဆန်စင်ကာပူရဲ့ ဒေသဆိုင်ရာဒါရိုက်တာ မစ္စတာအီမန်နျူရယ်ဝိုက်က ပြောပါတယ်။




တရုတ်စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းမှုနဲ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တွေမတည်မငြိမ်ဖြစ်မှုအပေါ် စိုးရိမ်မှုတို့ကြောင့် ၂၀၁၅ ခုနှစ်က အလုပ်သမားသစ်ခန့်ထားရေး အလားအလာတွေ ကျဆင်းခဲ့တယ်လို့ သူကပြောပါတယ်။

လုပ်သားအရေအတွက် တိုးမြှင့်ခန့်ထားဖို့ စီစဉ်ထားတဲ့ အလုပ်ရှင်တွေအနက် ၆၉ ရာခိုင်နှုန်းက နှစ်သစ်မှာ ပညာရှင်ဝန်ထမ်းတွေတိုးမြှင့်ခန့်ထားခဲ့ရတဲ့အတွက် ယခုလိုလုပ်သားဦးရေတိုးတက်လာတာ ဖြစ်ကြောင်း ပြောကြားပါတယ်။

စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း ချဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျွမ်းကျင်မှုနဲ့အတွေ့ အကြုံရှိတဲ့ သူတွေကိုသူ့နေရာသူမှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ဖို့က ပိုမိုခက်ခဲလာပါတယ်။ စင်ကာပူ ဈေးကွက်ထဲမှာ ပညာရှင်တွေရရှိဖို့အတွက် အပြင်းအထန်ကြိုးပမ်းရမယ့်သဘော ရှိပါတယ်။

ဝန်ထမ်းသစ်တွေခန့်ထားဖို့ အများဆုံးလိုအပ်တဲ့နယ်ပယ်တွေက မီဒီယာ၊ ပြည်သူ့ဆက်ဆံရေး၊ ကြော်ငြာလုပ်ငန်း၊ ပညာရှင်ဝန်ဆောင်မှုလုပ်ငန်းနဲ့ အိုင်တီလုပ်ငန်းတွေ ဖြစ်ပါတယ်။

# ဝယ်လိုအားမြင့်တက်အောင်ဆောင်ရွက်ဖို့ ဗီယက်နမ် ဘိလပ်မြေလုပ်ငန်းရှင် များကိုတိုက်တွန်း

ယခုနှစ်အတွင်း ဘိလပ်မြေပြည်တွင်းသုံးစွဲမှုကို တိုးတက်အောင်ဆောင်ရွက်ကြဖို့ အဖွဲ့ဝင်ကုမ္ပဏီများအား ဗီယက်နမ်ဘိလပ်မြေလုပ်ငန်းကော်ပိုရေးရှင်း (VICEM) ညွှန်ကြားရေးမှူး ထရန်ဗီယက်သန်းက တိုက်တွန်းထားကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

ခရီးသွားလာရေး ကောင်းမွန်တဲ့ ဈေးကွက်တွေနဲ့ နယ်မြေဒေသတွေမှာ ဘိလပ်မြေသုံးစွဲမှု ပိုမိုမြင့်တက်အောင် ဆောင်ရွက်ဖို့နဲ့ ပို့ကုန်ရည်မှန်းချက်များကိုထိန်းသိမ်းထားဖို့လည်း သန်းက တိုက်တွန်းပါတယ်။

ယခင်နှစ်က ဗီယက်နမ်ဈေးကွက်မှာ တရုတ်၊ ထိုင်းနဲ့ အင်ဒိုနီးရှားအပါအဝင်ဘိလပ်မြေအမြောက်အမြား ထုတ်လုပ်နိုင်တဲ့နိုင်ငံတွေက တိုက်ရိုက်ဈေးနှုန်းယှဉ်ပြိုင်မှုနဲ့ တွေ့ကြုံလိုက်ရတဲ့အတွက် ဗီယက်နမ်ရဲ့ ဘိလပ်မြေပြည်ပတင်ပို့မှုက တစ်ဟုန်ထိုးကျဆင်းခဲ့ပါတယ်။ ဒါကြောင့် အကျိုးဆက်အနေနဲ့ ပြည်တွင်းဈေးကွက်မှာလည်း ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုနဲ့ တွေ့ကြုံခဲ့ရပါတယ်။

ဗီယက်နမ်ရဲ့ ဘိလပ်မြေထုတ်လုပ်မှုက ဝယ်လိုအားထက်အများကြီး ပိုမိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ထဲကို ဝင်လာတဲ့ စုစုပေါင်း ဘိလပ်မြေပမာဏ တန် ၈၁ သန်းရှိတဲ့အနက် ဈေးကွက်ရဲ့ဝယ်လိုအားက ၅၃ ဒသမ ၁၈ တန်သာရှိတဲ့အတွက် အပိုအလျှံက တန် ၃၀ နီးပါးရှိခဲ့ပါတယ်။ ဒါကြောင့် ဘိလပ်မြေ ထုတ်လုပ်သူတွေက ထုတ်လုပ်မှုအစီအစဉ်ကို ပြောင်းလဲရန် ဒါမှမဟုတ် ထုတ်လုပ်မှုကို ရပ်ဆိုင်းရမယ့် အခြေအနေသို့ဆိုက်ရောက်ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်ကို ထိန်းချုပ်ပြီးတည်ငြိမ်အောင် ဆောင်ရွက်ဖို့အတွက် ၂၀၁၅ ခုနှစ်မှာ ဘိလပ်မြေသုံးစွဲမှုကို တန် ၁၉ ဒသမ ၁၆ သန်းနှုန်းအထိရောက်ရှိအောင် ဗီယက်နမ်ဘိလပ်မြေလုပ်ငန်းအသင်းက ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၁၀ ဒသမ ၆ ဆပိုမိုတိုးတက်ခဲ့ပါတယ်။

အထူးသဖြင့် ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၅ ခုနှစ်မှာ နှစ်ဆတိုးပြီး အမြတ်ရရှိအောင် ဗီယက်နမ်ဘိလပ်မြေလုပ်ငန်းအသင်းက ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တကယ်လို့ဗီယက်နမ်ဗဟိုဘဏ်က ငွေကြေးဖလှယ်နှုန်းကိုပြောင်းရင် သို့မဟုတ်ငွေကြေးတန်ဖိုးချရင် ဘိလပ်မြေလုပ်ငန်းတွေအတွက် အလုပ်လုပ်ရာမှာ အခက်အခဲတွေ့နိုင်ပါတယ်။ ဒါကြောင့် ဗီယက်နမ်ဘိလပ်မြေလုပ်ငန်းအသင်းက ကုန်ကျစရိတ်ကို လျှော့ချနိုင်ဖို့ကြိုးစားလျက်ရှိပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ကမ္ဘာ့စီးပွားရေးမှ စိုးရိမ်မကင်းဖြစ်စရာများကို အာရှက ကောင်းမွန်စွာ ဖြေရှင်းမည်

တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှု၊ ပထဝီနိုင်ငံရေးတင်းမာမှုကြီးထွားလာမှုနဲ့ ရေနံစိမ်းဈေးနှုန်းများ ပြိုကွဲမှုတို့ အပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ဇန်နဝါရီ ၁၈ ရက်က ဟောင်ကောင်မှာ ကျင်းပတဲ့ အာရှဘဏ္ဍာရေးဖိုရမ် (Asian Financial Forum) ကို တက်ရောက်ကြတဲ့ ကျွမ်းကျင်သူတွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာဖော်ပြပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ အသုံးပြုပြီး ဆောင်ရွက်မယ့် "Belt and Road Initiative" စီမံကိန်း၊ ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (တီပီပီ) နဲ့ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Regional Conprehersive Economic Partnership- RCEP) စတဲ့ အစီအစဉ်ရဲ့ ထောက်ပံ့ပေးမှုကြောင့် အာရှဒေသရဲ့ စီးပွားရေးတိုးတက်မှုအလားအလာက ခိုင်မာနေဆဲဖြစ်ပါတယ်။

အမေရိကန် ပြည်ထောင်စုက အတိုးနှုန်းကို မြှင့်တင်ပေးပြီးနောက် ပြည်ပငွေကြေးများ နိုင်ငံပြင်ပသို့ စီးထွက်မှုနဲ့ ဘဏ္ဍာရေးမတည်ငြိမ်မှုများဟာ ယာယီသဘောမျှသာဖြစ်ကြောင်း၊ ဒါပေမယ့် အာရှစီးပွားရေးတွေက ဒီအခြေအနေကို အခွင့်ကောင်းယူပြီး ဖွဲ့စည်းတည်ဆောက်မှုပုံစံကို အသစ်ပြန်လည်ပြင်ဆင်ဖို့နဲ့ အထူးသဖြင့် ပညာရေးနဲ့အလုပ်သမားရေးရာတွေမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး တီထွင်ဆန်းသစ်မှုနဲ့ ကုန်ထုတ်လုပ်မှုတွေကို တိုးတက်အောင် ဆောင်ရွက်ဖို့လိုကြောင်း မလေးရှားဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဒေါက်တာဇက်တီအက်ကထာအာဇစ်က ပြောပါတယ်။

ဒီလိုအခြေအနေမျိုးတွေကြောင့် အနာဂတ်ကာလမှာ ဖြစ်လာမယ့် ပြင်ပအထိတ်တလန့်ဖြစ်မှုတွေက ကင်းလွတ်အောင်အာရှက မိမိကိုယ်ကိုကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေး က အချိန်အတော်ကြာထိ ကျဆင်းမယ့်ဘက်ကို ဦးတည်နေတဲ့အတွက် ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။

ကမ္ဘာ့ရေနံစိမ်းနဲ့ ကုန်စည်ဈေးနှုန်းပြိုကွဲမှုတွေက နှစ်အနည်းငယ်အထိ ဆက်လက်တည်ရှိနေမှာ ဖြစ်ပေမယ့် ကာလလတ်မှာ တရုတ်စီးပွားရေးက ခိုင်မာနေဆဲဖြစ်နေလိမ့်မယ်လို့ သူမက ပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ကာရာကတ် (ဗင်နီဇွဲလား)**

ရေနံဈေးနှုန်းများမှာ ရောင်းလိုအားနဲ့ ဝယ်လိုအားမျှတတဲ့ ဈေးနှုန်း (Equilibrium Price) အောက်သို့ ကျဆင်းနေတဲ့အတွက် ဖေဖော်ဝါရီလထဲမှာအိုပက်အဖွဲ့ဝင်နိုင်ငံတွေ နဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ရေနံထုတ်လုပ်တဲ့နိုင်ငံတွေ တွေ့ဆုံဆွေးနွေးပြီး ဈေးနှုန်းမြှင့်တင်ဖို့ နည်းလမ်းရှာကြရန် ဗင်နီဇွဲလားရေနံဝန်ကြီးက ဇန်နဝါရီ ၂၁ ရက်က တိုက်တွန်းကြောင်း ရိုက်တာသတင်းမှာဖော်ပြပါတယ်။

**ပေကျင်း**

သီအိုရီ သဘောတရားအရ ယွမ်ငွေတန်ဖိုး ကျဆင်းရင် တရုတ်ပို့ကုန်လုပ်ငန်းရှင်တွေအကျိုးရှိတယ်လို့ဆိုပေမယ့် တရုတ်နိုင်ငံရဲ့ နိုင်ငံခြားကုန်သွယ်မှုလွယ်ကူချောမွေ့စေဖို့အတွက် အခြေခံအားဖြင့် တရုတ်ယွမ်ငွေကြေး တည်ငြိမ်မှုကို ပိုမိုလိုလားကြောင်း တရုတ်စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ရှန်ဒန်ယန်းက ဇန်နဝါရီ ၂၁ ရက်က ပြောကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

**ဝါရှင်တန်**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ဇူလိုင်လမှာ သက်တမ်းကုန်ဆုံးတော့မယ့် အိုင်အမ်အက်ဖ်ညွှန်ကြားရေးမှူးချုပ် ခရစ်စတင်းလားဂတ်နေရာမှာ အစားထိုးမယ့်သူတစ်ဦးရွေးချယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၁ ရက် နေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

**ဟိုချီမင်းစီးတီး**

ဗီယက်နမ်ရှိ စီးပွားရေးလုပ်ငန်း စုစုပေါင်းရဲ့ ၉၅ ရာခိုင်နှုန်း ကျော်ပါဝင်လျက်ရှိတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုမယ့် မူဝါဒများကိုအလွယ်တကူသိရှိပြီး မူဝါဒများအရ အကျိုးရှိအောင်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါမူဝါဒများကို ဥပဒေတစ်ခုတည်းအောက်မှာပြဋ္ဌာန်းပေးသင့်ကြောင်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနရဲ့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအေဂျင်စီ ဒုတိယညွှန်ကြားရေးမှူး ငုယင်ဟိုအာကောင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**MIDDLE EAST**

## အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ရေနံစိမ်းဈေးများ ထိန်းမနိုင်သိမ်းမရဖြစ်

အီရန်နျူကလီးယားသဘောတူစာချုပ်လို့ခေါ်တဲ့ ဘက်စုံပူးတွဲရှေ့လုပ်ငန်းစဉ် (Joint Comprehensive Plan of Action-JCPOA) မှာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို အီရန်နိုင်ငံက လိုက်နာကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (International Energy Agency-IEA) က ဇန်နဝါရီ ၁၆ ရက်မှာ ကြေညာခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကလည်း အဲဒီကြေညာချက်ကို အတည်ပြုခဲ့ကြောင်း ဒေးလီကော်လာသတင်းမှာ ဖော်ပြပါတယ်။

ဒီကြေညာချက်တွေထွက်ပေါ်ပြီးနောက်ပိုင်း အီရန်နိုင်ငံက တစ်ရက်ကို ရေနံစည် ငါးသိန်းထုတ်လုပ်ရန် စီစဉ်ထားကြောင်း သတင်းများထွက်ပေါ်လာတဲ့အတွက် အနည်ထိုင်ပြီးဖြစ်တဲ့ ဈေးကွက်များအတွင်းရှိ ရေနံဈေးနှုန်းများ ထပ်မံကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဒီလို အခြေအနေတွေကြောင့် အရှေ့အလယ်ပိုင်းရှိ စတော့ဈေးနှုန်းတွေက ဇန်နဝါရီ ၁၇ ရက်မှာ ဖောက်ထိုးကျဆင်းခဲ့ပါတယ်။ ဒူဘိုင်းနိုင်ငံရဲ့ စတော့အညွှန်းကိန်းဖြစ်တဲ့ DFM General Index က ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး ဆော်ဒီအာရေးဘီးယားရဲ့ စတော့အညွှန်းကိန်း Tada- wul All Share Index က ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ငါးနှစ်အတွင်း အနိမ့်ဆုံး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် အီရန်နိုင်ငံရဲ့ စတော့အညွှန်းကိန်းက တစ်ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ကြေညာချက်ကြောင့် ရေနံဈေးကွက်ကို ချက်ချင်းဂယက်ရိုက်ခတ်ခဲ့ပြီး အာရှဈေးကွက်မှာ ဘရင့်ရေနံဈေးနှုန်းက တစ်စည်ကို ၂၇ ဒသမ ၆၇ ဒေါ်လာနှုန်းအထိကျဆင်းပါတယ်။ လန်ဒန်ဈေးကွက်မှာ တစ်စည်ကိုအမေရိကန်ဒေါ်လာ ၂၈ ဒေါ်လာအထိ ကျဆင်းခဲ့ရာ ၁၂ နှစ်အတွင်းအနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

**EAST ASIA**

## တရုတ်စီးပွားရေးအပေါ် စိုးရိမ်မှုများကြောင့် ဂျပန်ကုန်ထုတ်လုပ်သူတို့ စိတ်ဓာတ်ကျဆင်း

တရုတ်နိုင်ငံဦးဆောင်တဲ့ စီးပွားရေးတိုးတက်နှုန်းနှေးကွေးကျဆင်းမှု နဲ့ ဈေးကွက်မငြိမ်မသက်ဖြစ်မှုတို့ အပေါ် စိုးရိမ်မှုက ပို့ကုန်လုပ်ငန်းသမားတွေရဲ့ ယုံကြည်မှုအပေါ် ဂယက်ရိုက်ခတ် ခဲ့တဲ့အတွက် ဇန်နဝါရီမှာ ဂျပန်ကုန်ထုတ်လုပ်သူတွေရဲ့ စိတ်ဓာတ်များ ကျဆင်းနေပြီး လာမယ့်သုံးလအတွင်းမှာလည်း ဆက်လက် ကျဆင်းနေဦးမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။




ဝန်ဆောင်မှုကဏ္ဍမှ စီးပွားရေးအပေါ် ယုံကြည်မှုက တိုးတက်ကောင်းမွန်လာပေမယ့် ပြည်တွင်းဝယ်လိုအားကျဆင်းမှုကြောင့် နောက်ပိုင်းမှာ ပြန်လည်ကျဆင်းလာကြောင်း ဂျပန်ဗဟိုဘဏ်ရဲ့ သုံးလပတ်အလိုက်ကောက်ယူထားတဲ့ ကိန်းဂဏန်း အချက်အလက်များနဲ့ အနီးစပ်ဆုံးတူညီတဲ့ ရိုက်တာတန်ကန်စစ်တမ်းမှာ ဖော်ပြပါတယ်။

"တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုနဲ့ မကြာသေးမီက ယန်းတန်ဖိုးမြင့်တက်မှုတွေက ဆင့်တက်ပြုပြင်မှုလုပ်ငန်းတွေဆောင်ရွက်နေ တဲ့ လုပ်ငန်းတွေရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုကို ကျဆင်းစေခဲ့ပါတယ်"လို့ ဘာကလေဘဏ်လုပ်ငန်းမှ ယူအိဂျီယိုနာရိုင်းက ပြောပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဇန်နဝါရီ ၅ ရက်မှ ၁၅ ရက်အထိ ဂျပန်အသေးစားနဲ့ အကြီးစားကုမ္ပဏီ ၅၁၄ ခုကို စစ်တမ်းကောက်ယူခဲ့ရာ လုပ်ငန်း ၂၇၂ ခုက ပြန်လည်ဖြေကြား ပါတယ်။

**USA**

## ငွေကြေးဖောင်းပွမှုနှုန်းနဲ့ အိမ်ခြံမြေကိန်းဂဏန်းများ နိမ့်ကျတဲ့အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် အခွင့်အလမ်းနည်း

ဓာတ်ဆီဈေးကျဆင်းမှုနဲ့ အခန်းငှားခတွေ အနည်းငယ်သာမြင့်တက်တဲ့အတွက် အမေရိကန်စားသုံးသူဈေးနှုန်းတွေက ဒီဇင်ဘာမှာ မျှော်လင့်မထားလောက်တဲ့အထိ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုနှုန်းက အားနည်းလာတဲ့အတွက် မတ်လအတွင်းမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးမယ့် အလားအလာကိုကျဆင်းစေခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြထားပါတယ်။

ဇန်နဝါရီ ၂၀ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ ကိန်းဂဏန်းတွေအရ ဒီဇင်ဘာလမှာ အိမ်စတင်ဆောက်လုပ်မှုနဲ့ အိမ်ဆောက်လုပ်ခွင့် ရရှိတဲ့အရေအတွက် ကျဆင်းပြီးလက်လီရောင်းချမှု၊ စက်မှုကုန်ထုတ်လုပ်မှု၊ ပို့ကုန်၊ သိုလှောင်ရုံလက်ကျန်တွေနဲ့ ကုန်ထုတ်လုပ်မှု စစ်တမ်းတွေက ၂၀၁၅ ခုနှစ်အကုန်မှာ ထူးထူးခြားခြား ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဇန်နဝါရီ ၂၀ ရက်နေ့မှာ ရေနံဈေးနှုန်းတွေက အနိမ့်ဆုံးအထိကျဆင်းခဲ့တဲ့အတွက် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရည်မှန်းချက်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းအထိရောက်ရှိရေးရည်မှန်းချက်က ဝေးကွာနေဆဲဖြစ်ကြောင်း စီးပွားရေးပညာရှင်တွေက ခန့်မှန်းပါတယ်။

"ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းနေမယ်ဆိုရင်တော့ အမေရိကန်ဗဟိုဘဏ်အတွက် သတင်းကောင်းဖြစ်ဖို့ခဲယဉ်းပါတယ်"လို့ နယူးယောက်အခြေစိုက် TD Securities စီးပွားရေးပညာရှင်အကြီးအကဲ မီလန်မူရိန်းက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

**SOUTH ASIA**

## အိန္ဒိယနိုင်ငံရဲ့ပြည်ပတင်ပို့မှု ဒီဇင်ဘာမှာ ၁၅ ရာခိုင်နှုန်း နီးပါးကျဆင်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလရဲ့ အိန္ဒိယနိုင်ငံရဲ့ ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုကို ယခင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ပါက ၁၄ ဒသမ ၇၅ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၉ ဘီလီယံအထိ ရောက်ရှိခဲ့ရာ ၁၃ လမြောက် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းနဲ့ ယခုလိုကျဆင်းခဲ့ရတဲ့ အကြောင်းအရင်းက တရုတ်စီးပွားရေး ကသောင်းကနင်းဖြစ်မှုနဲ့ ကမ္ဘာ့ဈေးကွက်တွေ နှေးကွေးကျဆင်းမှုတွေက ဝယ်လိုအားကို ကျဆင်းစေခဲ့တဲ့အတွက်ဖြစ်ကြောင်း ဟိန္ဒူဘိဇနက်သတင်းမှာ ဖော်ပြပါတယ်။

ဒီလထဲမှာပြည်ပကနေ အိန္ဒိယနိုင်ငံသို့ တင်သွင်းမှုက ၃ ဒသမ ၈၈ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၆ ဘီလီယံအထိ ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ရွှေတင်သွင်းမှုက သုံးဆမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀ ဘီလီယံအထိ ရောက်ရှိခြင်းနဲ့အတူ ရေနံစိမ်းမဟုတ်တဲ့ တင်သွင်းမှုက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ၇ ဒသမ ၆၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃၀ ဘီလီယံအထိရောက်ရှိခဲ့ပါတယ်။

ဒီဇင်ဘာမှာ အိန္ဒိယနိုင်ငံရဲ့ ပို့ကုန်ကျဆင်းမှုက အဓိက စီးပွားရေးကဏ္ဍများသို့ ပျံ့နှံ့ခဲ့ရာ အင်ဂျင်နီယာဆိုင်ရာ ကုန်ပစ္စည်း၊ ရေနံထုတ်ကုန်များ၊ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ၊ သားရေ၊ ဆန်နဲ့ စားသုံးသီးနှံ၊ ဝါဂွမ်းနဲ့ လက်ရက်ကန်း၊ အသားနဲ့ နို့ထွက်ပစ္စည်းစတဲ့ ကဏ္ဍတွေလည်း ပါဝင်ခဲ့ပါတယ်။

ဒါပေမဲ့ အသင့်ချုပ်ပြီး အဝတ်အထည်၊ လက်မှုပစ္စည်း၊ ကော်ဖီ၊ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်၊ ဆေးဝါးလုပ်ငန်း၊ လက်ဖက်ခြောက်နဲ့ ကော်ဖီစတဲ့လုပ်ငန်းတွေမှာ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅-၁၆ ခု ဘဏ္ဍာနှစ်အတွင်း ဧပြီမှ ဒီဇင်ဘာထိ စုစုပေါင်းပို့ကုန်တင်ပို့မှုက ယခင်ဘဏ္ဍာနှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၈ ဒသမ ၀၆ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၉၆ ဒသမ ၆၀ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းနေရာမှ ပြန်လည်ဦးမော့လာတဲ့အတွက် ထွန်းသစ်စ အာရှငွေကြေးအများစုရဲ့ တန်ဖိုးတွေ ဇန်နဝါရီ ၂၁ ရက်နေ့က ပြန်လည် မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုကို စိုးရိမ်နေရတဲ့အတွက် ရေနံဈေးနှုန်းမြင့်တက်မှုက ရေရှည်တည်တံ့မှာမဟုတ်ဘူးလို့ ယုံကြည်မှုကြောင့် ဒေသတွင်း ငွေကြေးများရဲ့ မြင့်တက်မှုကို အကန့်အသတ်ဖြစ်စေခဲ့ပါတယ်။

ရေနံဈေးနှုန်းတွေ ပြန်လည်ဦးမော့လာမှုကြောင့် ရေနံစိမ်းနဲ့ သဘာဝဓာတ်ငွေ့မှ ဝင်ငွေကျဆင်းမှုအပေါ် စိုးရိမ်မှုတွေ သက်သာရာရသွားတဲ့အတွက် မလေးရှားရင်းဂစ်တန်ဖိုးက ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက အင်ဒိုနီးရှားရူပြားနဲ့ တောင်ကိုရီးယားဝမ်ကို ဝယ်ယူလာကြပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်မှာ ရေနံစိမ်းရောင်းလိုအားကအလွန်အကျွံမြင့်တက်နေတဲ့အတွက် ရေနံဈေးနှုန်းတွေ ကျဆင်းလာမှာကို တွေ့မြင်နေရပါတယ်။ ဒါကြောင့် ထွန်းသစ်စအာရှငွေကြေးတွေ ရေရှည်တန်ဖိုးမြင့်တက်မှာ မဟုတ်ဘူးလို့ ခန့်မှန်းကြပါတယ်။

ဖွံ့ဖြိုးမှုနှုန်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းအလားအလာတွေမှေးမှိန်နေတဲ့အတွက် မတ်လအစည်းအဝေးမှာ ဗဟိုဘဏ်ရဲ့ရပ်တည်ချက်ကို ပြန်လည်သုံးသပ်မှာဖြစ်ကြောင်း ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက ဇန်နဝါရီ ၂၁ ရက်နေ့က ပြောပါတယ်။ သူပြောကြားချက်ကြောင့် လာမည့်လ အနည်းငယ်အတွင်း ငွေကြေးတွန်းအားပေးအစီအစဉ်ချမှတ်တော့မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ခန့်မှန်းပါတယ်။ အလားတူ ဂျပန်ဗဟိုဘဏ်ကလည်း ငွေကြေးမူဝါဒကို လျှော့ချဖို့ အလေးအနက်ထားစဉ်းစားနေကြောင်း နီကေးသတင်းမှာ ဖော်ပြပါတယ်။

### တရုတ်ယွမ်

တရုတ်အာဏာပိုင်တွေက အစီအမံအမျိုးမျိုးကိုချမှတ်ဆောင်ရွက်နေတာကြောင့် တရုတ်ယွမ်ငွေကြေးက တည်ငြိမ်နေပါတယ်။ ဒါပေမယ့် တရုတ်စီးပွားရေး ကျဆင်းနေတဲ့အတွက် ယွမ်ငွေကြေးရဲ့ အလားအလာကို ရင်းနှီးမြှုပ်နှံသူတွေက သံသယဝင်နေဆဲဖြစ်ပါတယ်။

တရုတ်ယွမ်ငွေကြေး တန်ဖိုးက ဇန်နဝါရီ ၁၈ ရက်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာမှ ဇန်နဝါရီ ၂၂ ရက်နေ့မှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာကို ၆ ဒသမ ၆၁၀၂ ယွမ်နှုန်းနဲ့ လေးရက်ဆက်တိုက် တန်ဖိုးအနည်းငယ် ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် သီတင်းပတ်အလိုက်နှိုင်းယှဉ်ရင်တော့ သုည ဒသမ ဝ၈ ရာခိုင်နှုန်း မြင့်တက်နေဆဲ ဖြစ်ပါတယ်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကိုရောင်းချလျက်ရှိတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်မှာ ဇန်နဝါရီလ ၂၂ ရက်က အမေရိကန်ဒေါ်လာတစ်ဒေါ်လာကို ၆၇ ဒသမ ၇၈ ရူပီးနှုန်းသို့ရောက်ရှိကာ ရူပီးတန်ဖိုးက သုည ဒသမ ၂၄ ရူပီးနှုန်းမြင့်တက်ခဲ့ပါတယ်။

စတော့ဈေးကွက် အဖွင့်မှာ ပြည်တွင်းရှယ်ယာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးကို အထောက်အကူဖြစ်ခဲ့ပေမယ့် ပင်လယ်ရပ်ခြားမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။

### ဂျပန်ယန်း

တိုကျိုဈေးကွက်မှာ ဇန်နဝါရီ ၂၁ ရက်နံနက်ပိုင်းမှာ ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၁၇ ဒသမ ၅ ယန်းအောက်မှာရှိနေပါတယ်။ ဒေါ်လာနဲ့ ယန်းငွေ ဖလှယ်နှုန်းက ဇန်နဝါရီ ၂၀ ရက်က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၁၆ ဒသမ ၈၆ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၁၆ ဒသမ ၇၇ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၁၇ ဒသမ ၁၆ ယန်းနှုန်း ထိကျဆင်းခဲ့ပါတယ်။

ယူရိုတန်ဖိုးက ဇန်နဝါရီ ၂၁ ရက်က နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ဝ၈၈၃ ဒေါ်လာနဲ့ ၁၂၇ ဒသမ ၃၃ ယန်းဖြင့် လည်းကောင်း၊ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ဝ၉၄၀ ဒေါ်လာနဲ့ ၁၂၇ ဒသမ ၇၅ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ဝ၈၇၄ ဒေါ်လာနဲ့ ၁၂၇ ဒသမ ၄၁ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ကမ္ဘာ့ရေနံဈေးနှုန်းတွေ ဆက်လက်မြင့်တက်လာတဲ့ အချိန်ကြောင့် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်ငွေကြေးတန်ဖိုးက ဇန်နဝါရီ ၂၂ ရက်မှာ ဆက်လက် မြင့်တက်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒေါ်လာရင်းဂစ်ဖလှယ်နှုန်းက ဇန်နဝါရီ ၂၁ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၃၇၈၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၅ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၄၂၀ ရင်းဂစ်အထိရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ပြည်တွင်းဈေးကွက်မှာ ဒေါ်လာနဲ့ တောင်ကိုရီးယားဝမ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၂၀၀ ဒသမ ၁ ဝမ်နှုန်းရှိတဲ့အတွက် သီတင်းပတ်အတွင်း တိုးတက်မှုနှုန်းက ၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းစတော့ရှယ်ယာတွေကိုဆက်လက်ရောင်းချနေတဲ့အတွက် ယခုနှစ်အတွင်းစွမ်းဆောင်ရည်အဆိုးဆုံးဖြစ်နေတဲ့ ဝမ်ငွေကြေး ဆက်လက်မြင့်တက်မှာကို ကုန်သည်တွေက သံသယရှိနေပါတယ်။

### ထိုင်းဘတ်

အမေရိကန်ဒေါ်လာနဲ့ ထိုင်းဘတ်ငွေဖလှယ်နှုန်းကို ဇန်နဝါရီ ၂၁ ရက်နေ့မှာ နေ့အလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၄၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၆ ဒသမ ၁၀ ဝမ်နှုန်းရှိခဲ့ပါတယ်။ ဝမ်ငွေကြေးတန်ဖိုးက ရက်သတ္တပတ်အတွင်းတိုးတက်မှုနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဂျပန်ဗဟိုဘဏ်က ဒေသတွင်းစီးပွားရေး အခြေအနေများကို ပြန်လည်သုံးသပ်

ဂျပန်နိုင်ငံရှိဒေသကြီးကိုးခုအနက်ခုနစ်ခုရဲ့ အောက်တိုဘာမှ ယနေ့အထိ အခြေအနေများကို ဂျပန်ဗဟိုဘဏ်က ဇန်နဝါရီ ၁၈ ရက်က ပြန်လည်သုံးသပ်ခဲ့ရာ မော်တော်ကား ထုတ်လုပ်မှုနဲ့ အလုပ်အကိုင်ရရှိမှုအခြေအနေများကောင်းမွန်တဲ့ ဂျပန်နိုင်ငံအလယ်ပိုင်းရှိ တိုကိုင်းနယ်မြေရဲ့ ဖွံ့ဖြိုးမှုအခြေအနေကို တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း marketpulse ဝက်ဘ် ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

တိုယိုတာမော်တာကုမ္ပဏီအခြေစိုက်ရာ တိုကိုင်းဒေသရဲ့ စီးပွားရေးအခြေအနေမှာ အလယ်အလတ်နှုန်းဖြင့် တိုးတက်မှုရှိခဲ့ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။ တိုကိုင်းဒေသရဲ့ စီးပွားရေးအခြေအနေတိုးတက်မှုရှိခဲ့တာက ၂၀ဝ၈ ခုနှစ်ဧပြီနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဂျပန်ဗဟိုဘဏ်အရာရှိတစ်ဦးက ပြောပါတယ်။

ဒါပေမယ့် တရုတ်နိုင်ငံစီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် ထုတ်လုပ်ရေးလုပ်ငန်းတွေတန့်နေတဲ့ အိုဆာကာဝန်းကျင်ရှိ ကင်ကီဒေသရဲ့ စီးပွားရေးအခြေအနေကကျဆင်းနေကြောင်း သုံးသပ်ထားပါတယ်။ ကင်ကီဒေသအပြင် ဟိုကိုင်းဒိုးနဲ့ တိုဟိုကူဒေသတွေရဲ့ ထုတ်လုပ်မှုကလည်း ကျဆင်းနေကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

ဒေသကြီးကိုးခုအနက် ရှစ်ခုရဲ့ စီးပွားရေးအခြေအနေတွေက အနည်းငယ်နာလန်ထူစပြုနေရာမှာ ဆက်လက်ပြီးနာလန်ထူလာလိမ့်မယ်လို့ ဆိုပါတယ်။

## တရုတ်နိုင်ငံက စီးပွားရေးတွန်းအားပေးအစီအစဉ် ဆောင်ရွက်မယ့် အလားအလာကြောင့် ကမ္ဘာ့စတော့ဈေးကွက် မြင့်တက်

တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၂၅ နှစ်အတွင်း အနိမ့်ဆုံးထိ ကျဆင်းခဲ့တဲ့အတွက် တရုတ်စီးပွားရေးကိုပြန်လည်မြှင့်တင်ဖို့အတွက် အစိုးရက စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်ကို ထပ်မံဆောင်ရွက်လိမ့်မယ်လို့ အများကခန့်မှန်းထားကြတာကြောင့် ဇန်နဝါရီ ၁၉ ရက်မှာ ကမ္ဘာ့စတော့ဈေးကွက်တွေမြင့်တက်လာခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။


တရားဝင်ထုတ်ပြန်ထားတဲ့စာရင်းတွေအရ တရုတ်နိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ) က ၂၀၁၅ ခုနှစ်မှာ ၆ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဖွံ့ဖြိုးမှုအနိမ့်ဆုံး ဖြစ်ခဲ့ပါတယ်။

တရုတ်စီးပွားရေးစတင်ဖွံ့ဖြိုးလာတော့မယ်လို့ ရှယ်ယာဝယ်ရောင်းသမားတွေက ယုံကြည်ကြတဲ့အတွက် အာရှအီကွီတီရှယ်ယာဈေးတွေ မြင့်တက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံဝယ်လိုအား မြင့်တက်လာတော့မယ်လို့ မျှော်လင့်ထားကြတဲ့အတွက် သတ္တုတူးဖော်ရေးလုပ်ငန်းတွေရဲ့ စတော့ရှယ်ယာတွေမြင့်တက်ခဲ့ပါတယ်။ ဖရန့်ဖတ်၊ လန်ဒန်နဲ့ ပဲရစ်စတဲ့ စတော့ဈေးကွက်တွေမှာ နှစ်ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တဲ့အတွက် ကနဦးမှာဥရောပစတော့ ဈေးကွက်တွေ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ရှယ်ယာဈေးတွေ ပြန်လည်ကျဆင်းခဲ့ပါတယ်။

ကမ္ဘာ့ရေနံစိမ်းဈေးကွက်ကလည်း တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၀ အထိ ပြန်လည်ဦးမော့လာခဲ့ပါတယ်။ ဒါပေမယ့်ရောင်းလိုအား မြင့်မားလာတဲ့အတွက် ဈေးတန့်သွားရာမှတစ်ဆင့် တစ်စည်ကို အမေရိကန်ဒေါ်လာ ၂၉ အထိပြန်လည် ကျဆင်းခဲ့ပါတယ်။

# Avatar 2 စတင်ဖြန့်ချိမယ့်ရက် ထပ်မံရွှေ့ဆိုင်း




20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိမယ့် Avatar 2 ရုပ်ရှင်ဇာတ်ကား စတင်ဖြန့်ချိမယ့်ရက်ကို ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံရွှေ့ဆိုင်းလိုက်တယ်လို့ ဆိုပါတယ်။

သရုပ်ဆောင် ဆမ်ဝါ့သင်တန် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ Avatar ဇာတ်ကားဟာ ၂၀၀၉ ခုနှစ်က ဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့ပါတယ်။ ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းရိုက်ကူးခဲ့တဲ့ အဲဒီ Avatar ဇာတ်ကားဟာ ၂၀၀၉ ခုနှစ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၈၈ ဘီလီယံအထိ ရရှိခဲ့တဲ့အတွက် ဝင်ငွေအကောင်းဆုံးဇာတ်ကားတစ်ကားဖြစ်ခဲ့ပါတယ်။

အဲဒီဇာတ်ကားကို ရိုက်ကူးခဲ့စဉ်က ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ၂၃၇ သန်းသာရှိခဲ့တာကြောင့် အမြတ်အစွန်း အများဆုံးရရှိခဲ့တဲ့ကားတစ်ကားလည်းဖြစ်ခဲ့ပါတယ်။

ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းဟာ အဲဒီဇာတ်ကားကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက် (ခရစ်စမတ်နေ့)မှာ တစ်ကမ္ဘာလုံးကို ဖြန့်ချိပြသဖို့ စီစဉ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကို ပထမတစ်ကြိမ်ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီဇာတ်ကားမှာ လုပ်ဆောင်စရာ အချက်သုံးချက်ရှိနေသေးတာကြောင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်ရောက်မှသာ ဖြန့်ချိပြသမယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီလို ရက်ရွှေ့လိုက်တဲ့အတွက် Fox ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဂျင်မ်ဂျီနိုပေါ့လ်စ်က "ဂျိမ်းစ်ကင်မရွန်းဟာ ဒီဇာတ်ကားကို သူပိုင်တဲ့ဇာတ်ကားလိုမျိုးလုပ်နေတာပဲ" လို့ ဝေဖန်ပြောကြားခဲ့ပါတယ်။ ဂျင်မ်အနေနဲ့ Avatar 3 နဲ့ Avatar 4 တို့ကိုပါ ဆက်လက်ရိုက်ကူးနေချင်တာကြောင့် ဒီဇာတ်ကားကို စောနိုင်သမျှ စောစော ဖြန့်ချိပြသချင်နေတာဖြစ်ပါတယ်။

## ဂျိမ်းစ်ဘွန်းဇာတ်ကားမှာ အသုံးပြုခဲ့တဲ့ ဇိမ်ခံကားများကို လေလံတင်ရောင်းချ၍ လူမှုရေးလုပ်ငန်းများမှာ အသုံးပြုသွားမယ်

ကမ္ဘာတစ်လွှား လူကြိုက်များခဲ့တဲ့ ဂျိမ်းစ်ဘွန်း ဇာတ်ကားတွေမှာ အသုံးပြုခဲ့တဲ့ ဇိမ်ခံကားတွေကို လေလံတင်ရောင်းချပြီး လူမှုရေးလုပ်ငန်းများမှာ အသုံးပြုသွားမယ်လို့ အဲဒီဇိမ်ခံကားတွေကို ထုတ်လုပ်ခဲ့တဲ့ အက်ရှ်တန်မာတင်ဇိမ်ခံကား ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဲဒီဇိမ်ခံကားတွေကို လာမယ့် ဖေဖော်ဝါရီလ ၁၈ ရက်မှာ လေလံတင် ရောင်းချမှာဖြစ်ပြီး လေလံတင်ပွဲရဲ့ ကြမ်းခင်းဈေးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းနဲ့ ၂ ဒသမ ၃သန်းကြားမှာ ရှိမယ်လို့ ဆိုပါတယ်။

အဲဒီဇိမ်ခံကားတွေကို အက်ရှ်တန်မာတင် ကားထုတ်လုပ်ရေးကုမ္ပဏီက ဂျိမ်းစ်ဘွန်းရဲ့ စပိုင်ဇာတ်လမ်းတွဲတွေအတွက်ဒီဇိုင်းဆွဲပြီး အထူးထုတ်လုပ်ပေးခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

အက်ရှ်တန်မာတင် ကားထုတ်လုပ်ရေးကုမ္ပဏီက ဒီဇိုင်းဆွဲပြီး ထုတ်လုပ်ထားတဲ့ကားတွေအနက် DB 10 အမျိုးအစားတစ်ခုကိုသာ ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားတွေကို နှစ်သက်တဲ့ ပရိသတ်တွေထဲကို ချပြပေးပြီး လေလံတင်ရောင်းချမှာဖြစ်ပါတယ်။

လေလံတင်ပွဲကို အင်္ဂလန်မှာရှိတဲ့ Christie လေလံအဆောက်အအုံမှာ လေလံတင်ရောင်းချမှာ ဖြစ်ပါတယ်။

အဲဒီလေလံတင်ပွဲမှာ DB 10ဇိမ်ခံကားနဲ့အတူ ဂျိမ်းစ်ဘွန်းဝတ်ဆင်တဲ့ အိုမီဂါနာရီနဲ့ တွမ်ဖို့ဒ်ရဲ့ ရှပ်အင်္ကျီလက်ကြယ်သီးကိုပါ လေလံတင်ရောင်းချမှာ ဖြစ်ပါတယ်။

လေလံတင် ရောင်းချခြင်းမှရရှိတဲ့ ငွေတွေအားလုံးကို နယ်စည်းမခြား ဆရာဝန်များအဖွဲ့နဲ့(Medecins sans Frontieres) ကုလသမဂ္ဂမိုင်းရှင်းလင်းရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့တို့ကို လှူဒါန်းသွားမှာဖြစ်ပါတယ်။

အက်ရှ်တန်မာတင် ကားထုတ်လုပ်ရေးကုမ္ပဏီဟာ ဇိမ်ခံကားတွေကိုသာ ထုတ်လုပ်နေတဲ့ကုမ္ပဏီတစ်ခုဖြစ်ပြီး ၁၉၁၃ ခုနှစ်ကတည်းက ကားထုတ်လုပ်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။







# THK Thiha Kyaw

## Export Import Trading Co.,Ltd.





*Thiha Kyaw Export Import Trading Co.,Ltd.* မှ
မိတ်ဟောင်းမိတ်သစ်များကို ချိုသာသောဈေးနှုန်းများဖြင့်
မှာယူတင်သွင်းဖြန့်ချိပေးနေပြီဖြစ်ကြောင်း ရိုသေလေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

No. 185/193, 5 Floor, Bo Aung Kyaw Street, Kyauktada Tsp. Yangon.
Te : 01 387352, 09 5050 700, 09 4500 45330, 09 4200 24789. Email : thihakyawthu1@gmail.com

# YAUNG NI OO

## Car Rental & Limousine Services



လချုပ်၊ နှစ်ချုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းချင်ပါသလား ?
ခရီးတို၊ ခရီးရှည်များကို စိတ်အေးချမ်းသာစွာဖြင့် သွားရန်စဉ်းစားနေပါသလား ?

" Yaung Ni Oo Rental Services " မှ Toyota Alphard ၊ Saloon ကားမျိုးစုံ ၊
U-vane ၁၄ယောက်စီး ၊ ၁၇ ယောက်စီးကားများဖြင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနေပါသည်။

"Limousine Service " ကိုလည်း Lexus Saloon ၊ Toyota Celcisor Saloon ဇိမ်ခံကားများဖြင့်
ဝန်ဆောင်မှု စတင်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

Contact us 09 3355883
09 787154667



အမှတ် ၆၂၁ ၊ ရှိုးမရိပ်သာလမ်း၊ မာလာမှတ်တိုင်အနီး ၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး ။

ရောင်နီဦး TAXI မောင်းနင်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

COMMERCE
INTERNATIONAL

## ထိုင်းနိုင်ငံမှာ ဇီကာဗိုင်းရပ်စ်ပိုး ဖြစ်ပွားပြီးနောက် တရုတ် (တိုင်ပေ)က အာဆီယံ ငါးနိုင်ငံအတွက် ခရီးသွားသတိပေးချက် ထုတ်ပြန်

ထိုင်းနိုင်ငံမြောက်ပိုင်းမှ လူတစ်ယောက်ကို တရုတ် (တိုင်ပေ)တွင် ဆေးရုံတင်ခဲ့ရာအဆိုပါလူနာမှာ ခြင်ကြောင့် ဖြစ်ပွားတဲ့ ဇီကာရောဂါကို ခံစားနေရကြောင်း အတည်ပြုပြီးနောက် တရုတ် (တိုင်ပေ)က ထိုင်းနိုင်ငံအပါအဝင် အာဆီယံ ငါးနိုင်ငံသို့ ခရီးသွားလာမှုသတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ဒီလိုထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ထိုင်းနိုင်ငံမှာ ကပ်ရောဂါ ဖြစ်ပွားမလားဆိုတဲ့ စိုးရိမ်မှုတွေပျံ့နှံ့လာခဲ့ပါတယ်။ ရောဂါထိန်းချုပ်ရေးဌာန (Department of Disease Control) က တစ်နိုင်ငံလုံးမှာ ခြင်အန္တရာယ်စောင့်ကြည့်လေ့လာရေးနဲ့ ကာကွယ်ရေးလှုပ်ရှားမှု ဆောင်ရွက်ခဲ့ပါတယ်။

ဇီကာဗိုင်းရပ်စ်ပိုးကြောင့် မွေးစကလေးတွေမှာ မွေးရာပါ ဦးနှောက်ချို့ယွင်းမှုကိုဖြစ်စေနိုင်တယ် လို့ယုံကြည်ထားပါတယ်။ ဇန်နဝါရီ ၁၉ ရက်မှာ တရုတ်(တိုင်ပေ) ရောဂါထိန်းချုပ်ရေးစင်တာက ဇီကာဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်က တရုတ်(တိုင်ပေ) မှာ ပထမဆုံးကြေညာချက်ဖြစ်ပါတယ်။

အဆိုပါ အမျိုးသားက တရုတ် (တိုင်ပေ) ကို အလုပ်လုပ်ဖို့လာတဲ့သူဖြစ်ပြီး တာအိုယွမ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အရောက် ကျန်းမာရေးစစ်ဆေးစဉ်မှာ ဖော်ထုတ်တွေ့ရှိရတာ ဖြစ်ပါတယ်။ သူ့မှာဇီကာရောဂါဖြစ်ပွားနေပြီဖြစ်ကြောင်း တရုတ် (တိုင်ပေ) ရောဂါထိန်းချုပ်ရေးစင်တာ ဓာတ်ခွဲခန်းမှာ ထပ်မံစစ်ဆေးပြီးနောက် အတည်ပြုပြောကြားခဲ့ပါတယ်။

အဆိုပါလူနာက အသက် ၂၄ နှစ်အရွယ် ထိုင်းအမျိုးသား တစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်းမှာနေထိုင်သူ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၀ ရက်က တရုတ် (တိုင်ပေ) လေဆိပ်သို့ရောက်တဲ့ အချိန်မှာ ရောဂါရှာဖွေစစ်ဆေးရေးအရာရှိက အဖျားရောဂါစစ်ဆေးရေးဌာနမှာ သူ့ကိုထိန်းသိမ်းထားရှိခဲ့ပါတယ်။

ပြဿနာဖြစ်ပွားပြီးနောက်ပိုင်းမှာ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဖိလစ်ပိုင်စတဲ့ အာဆီယံငါးနိုင်ငံနဲ့အတူ မော်လ်ဒိုက်နိုင်ငံတို့ကို ခရီးသွားလာရာမှာ သတိထားကြဖို့ တရုတ် (တိုင်ပေ) ရောဂါထိန်းချုပ်ရေးစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။

# အေအိုင်အိုင်ဘီဘဏ်က အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ထုတ်ချေးမည့် စီမံကိန်းများကို ဇွန်လတွင်ကြေညာမည်



တရုတ်နိုင်ငံဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (Asian Infrastructure Investment Bank-AIIB) ဘဏ်က ၂၀၁၆ ခုနှစ်မှာ အနည်းဆုံး အမေရိကန်ဒေါ်လာနှစ်ဘီလီယံကို ထုတ်ချေးမည်ဖြစ်ကြောင်းနဲ့ ပထမအသုတ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဇွန်လမှာ ကြေညာမှာဖြစ်ကြောင်း ဘဏ်ဥက္ကဋ္ဌ ဂျင်လီကွမ်းရဲ့ ပြောကြားချက်ကို ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။

အေအိုင်အိုင်ဘီက အမေရိကန်ဒေါ်လာသန်း ၃၀၀ မှ ၅၀၀ တန်ဖိုးရှိ ဘွန်းစာချုပ်များကို ဧပြီ သို့မဟုတ် မေလမှာ စတင်ရောင်းချသွားမယ်လို့လည်း ဇန်နဝါရီ ၂၂ ရက်မှာ ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မှာ ကျင်းပနေတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည် အစည်းအဝေးရဲ့ အလွတ်သဘော တွေ့ဆုံမေးမြန်းခန်းမှာ ဂျင်က ပြောကြားပါတယ်။

အေအိုင်အိုင်ဘီဘဏ် စတင်ထူထောင်ခဲ့တဲ့ အဖွဲ့ဝင် ၅၇ နိုင်ငံ ရှိခဲ့ရာမှ အဖွဲ့ဝင် ၁၀၀ အထိ တိုးမြှင့်သွားရန် ရည်မှန်းထားရာ ဘဏ်အဖွဲ့ဝင်အဖြစ်ပါဝင်ရန် စောင့်ဆိုင်းနေကြတဲ့ နိုင်ငံပေါင်း ၃၀ မှ ၄၀ အထိရှိကြောင်း ဘလွမ်းဘတ်ရုပ်သံတွေ့ဆုံမေးမြန်းခန်းမှာ ဂျင်ကပြောပါတယ်။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဖို့ အဆင်သင့်မဖြစ်သေးရင် အလောတကြီး ဆောင်ရွက်ဖို့ မသင့်ကြောင်းလည်း သူကပြောပါတယ်။

မစ္စတာဂျင်က ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) မှာ တရုတ်နိုင်ငံရဲ့ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်သလို တရုတ်နိုင်ငံငွေကြေးမူဝါဒကော်မတီဝင်ဟောင်းနဲ့ တရုတ်အစိုးရ ဥစ္စာစန ရန်ပုံငွေအဖွဲ့ရဲ့ ဥက္ကဋ္ဌဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ အေအိုင်အိုင်ဘီတရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ပေကျင်းမှာ ကျင်းပခဲ့ပါတယ်။ အေအိုင်အိုင်ဘီဘဏ်မှာ အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ပါဝင်ခြင်း မရှိခဲ့ပါဘူး။

ခုနစ်လအတွင်း ဒုတိယအကြိမ် ကျဆင်းခဲ့တဲ့ တရုတ်စတော့ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဖြစ်အောင် ဆောင်ရွက်သွားဖို့လိုကြောင်း ဂျင်က ပြောပါတယ်။ တရုတ်နိုင်ငံက နှစ်ပေါင်း ၃၅ နှစ်ကြာ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးခဲ့ပြီးနောက် ဖွံ့ဖြိုးတိုးတက်မှု အဆင့်သစ်ကို တက်လှမ်းလျက်ရှိရာ ဒီစိန်ခေါ်မှုအသစ်ကို ဖြေရှင်းရမှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

အမေရိကန်ပြည်ထောင်စု စီးပွားရေးကလည်း "အရှိန်ယူလျက်" ရှိနေကြောင်းနဲ့ ခုနစ်နှစ်ခန့် အတိုးနှုန်းကို သုညရာခိုင်နှုန်းဖြင့် ထိန်းထားခဲ့ပြီးနောက် အမေရိကန်ဗဟိုဘဏ်က ဒီဇင်ဘာလအတွင်း အတိုးနှုန်း မြှင့်တင်ပေးခဲ့ခြင်းမှာ မမှားကြောင်း ဂျင်ကပြောပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 25th January 2016

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။